စိတ်ကုထုံးဆိုင်ရာအနုပညာ

# ဗုဒ္ဓ၏
# ကမ္ဘာ့ပထမစိတ်ဖြေပုံကျမ်း
# နှင့်
# သိမှတ်ဖွယ်ရာ အဖြာဖြာ

ဆရာတော်ဦးသီလာစာရ



ဒုတိယအကြိမ်

ဗုဒ္ဓပါဠိကမ္ဘာ့ပထဝီမြေပုံကျမ်းနှင့်သိမှတ်ဖွယ်ရာအဖြာဖြာ၊ ဆရာတော်ဦးသီလာစာရ
မျက်နှာဖုံးပန်းချီ - ကျော်မြစ်
စာမျက်နှာ ၁၀၄ မျက်နှာ ၁၄ × ၂၂ စင်တီ × ၂၃ စင်တီမီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅ ၁၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၉၊ မဟိုဓိလမ်း၊ ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၃ သုဓမ္မဝတီစာပုံနှိပ်တိုက်၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၂၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချိုချိုစာအုပ်

# ဗုဒ္ဓဝါဒီ
# ကမ္ဘာ့ပထဝီမြေပုံကျမ်းနှင့်
# သိမှတ်ဖွယ်ရာအဖြာဖြာ

ပျော်ဘွယ်မြို့၊ ကန်မြင့်တောရကျောင်းတိုက်

## ဆရာတော်ဦးသီလာစာရ

ကျမ်းပြုဆရာတော်၏တပည့်
အရှင်ရေဝတရံသီ(ပျော်ဘွယ်)
တည်းဖြတ်ပြင်ဆင်ခဲ့သည်။

ဒုတိယအကြိမ်၊ ၂၀၁၈



# မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | က |
| – | အရှင်ရေဝတရဲ့သီ၏ မှာကြားတိုက်တွန်းလွှာ | င |
| ၁။ | ပဏာမ ပဋိညာဉ် | ၁ |
| ၂။ | ကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း | ၁ |
| ၃။ | တစ်နည်း ကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း | ၄ |
| ၄။ | တစ်နည်း ကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း | ၅ |
| ၅။ | တစ်နည်း ကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း | ၉ |
| ၆။ | ကမ္ဘာကြီးအပြားသည် ရေထုကြီး၌တည်နေပုံ | ၁၂ |
| ၇။ | ကမ္ဘာမြေထုကြီးက မသွားမလည်<br>နေက သွားလည်ပုံအကြောင်း | ၁၃ |
| ၈။ | ၁၃၂၂ ခု၊ တော်သလင်းလဆုတ် ၃ ရက်နေ့ထုတ်<br>ပြည်သူ့အိုးဝေသတင်းစာ၌ သိကောင်းစရာ ဤကမ္ဘာ | ၁၅ |

၉။ ကမ္ဘာမြေကြီးလည်၍, နေမွန်းတည့်ရောင်ခြည်သည်
အီကွေတာပေါ်သို့ကျရောက်ခြင်းကြောင့်လည်းကောင်း၊
ဝင်ရိုးတိမ်းစောင်းခြင်းကြောင့်လည်းကောင်း၊
ဥတုဖြစ်လာသည်၊ နေ့ညဥ့် တူ–မတူဖြစ်လာသည်ဟု
ယူဆကြခြင်းကို စိစစ်၍ ပြပုံအကြောင်း ၁၆
၁၀။ နေသွား အလွန်လျင်မြန်ပုံအကြောင်း ၁၇
၁၁။ သုံးကျွန်းလင်းမိုက် တစ်ကျွန်းမိုက်ဟု
ယူဆခြင်းကို စိစစ်၍ ပြပုံအကြောင်း ၁၈
၁၂။ ပါဠိတော်နှင့် အဋ္ဌကထာတို့ အလိုအားဖြင့်
သုံးကျွန်းလင်း၍ သုံးကျွန်းမိုက်ရမည့်အကြောင်း ၁၉
၁၃။ တောင်ကျွန်းနှင့် ကျွန်းသုံးကျွန်း ညီမျှပုံအကြောင်း ၂၂
၁၄။ သုံးကျွန်းလင်းမိုက် သုံးကျွန်းမိုက်အကြောင်း ၂၄
၁၅။ နေ အမြင့်အနိမ့် သွားရာ၌
လင်းပုံနှင့် အမိုက်မှောင်ဖြစ်ပုံအကြောင်း ၂၉
၁၆။ တောင်ကျွန်း အရှေ့ညဥ့် အနောက်နေ့ဖြစ်ရာ၌
နေ့–ညဥ့်တူမတူ ဖြစ်ပုံအကြောင်း ၃၄
၁၇။ နေသည် ဗဟိုလမ်းသွားရာ၌ အရပ်လေးမျက်နှာ
ထွန်းလင်းပုံတူမျှ၍ နေသည် တိမ်းစောင်း၍သွားရာ၌
အရှေ့ဘက်အနောက်ဘက်တို့၌ ထွန်းလင်းပုံနှင့်
တောင်ဘက်နှင့် မြောက်ဘက်တို့၌ ထွန်းလင်းပုံတို့
မတူညီသောအကြောင်း ၃၅
၁၈။ မြောက်ဘက်နေလင်းလျှင် တောင်ဘက်မိုက်၍
တောင်ဘက်နေလင်းလျှင် မြောက်ဘက်မိုက်ပုံအကြောင်း ၃၈
၁၉။ တစ်စတစ်စလင်း၍ တစ်စတစ်စမိုက်သဖြင့်
အလွန်ဆုံး (၆) လလင်း၍ အလွန်ဆုံး (၆) လမိုက်ရာ၌
အထူးမှတ်သားရမည့်အကြောင်း ၃၉

၂၀။ တောင်ဘက်တဖြည်းဖြည်းမိုက်၍ မြောက်ဘက်တဖြည်းဖြည်း
လင်းပုံနှင့် မြောက်ဘက်တဖြည်းဖြည်းမိုက်၍
တောင်ဘက်တဖြည်းဖြည်း လင်းပုံ ၄၄
၂၁။ နေသွား ၁၂-ရာသီပုံနှင့် မည်သည့်လ၌ နေသည်တက်၍သွားပုံ
မည်သည့်လ၌ နေသည် ဆင်း၍သွားပုံ၊ မည်သည့်လ၌
နေ၏အောက်ဘက် အရှေ့ဘက် အနောက်ဘက်၌ နာရီပေါင်း
မည်မျှလင်းပုံ မိုက်ပုံတို့အကြောင်း ၄၆
၂၂။ ကမ္ဘာမြေကြီး အပြားဖြစ်ရာ ကမ္ဘာတစ်ခုလုံးမှ တစ်ပြိုင်နက်
စတာင်မမြင်ရပုံအကြောင်း ၅၂
၂၃။ နေရောင် အဝိုင်းလင်းပုံ ခပ်ကျွေးကျွေးလင်းပုံအကြောင်း ၅၃
၂၄။ နေသွားလမ်းနှင့်တကွ တစ်မျက်နှာ တစ်မျက်နှာ၌
ကိုးသိန်း ကိုးသိန်း နေထွန်းလင်းပုံကို အဋ္ဌကထာဆရာ
မိန့်သည့်အတိုင်း ရှင်းလင်းပြဆိုပုံအကြောင်း ၅၅
၂၅။ နေသွားသည်ဟု ယူသော အယူဝါဒနှင့်
နေမသွားဟုယူသော အယူဝါဒတို့ကို စိစစ်၍ပြပုံအကြောင်း ၅၇
၂၆။ နေမသွားဟုယူသော ဆရာတို့ တွက်ချက်နည်းမှန်သော်လည်း
စင်စစ် နေသွားပုံအကြောင်း ၅၉
၂၇။ အဝေးကြည့်မှန်ပြောင်းဖြင့် နေကို ကြည့်ရာ၌
မှန်ကန်သည့်နည်းကိုမရနိုင်ကြောင်း ၆၀
၂၈။ နေထွန်းလင်းပုံနှင့် အပူရှိန်မျှတနေပုံ၊
အပူရှိန် ပိုလွန်နေပုံ၊ အပူရှိန် အားနည်းနေပုံအကြောင်း ၆၂
၂၉။ လောကဓာတ်ဆရာတို့ ယခုအခါ ဇမ္ဗူဒီပါတောင်ကျွန်း
အဆုံးတိုင်အောင် မသွားနိုင်ပုံကို ပြသောအကြောင်း ၆၄
၃၀။ စကြဝဠာတောင်သည် တောင်ဝိုင်းဖြစ်ပုံအကြောင်း ၆၆
၃၁။ မှတ်သားဖွယ် ယူဇနာ (၃) မျိုးနှင့်
ဤနေရာ၌ယူရမည့် ယူဇနာကို ပြဆိုချက် ၆၈

၃၂။ စက်ယန္တရားများကို အသုံးမပြုသင့်ရာ၌
အသုံးပြုကြမှု ဆင်းရဲဒုက္ခရောက်တတ်ပုံအကြောင်း ၇၁
၃၃။ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော
အကုသိုလ်တရား အဓိပ္ပာယ်ထူး ပြပုံအကြောင်း ၇၄
၃၄။ ယခု လောကဓာတ်ဆရာတို့ တွေ့ထားသော
ကမ္ဘာမြေ၌ တည်ကြကုန်သော တိုင်း၊ နိုင်ငံ၊ မြို့တို့တွင်
တစ်မြို့နှင့်တစ်မြို့ နာရီခြားနားပုံကို ပြခြင်းအကြောင်း ၇၆
၃၅။ ငရဲကြီး (၈) ဘုံအကြောင်း ၈၂
၃၆။ ငရဲငယ် အကြောင်း ၈၅
၃၇။ ငရဲသူ၊ ငရဲသားတို့ ဆင်းရဲဒုက္ခ အမျိုးမျိုး ခံစားရပုံအကြောင်း ၈၆
၃၈။ ငရဲထိန်း စသည်တို့ ဆင်းရဲဒုက္ခခံစားရပုံအကြောင်း ၉၂
၃၉။ ငရဲကြီး (၈) ဘုံနှင့် ငရဲငယ်ဘုံတို့ကို ပုံဆွဲ၍ ပြပုံအကြောင်း ၉၃
၄၀။ ရေးခဲ့ပြီးသောငရဲငယ်ဘုံမှ
တစ်ပါးသောငရဲငယ်ဘုံတွေရှိပုံအကြောင်း ၁၀၁
၄၁။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတို့အကြောင်း ၁၀၁
၄၂။ လူ့ဘုံအကြောင်း ၁၀၁
၄၃။ စတုမဟာရာဇ်၊ တာဝတိံသာ၊ နတ်ဘုံတို့အကြောင်း ၁၀၃
၄၄။ ကောင်းကင်၌ တည်ရှိကုန်သော ဘုံဌာနတို့အကြောင်း ၁၀၄
၄၅။ မဂ္ဂင်ရှစ်သွယ် မှတ်သားဖွယ် ၁၂၃
၄၆။ နိဂုံးနှင့် ပတ္ထနာ ၁၄၆

❖

# နိဒါန်း

**ရည်ရွယ်သည့်မှာ ဤသို့ပါ။** ဤ "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီမြေပုံကျမ်း" ကို ရေးသားပြုစု ဖြန့်ချိရခြင်း၏ အကြောင်းအရင်းမှာ– ယခုခေတ်တွင် ပြောဆို ရေးသားနေကြသည့် "ကမ္ဘာမြေကြီးက အလုံးဖြစ်ပြီး နေ့ကို ကမ္ဘာလုံးက လည်ပတ်သည်၊ နေ့က မသွားမလည်ဟု ယူဆကြသော အယူဝါဒ"က တစ်မျိုး "ကမ္ဘာမြေကြီးက အပြားဖြစ်ပြီး ကမ္ဘာမြေအပြားကြီးကမလည်မပတ် နေကသာ လည်ပတ်၍ သွားသည်ဟု လောကတွင် အတုမရှိ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့်အတိုင်း ယူကြသော အယူဝါဒက တစ်မျိုးဟူ၍ နှစ်မျိုးရှိ၏။ အဆိုပါ အယူဝါဒနှစ်မျိုးတို့တွင် မည်သည့်အယူဝါဒက သင့်မြတ်မှန်ကန်သည်ဟု ကမ္ဘာသူ,ကမ္ဘာသားတို့၏ ဉာဏ်မျက်စိဖြင့် ချိန်ထိုး၍ ပြတ်ပြတ်သားသား ဆုံးဖြတ်ယူနိုင်ကြရန် အတွက်ဖြစ်ပါသည်။

**ခေတ်နှင့်အညီ ရေးသင့်ပြီ။** ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော "ပထဝီ ပညာ" သည် ကမ္ဘာသူ၊ ကမ္ဘာသားတို့ ဉာဏ်ဝဥ္စ ခေတ်မီသော လောကဓာတ်ပညာတစ်ရပ်အနေဖြင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖြစ်နေရသည်။ ယခုလို ဖြစ်နေရခြင်းသည် ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့

သော "ပထဝီ ပညာ" အတွက် ခေတ်နှင့်အညီ ခေတ်မီအောင် ရေးသားပြုစုသော "ပထဝီ ကျမ်းစာအုပ်" က နည်းပါးနေခြင်းကြောင့် ဖြစ်ရသည်။

**တန်ဖိုးထားပါကိုယ်ဘာသာ။** ယခုလို ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသော "ပထဝီ ပညာ" ကို ခေတ်နှင့်အညီ ခေတ်မီအောင် ရေးသားပြုစုသည့် "ပထဝီကျမ်းစာအုပ်" နည်းပါးနေခြင်း၏ အကြောင်းရင်းမှာ–ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း "ပထဝီကျမ်းစာအုပ်" အတွက် ခေတ်နှင့်အညီ ခေတ်မီအောင် ရေးသားပြုစုရန် စိတ်မကူးသည့်အပြင် ဘာသာခြားအယူဝါဒကို လက်ခံပြောကြားနိုင်ပါက မိမိကိုယ်ကို ခေတ်မီသည်ဟု စိတ်ကြီးဝင် အထင်ကြီးခြင်း၊ ဗုဒ္ဓစာပေများကို တန်ဖိုးမထားဘဲ ဘာသာခြားစာပေများကိုသာ လိုသည်ထက် လွန်ကဲပြီး တန်ဖိုးထားခြင်းစသောဗုဒ္ဓဘာသာအမည်ခံ ပုဂ္ဂိုလ်အချို့၏ ချို့ယွင်းချက်ကြောင့်ဖြစ်သည်ဟုဆိုက မှားမည်မထင်ပါ။ "အမေကျော်ခွေးတော်လွှမ်း" နေသလို ဖြစ်နေသည့်အတွက် တွေးကြည့်ပါက ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များအဖို့ အလွန့်အလွန်ရှက်စရာ ကောင်းပေသည်။

**ဗုဒ္ဓစာမှာ နည်းယူပါ။** ဤကျမ်းပြုဆရာတော် ဆိုလိုရင်းမှာ....ဘာသာခြားစာပေများကို သင်ယူလေ့လာခြင်း လုံးဝမပြုရဟု မပြောလိုပါ။ အပြစ်ကင်းသည့် ဘယ်ပညာမျိုးကိုမဆို သင်ယူဖို့သင့်ပါသည်။ အကျင့်စာရိတ္တ,ယဉ်ကျေးမှုမှအစ နည်းယူမှတ်သားစရာ,လိုက်နာ ကျင့်သုံးစရာ စသည်များစွာပါရှိသော ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော "ဗုဒ္ဓစာပေ" များကို လျစ်လျူရှုမထားဘဲ အလေးဂရုပြု သင်ယူလေ့လာမှတ်သားကျင့်သုံးဖို့ပင် ဖြစ်ပါသည်။

**ကျမ်းပြုဆရာ စေတနာ။** ဤကျမ်းစာအုပ်ကို "ဗုဒ္ဓဝါဒီ ကမ္ဘာပထဝီ မြေပုံကျမ်း"ဟု ကျမ်းအမည်တပ်ထားသော်လည်း ဗုဒ္ဓရှင်တော်ဘုရားအလိုတော် "ပထဝီပညာ" ဆိုင်ရာများကိုသာ ရေးသားစီရင်ပြီး ရပ်တန့်မနေသေးဘဲ အားလုံး ကမ္ဘာသူ၊ ကမ္ဘာသားများငြိမ်းချမ်းရေးအတွက် သိသင့် သိထိုက်သော မှတ်သားစရာ အဖြာဖြာကိုပါ ထည့်သွင်းရေးသားထားသည်ကို တွေ့ရပါလိမ့်မည်။

**အားလုံးအတွက် ရေးသားချက်။** ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ ကန်မြင့်တောရကျောင်းတိုက် (ညောင်လွန့်တောရတိုက်ခွဲ) ၌ ပရိယတ္တိ, ပဋိပတ္တိသာသနာတို့ကို တည်တံ့ခိုင်မြဲရေးအတွက် သာသနာ့ဝန်ထမ်းဆောင်နေသော သိက္ခာ (၄၇)

ဝါရ ကျမ်းပြုဆရာတော် ရေးသားပြုစုသော ဤ "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီမြေပုံကျမ်း" သည် စာဖတ်တတ်စအရွယ် ကျောင်းသူ၊ ကျောင်းသား၊ ကလေး၊ သူငယ်များမှအစ အားလုံးပုဂ္ဂိုလ်များဖတ်ရှုလေ့လာမှတ်သားနိုင်ရန် ခေတ်နှင့်အညီ တီထွင်မှုတစ်ရပ် အနေဖြင့် ဘုရားဟောပါဠိတော်၊ အဖွင့်အဋ္ဌကထာပါဠိတို့ကို (မထည့်မဖြစ်သည့် ဌာနမှအပ) နည်းနိုင်သမျှ နည်းစေပြီး မြန်မာစကားပြေများကို အများဆုံး အသုံးပြု ရေးသားထားသည့်အပြင် သရုပ်ဖော်ရုပ်ပုံ ဘလောက် မြောက်မြားစွာကိုလည်း ထည့်သွင်းထားခြင်းဖြစ်ပါသည်။

**မှတ်တမ်းတင်လွှာ ဂုဏ်ပြုစာ။** ဤ "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီမြေပုံကျမ်း" ကို ရေးသားပြုစုရန် ကြံစည်အားထုတ်ဆဲ အချိန်ပိုင်းတွင် ကျမ်းပြီးစီး အောင်မြင်ရေး အတွက် တစ်စိတ်တစ်ဒေသအားဖြင့် မရှိလျှင် မဖြစ်သည့် "ကမ္ဘာမြေကလုံးပြီး နေကို လည်ပတ်သည်၊ နေက မသွားမလည်" ဟူသော တစ်ဖက်ဝါဒ၏ အယူအဆ များကို လွယ်လွယ်ကူကူ ကြည့်ရှုလေ့လာပြီး ဖြေရှင်းနိုင်ရန် ကမ္ဘာမြေလုံးကြောင်း နှင့် သက်ဆိုင်သော ကမ္ဘာလုံးပုံစာအုပ်၊ စာတမ်း စသည်များကို ရှာဖွေစုဆောင်းပြီး စိတ်အားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခြင်း၊ အကြံအား၊ ဉာဏ်အားပေးခြင်း၊ လုပ်အားပေးခြင်း ပြုကြကုန်သော အမည်ဖော်ပြပါ ပုဂ္ဂိုလ်များ၊ အခြားအမည် ဖော်ပြခြင်း၌ ပါဝင်ခြင်းမရှိကြသော ပုဂ္ဂိုလ်အသီးသီးတို့အား ဤကျမ်းပြုဆရာတော် အနေဖြင့် လှိုက်လှိုက်လှဲလှဲ များစွာကျေးဇူးတင်ခြင်းနှင့်အတူ မှတ်တမ်းတင်ဂုဏ်ပြု လိုက်ပါသည်။

၁။ ဆရာတော်, ဦးဝိနယ (ဘီ–အေ) ရေလယ်ကလေးကျောင်း၊ သရက်တောတိုက်–ရန်ကုန်မြို့။
၂။ ဆရာတော်, ဦးပရမ–ဟိုနိုကျောင်း၊ ဟိုပုံးမြို့ရှမ်းပြည်တောင်ပိုင်း။
၃။ (လက်ထောက် ဆရာတော်) ဦးနရိန္ဒ–ဟိုနိုကျောင်း၊ ဟိုပုံးမြို့–ရှမ်းပြည်တောင်ပိုင်း။
၄။ ဦးသန့် (ရှေ့နေကြီး) ပျော်ဘွယ်မြို့။
၅။ ဦးဉာဏ်တင် (စက်ပိုင်ရှင်) ပျော်ဘွယ်မြို့။
၆။ ဦးဆယ် (ကျောင်းအုပ်ဆရာကြီး) တဲကြီးကုန်းရွာ–ပျော်ဘွယ်မြို့။
၇။ ဦးမြ (ကျောင်းအုပ်ဆရာကြီး) အစိုးရအထက်တန်းကျောင်း–ပျော်ဘွယ်မြို့။

၈။ ဦးချစ်ဖောင်း (ကုန်သည်) ရှမ်းပွဲရပ်–ပျော်ဘွယ်မြို့။
၉။ ဦးညိုအေး (ရွှေပန်းထိမ်ဆရာကြီး) ပျော်ဘွယ်မြို့။
၁၀။ ကိုအောင်သန်း (မူလတန်းကျောင်းအုပ်ဆရာ) ဆည်ရွာ–ပျော်ဘွယ်မြို့။
၁၁။ ကိုအောင်မြင့် ဗမာသစ်နာရီကုမ္ပဏီ အမှတ် ၄၇၉၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
၁၂။ မောင်ချစ်ဆွေ (၁၀–တန်း) အစိုးရအထက်တန်းကျောင်း–ပျော်ဘွယ်မြို့။
၁၃။ မောင်မွေး (၁၀–တန်း) အစိုးရအထက်တန်းကျောင်း–ပျော်ဘွယ်မြို့။

(ပုံ)
ကျမ်းပြုဆရာတော် ဦးသီလာစာရ
ကန်မြင့်တောရကျောင်းတိုက် ပျော်ဘွယ်မြို့။

❖



# အရှင်ရေဝတရံသီ၏ မှာကြားတိုက်တွန်းလွှာ

**တန်ဖိုးရှိတာ ဤကျမ်းစာ။** မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်းဂန်ပေါင်း မြောက်မြားစွာ ပေါ်ထွက်ခဲ့ကြပါသော်လည်း ယခုလိုဗုဒ္ဓရှင်တော်ဘုရားအလိုတော် ပဋ္ဌာန်းဆိုင်ရာ ကျမ်းစာမျိုးတစ်ကြိမ်မျှ ကျမ်းတစ်စောင်တစ်ဖွဲ့အဖြစ် သီးသန့်မထွက်ပေါ်ဖူးသေးသည့်အတွက် လစ်လပ်နေသည့်ဟာကွက်တစ်ကွက်ကို ဖြည့်စွက်လိုက်သော ဤ "ဗုဒ္ဓဝါဒီ ကမ္ဘာပဋ္ဌာန် မြေပုံကျမ်း" သည် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များအဖို့ အလွန်တန်ဖိုးရှိသော ကျမ်းစာအုပ်တစ်အုပ်ဖြစ်သည့်နည်းတူ အခြားဘာသာဝင်ပုဂ္ဂိုလ်များအဖို့မှာလည်း ဗုဒ္ဓရှင်တော်ဘုရား၏ အယူဝါဒကို လေ့လာရန်အတွက် များစွာအသုံးဝင်မည်ဟု အမှာစာရေးသူ စိတ်တွင် ယုံကြည်ချက်ရှိသည့်အတိုင်း ဤကျမ်းစာအုပ်ကို ဖတ်ရှုသူလည်း သေသေချာချာအကြိမ်ကြိမ် လေ့လာမိပါက အမှာစာရေးသူ ယုံကြည်ချက်နှင့် ထပ်တူထပ်မျှ အများဆုံးတူညီလိမ့်မည်ဟု မျှော်လင့်မိပါသည်။

**မကြိုက်သူလည်းရှိစမြဲ။** သို့ပါသော်လည်း ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ တည်းဟူသော သာသနာသုံးရပ်တွင်

ပိဋကစာပေသင်ကြားပို့ချခြင်းတည်းဟူသော ပရိယတ္တိသာသနာတော်ပြန့်ပွားရေး သာသနာ့ဝန်ထမ်းအလုပ်ကို ယခုခေတ်တရားအားထုတ်သူအမည်ခံ ပုဂ္ဂိုလ်အချို့တို့က မှားယွင်းစွာ ပစ်ပယ်နေကြသည်ကို ကိုယ်တွေ့ကြုံခဲ့ရပါသည်။ အဆိုပါ ပရိယတ္တိ သာသနာတော်ကို ပစ်ပယ်နေသောပုဂ္ဂိုလ်အချို့နှင့် သေသေချာချာ မလေ့လာမိက နာခေါင်းရှုံ့အပြစ်တင် ဝေဖန်တတ်သော ပုဂ္ဂိုလ်၊ တိုင်းတစ်ပါးစာပေများကို အထင်ကြီးပြီး ဗုဒ္ဓစာပေကို အထင်သေးတတ်သော ပုဂ္ဂိုလ်တို့ကသာ ဤကျမ်းကို အသုံးမဝင် အပိုဟု ထင်မည်ဆိုက ထင်ကြပါလိမ့်မည်။

**ရှေ့နောက်မြော်မြင် ပညာရှင်။** အထူးသဖြင့် ဗုဒ္ဓသာသနာတော်၏ ဆူး၊ ငြောင့်၊ ခလုတ်သဖွယ် နှောင် တစ်စ၊ တစ်စ ကြီးမားသည်ထက်ကြီးမားပြီး တွေ့ကြုံရမည့် ဘာသာဖျက်ဝါဒဆိုး အန္တရာယ်တွေကို မှန်ကန်သောဝါဒဖြင့် တိုက်ထုတ်ရာတွင် လက်နက်ကောင်းတစ်ခုအနေနှင့် အသုံးဝင်လာမည့် ကျမ်းစာအုပ်တစ်အုပ်ဖြစ်မည်ကို အမြော်အမြင် ပညာမျက်စိရှိသူ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များက မုချထောက်ခံအားပေးဝမ်းမြောက်ကြမည်မှာ မလွဲပါ။

**ခက်ခဲပေါင်းစုံ တွေ့ခဲ့ပုံ။** ဤကျမ်းပြုဆရာတော်သည် ဝိနည်းတရားတော်ကို အထူးအလေးဂရုပြုသည့်အပြင် (အာရညိကင် ဓုတင်) တောရကျောင်းဆောက်တည်ပြီး စာသင်သံဃာ ရှစ်ဆယ်ကျော်မျှကို ဗုဒ္ဓစာပေညွှန်ကြားပို့ချပေးခြင်းတည်းဟူသော ပရိယတ္တိသာသနာ၊ မိမိကိုယ်တိုင်လည်း ဝိနည်း၊ သုတ္တန်ကျင့်နည်းများအတိုင်း ကျင့်ခြင်း၊ တရားအားထုတ်ခြင်း၊ တရားအားထုတ်လိုသူပုဂ္ဂိုလ်များကိုလည်း ပုဂ္ဂိုလ်မရွေး စိတ်ရှည်ရှည်နှင့် ညွှန်ကြားပြသခြင်းတည်းဟူသော ပဋိပတ္တိသာသနာ၊ အဆိုပါ သာသနာတော်တို့ကို ဂုဏ်ပကာသနမဖက်၊ စေတနာသက်သက်ဖြင့် ထမ်းဆောင်ရင်းရေးသားစီရင်သော ကျမ်းစာအုပ်ဖြစ်သည့်အလျောက် ကျမ်းဂန်တွေထဲမှ ထုတ်နုတ်ရေးသားပြီး စာရှုလေ့လာသူတိုင်း ကွက်ကွက်ကွင်းကွင်း သဘောပေါက်နားလည်လွယ်စေရန် ရုပ်ပုံဘလောက်ပေါင်း မြောက်မြားစွာဖြင့် ပြုစုရာ၌ ခက်ခဲမှု၊ ရိုက်နှိပ်မည့်ဆဲဆဲ ငွေရေး၊ ကြေးရေး မပြည့်စုံသည့်အတွက် သုံးနှစ်ကျော်အတွင်း အကြိမ်ကြိမ်ပျက်ခဲ့ရသည့် ခက်ခဲမှု၊ ပုံနှိပ်စက္ကူဈေးနှုန်းကြီးနေသည့် ခက်ခဲမှုစသည်များကို တွေ့ကြုံခဲ့ပါသော်လည်း စီးပွားရေးမဖက်၊ ဗုဒ္ဓရှင်တော်ဘုရား၏ စစ်မှန်သောအယူဝါဒ ပြန့်

ပွားရေးအတွက် ဓမ္မဒါနအဖြစ် ဖြန့်ချိလိုသည့် ကျမ်းပြုဆရာတော်၏ စေတနာ၊ ကျမ်းပြီးစီး အောင်မြင်ရေးအတွက် လုပ်အား၊ အကြံဉာဏ်အားဖြင့် ထက်ထက် သန်သန်ကူညီဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များ၏စေတနာတွေကြောင့် အခက် အခဲများကို ကျော်လွှန် အောင်မြင်စွာ ပုံနှိပ်ချုပ်လုပ်ပြီး **"ဓမ္မဒါနလက်ဆောင်"** အဖြစ် ထုတ်ဝေဖြန့်ချိနိုင်ခြင်းဖြစ်ပါသည်။

**ကြိမ်ဖန်များစွာ ဖတ်ရှုပါ။** ယခုလိုအခက်အခဲများကြားမှ အောင်မြင်စွာပေါ် ထွက်လာသည့် "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီ မြေပုံကျမ်း" မှ အချက်အလက်များကို ဗုဒ္ဓဘာသာ တကယ်တမ်းသက်ဝင် ယုံကြည်သူတိုင်း စွဲမြဲထင်မြင်လာအောင် ကြိမ်ဖန်များစွာ အစအဆုံး ဖတ်ရှုလေ့လာမှတ်သားပြီး ဗုဒ္ဓရှင်တော်ဘုရား၏ စစ်မှန်သောအယူဝါဒ ပြန့်ပွားအောင် ဆောင်ရွက်ကြရန် **"ကျမ်းပြီးစီး အောင်မြင် ရေး အကျိုးတော်ဆောင်"** အနေနှင့် အထူးတိုက်တွန်းမှာကြားလိုက်ပါသည်။

**အားလုံးအတွက် ဖြန့်လိုလျက်။** ဤကျမ်းစာအုပ်ကို ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် များနှင့် အခြားဘာသာဝင်ပုဂ္ဂိုလ်များထံ နှံ့စပ်အောင်ဖြန့်ချိလိုသော စေတနာများ စွာရှိပါသော်လည်း ကျမ်းစာအုပ်များစွာ ပုံနှိပ်နိုင်အောင် စေတနာရှင်မပေါ်ပေါက် လာသေး၍ ရှိသမျှငွေအင်အားဖြင့် ပထမအကြိမ် စာအုပ်အရေအတွက် (၁၀၀၀) တစ်ထောင် ရိုက်နှိပ်ပြီး (နည်းနည်းနှင့်ကျဲကျဲဖိုင်း) ဆိုသည့် မြန်မာစကားပုံအ တိုင်း စာဖတ်ပရိသတ်များ ကြည့်ရှုမှတ်သားနိုင်မည့် ဗုဒ္ဓဘာသာဆိုင်ရာ သာ သနာပြုအသင်းအဖွဲ့များ စာကြည့်တိုက်၊ စာကြည့်အသင်းများ၊ ပိဋကတိုက်များ၊ ဓမ္မစာစောင်တိုက်များ၊ သံရုံးများကိုသာ **"ဓမ္မဒါန လက်ဆောင်"** အဖြစ် အမိက ထား ဖြန့်ချိရခြင်းဖြစ်ပါသည်။

**ဤပုဂ္ဂိုလ်ပင် ကျေးဇူးတင်။** ဤကျမ်းစာအုပ်နှင့် ပတ်သက်ပြီး ဌာနပေါင်းစုံ တာဝန်ခံအဖြစ် ဆောင်ရွက်နေရသော အမှာစာ ရေးသူ၏ စိတ်တိုင်းကျဖြစ် အောင် အကြံဉာဏ်ဖြင့် တစ်မျိုး၊ လုပ်အားဖြင့်တစ်ဖုံ၊ ကူညီဆောင်ရွက်ပေးကြ သော ဘာလောက်ဘက်ဆိုင်ရာ ကိုစောနောင် (ရန်ပုံခွင်း စာပေ)၊ ကိုလှမြင့်တို့ ကိုလည်းကောင်း၊ စာပုံနှိပ်ဘက်ဆိုင်ရာ ဦးသိန်းဟန်၊ ဦးဌေးမြင့်၊ ဦးဘုန်းကျော်၊ ဒေါ်ကျင်ဆွေစသော သုမဓမ္မဝတီ အဖွဲ့သားများကိုလည်းကောင်း များစွာကျေးဇူး ဥပကာရ တင်ရှိပါသည်။

စေတနာထား ပြင်ဆင်ပြီး။ "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီ မြေပုံကျမ်း" ကို ပြုစုရေးသားသော ကျမ်းပြုဆရာတော်၏ တာဝန်ပေးချက်အရ ဤအမှာစာရေးသူသည် "ဓမ္မာစရိယတန်း" ဆိုင်ရာ ကျမ်းစာများကို သင်ယူလေ့လာခြင်းတည်းဟူသော ပရိယတ္တိသာသနာတော်ကို ထမ်းဆောင်နေရသော သာသနာ့ဝန်ထမ်း တာဝန်တစ်ဖက်နှင့် သတ်ပုံ၊ သတ်ညွှန်း၊ စာလုံး အကျအန၊ အသွားအသို၊ ပြင်ဆင်ရေးမှစ၍ အားလုံးကုန် ကောင်းမွန်စေရန် စေတနာအပြည့်အဝထားပြီး အကြိမ်ကြိမ်ပြင်ဆင်ခဲ့လင့်ကစား အမှားအနည်းငယ် ပါရှိကောင်းပါရှိလိမ့်ဦးမည်။ ထိုအမှားများကို သည်းခံပြင်ဆင်ဖတ်ရှုကြပါရန် မေတ္တာရပ်ခံလိုက်ပါကြောင်း။

အကျိုးတော်ဆောင်
အရှင်ရေဝတရံသီ (ဗျော်ဘွယ်)
ဓဝန တိက္ခ ပါဠိတက္ကသိုလ် (အလယ်တိုက်ကြီး)
အလယ်တောရကျောင်းတိုက် ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

၁၃၂၅-ခုနှစ်၊ နတ်တော်လဆန်း-၁၁ရက်၊ အင်္ဂါနေ့။

❖

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနှင့် ပဋိညာဉ်

ပထဝီမြေစသော ဩကာသလောကကြီးကို အကုန်အစင်သိမြင်တော်မူသော ဗုဒ္ဓရှင်တော်ဘုရားနှင့်တကွ တရား၊ သံဃာ၊ ရတနာတို့ကို ကြည်ဖြူရွှင်ပြုံး စိတ်နှလုံးဖြင့် ရှိခိုးပါ၏။ ဤသို့ ဘုရား၊ တရား၊ သံဃာ ရတနာတို့ကို ရှိခိုးပြီး၍ ကမ္ဘာသူ၊ ကမ္ဘာသားတို့ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားထားသော ပထဝီပညာကို သိစေဖို့ရန် ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီမြေပုံကျမ်းကို ရေးသားပြုပြင် စီရင်ရပေတော့အံ့။

## ကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း

၁။ ပင်လယ်ကြောတွင် အကွယ်အကာမရှိသော ရေပြင်၌ သင်္ဘောတစ်စင်း လာနေသည်ကို ကြည့်ပါက ပထမဆုံး ရွက်တိုင်ထိပ်ဖျားကို မြင်ရ၏။ ၎င်းနောက် ခေါင်းတိုင်ကိုမြင်ရ၏။ ၎င်းနောက် သင်္ဘောကိုမြင်ရ၏။ ထွက်သွားသောသင်္ဘောကိုကြည့်ပါကလည်း ပထမသင်္ဘောကိုယ်လုံးပျောက်ကွယ်သွား၏။ ၎င်းနောက် ခေါင်းတိုင်ပျောက်ကွယ်သွား၏။ ၎င်းနောက် ရွက်တိုင်ပျောက်ကွယ်သွား၏။





**အမှတ်(၁) သင်္ဘောပုံ**

၎င်း အမှတ် (၁) သင်္ဘောပုံ၌ (က) အမှတ်ပြ သင်္ဘောကို (ခ) အမှတ်ပြ နေရာကနေ၍ ကြည့်မူ ပထမဆုံး ရွက်တိုင်ထိပ်များကို မြင်ရ၍ အစဉ်အတိုင်း ခေါင်းတိုင် သင်္ဘောကိုယ်လုံးတို့ကို မြင်ရမည်။ (ဃ) အမှတ်ပြ နေရာကနေ၍ ကြည့်မူ ပထမဆုံး သင်္ဘောကိုယ်လုံး ပျောက်ကွယ်သွား၍ အစဉ်အတိုင်း ခေါင်းတိုင်၊ ရွက်တိုင် ပျောက်ကွယ်သွားမည်။

၎င်းအမှတ် (၁) သင်္ဘောပုံကို ထောက်ဆသောအားဖြင့် ကမ္ဘာမြေကြီးသည် အပြားမဟုတ်အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင် တစ်ဖန်ထပ်၍ ယူဆရလိမ့်ဦးမည်။

**တစ်ဖန် ထပ်၍ယူဆရပုံ**

ပထမသင်္ဘောဆိပ်ကမ်းမှ အဝေးဆုံးဆိပ်ကမ်းတစ်ခု၌ သင်္ဘောလာသည်ကို လည်းကောင်း၊ သင်္ဘောထွက်သွားသည်ကိုလည်းကောင်း ကြည့်ပါက (၁) သင်္ဘောပုံအတိုင်း အမှတ် (၂) သင်္ဘောပုံဖြစ်ရမည်အမှန်ပင်။



**အမှတ်(၂) သင်္ဘောပုံ**

ဤအမှတ် (၂) သဘော်ပုံကား ဆိပ်ကမ်း၌ ဒုတိယကြည့်ရှုသောပုံဖြစ်သည်။ ၎င်းအမှတ် (၂) သဘော်ပုံကို ထောက်ဆသောအားဖြင့် ဤကမ္ဘာမြေကြီးသည် အပြားမဟုတ်အလုံးဖြစ်သည်ဟု ဒုတိယနောက်ထပ်ကမ္ဘာလုံးတစ်လုံး ယူဆရလိမ့်ဦးမည်။ အထက်ကရေးပြခဲ့သည့်နည်းအတိုင်း ဆိပ်ကမ်းများစွာ၌ သဘော်ပုံပေါင်းများစွာဖြစ်သည်ကို ထောက်ဆသောအားဖြင့် ဂျပန်ပြည်၌လည်း ကမ္ဘာလုံးပေါင်းများစွာ၊ အမေရိကန်ပြည်၌လည်း ကမ္ဘာလုံးပေါင်းများစွာ၊ အင်္ဂလန်ပြည်တွင်လည်း ကမ္ဘာလုံးပေါင်းများစွာ စသည်ဖြင့် ကမ္ဘာလုံးပေါင်းများစွာ ဖြစ်လာမည်ဖြစ်၍ ကမ္ဘာလုံးပေါင်းများစွာ ယူဆရလိမ့်ဦးမည်။

**သိသာအောင် ထပ်၍ ရေးဦးအံ့**


ကမ္ဘာသည် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင် ဤကမ္ဘာမြေကြီးတစ်ခုတည်းမှာပင် ဤနေရာ၌လည်းကမ္ဘာလုံးတစ်ခု၊ ထိုနေရာ၌လည်း ကမ္ဘာလုံးတစ်ခု၊ ဤဤထိုထို၌လည်း ဤဤထိုထို ကမ္ဘာလုံးတွေမြောက်မြားစွာ ဖြစ်နေရမည်။ ဤကား ကမ္ဘာကို အလုံးဟု ယူဆလိုက်လျှင် ဤကမ္ဘာကြီးတစ်ခုတည်းမှာပင် ကမ္ဘာလုံးတွေမြောက်မြားစွာ မဖြစ်တန်ဘဲနှင့် ဖြစ်လာပုံအပြစ်တွေတည်း။ ဤကဲ့သို့ ကမ္ဘာလုံးတွေ မြောက်မြားစွာ မဖြစ်တန်ဘဲနှင့် ဖြစ်လာပုံ အပြစ်တွေရှိမည်ဖြစ်သောကြောင့် ကမ္ဘာမြေကြီးသည် အလုံးမဟုတ်၊ ကမ္ဘာမြေကြီးသည် အပြားသာဖြစ်သည်ဟု သိရမည်။

**အမေး** အမှတ် (၁) သဘော်ကို ထောက်ဆသောအားဖြင့် ကမ္ဘာသည် အပြားမဟုတ်ဘဲ အလုံးဖြစ်သည်မဟုတ်လော။

**အဖြေ** ကမ္ဘာကိုအလုံးဟု ယူဆလိုက်လျှင် ဤကမ္ဘာမြေကြီးတစ်ခုတည်းမှာပင် ကမ္ဘာလုံးတွေမြောက်မြားစွာ ဖြစ်လာမည့် အပြစ်တွေ များစွာရှိမည်ဖြစ်သောကြောင့် ကမ္ဘာသည်အလုံးမဟုတ် အပြားဖြစ်သည်။

ကမ္ဘာမြေကြီး အပြားဖြစ်ရာ၌ နေကို ကမ္ဘာတစ်ခုလုံးမှ တစ်ပြိုင်နက် စ,တင်မမြင်နိုင်ပုံ နေအလင်းခန်း၌ ရေးပြလတ္တံ့။

# တစ်နည်း ကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း





(က)မှ-မိုးကုပ်စက်ဝိုင်း

ပင်လယ်၌ရှိသော သင်္ဘောတိုင်ထိပ်ပေါ်မှနေ၍ ကြည့်ပါက အမှတ် (၁) မိုးကုပ်စက်ဝိုင်းကို မြင်နိုင်သည်။ ၎င်း အမှတ် (၁) မိုးကုပ်စက်ဝိုင်းပုံကို ထောက်ဆသောအားဖြင့် ကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင် တစ်ဖန်ထပ်၍ ယူဆရလိမ့်ဦးမည်။

**တစ်ဖန်ထပ်၍ ယူဆရပုံ**

ပထမ ပင်လယ်မှ အဝေးဆုံးပင်လယ်၌ မိုးကုပ်စက်ဝိုင်းကို ကြည့်ပါက အမှတ် (၁) မိုးကုပ်စက်ဝိုင်းပုံအတိုင်း အမှတ် (၂) မိုးကုပ်စက်ဝိုင်းပုံ ဖြစ်ရမည် အမှန်ပင်။




(က)မှ-မိုးကုပ်စက်ဝိုင်း

ဤအမှတ် (၂) မိုးကုပ်စက်ဝိုင်းပုံကား ဒုတိယ ကြည့်ရှုသော ပင်လယ်၌ ပုံဖြစ်သည်။ ၎င်းအမှတ် (၂) မိုးကုပ်စက်ဝိုင်းပုံကို ထောက်ဆသောအားဖြင့် ဤကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဖြစ်သည်ဟု ဒုတိယနောက်ထပ် ကမ္ဘာလုံးတစ်လုံး ယူဆရလိမ့်ဦးမည်၊ အထက်က ရေးပြခဲ့သည့်နည်းအတိုင်းပင် လယ်ပေါင်းများစွာ၌ မိုးကုပ်စက်ဝိုင်းပုံပေါင်းများစွာ ဖြစ်သည်ကိုထောက်ဆသောအားဖြင့် ဂျပန်၌လည်း ကမ္ဘာလုံးပေါင်းများစွာ၊ အမေရိကန်ပြည်၌လည်း ကမ္ဘာလုံးပေါင်းများစွာ၊ အင်္ဂလန်ပြည်၌လည်း ကမ္ဘာလုံးပေါင်းများစွာ စသည်ဖြင့် ကမ္ဘာလုံးပေါင်းများစွာ ဖြစ်လာမည်ဖြစ်၍ ကမ္ဘာလုံးပေါင်းများစွာ ယူဆရလိမ့်ဦးမည်။

**သိသာအောင် ထပ်ရှုရေးပြဦးအံ့**

ကမ္ဘာသည် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင် ဤကမ္ဘာကြီးတစ်ခုတည်းမှာပင် ဤနေရာ၌လည်း ကမ္ဘာလုံးတစ်ခု၊ ထိုနေရာ၌လည်း ကမ္ဘာလုံးတစ်ခု၊ ဤဤ ထိုထို၌လည်း ဤဤထိုထိုကမ္ဘာလုံးတွေ မြောက်မြားစွာဖြစ်နေမည်။ ဤကား ကမ္ဘာကိုအလုံးဟု ယူဆလိုက်လျှင် ဤကမ္ဘာကြီးတစ်ခုတည်းမှာပင် ကမ္ဘာလုံးတွေ မြောက်မြားစွာ မဖြစ်တန်ဘဲနှင့် ဖြစ်လာပုံအပြစ်တွေတည်း။ ဤကဲ့သို့ ကမ္ဘာလုံးတွေမြောက်မြားစွာ မဖြစ်တန်ဘဲနှင့် ဖြစ်လာပုံ အပြစ်တွေရှိမည်ဖြစ်သောကြောင့် ကမ္ဘာမြေကြီးသည် အလုံးမဟုတ် ကမ္ဘာမြေကြီးသည် အပြားသာဖြစ် သည်ဟု သိရမည်။


အမေး  အမှတ် (၁) မိုးကုပ်စက်ဝိုင်းပုံကို ထောက်ဆသောအားဖြင့်ကမ္ဘာသည် အပြားမဟုတ်ဘဲ အလုံးဖြစ်သည်မဟုတ်လော။

အဖြေ  ကမ္ဘာကို အလုံးဟုယူဆလိုက်လျှင် ကမ္ဘာမြေကြီးတစ်ခုတည်းမှာပင် ကမ္ဘာလုံးတွေ မြောက်မြားစွာဖြစ်လာမည့် အပြစ်တွေများစွာ ရှိမည်ဖြစ်သောကြောင့် ကမ္ဘာသည် အလုံးမဟုတ်အပြားဖြစ်သည်။

## တစ်နည်း ကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း

ပင်လယ်ရေပြင်ပေါ်၌ အရှည်ညီတူညီမျှရှိသော တိုင်သုံးတိုင်ကို စိုက်ထား၍

စိုက်ထားပြီးလျှင် တစ်နေရာမှနေ၍ မှန်ပြောင်းနှင့် (က) နှင့် (ဂ) တိုင်တို့၏ ထိပ်များကို တစ်ညီတည်းကြည့်ပါက အလယ်တိုင် (ခ) သည် ကျန် (က–ဂ) တို့ ထက် ရှည်၍ထွက်နေသည်ကို မြင်ရပါလိမ့်မည်။




အမှတ်(၁) တိုင်သုံးတိုင်ဖြင့်• မြေမျက်နှာပြင် ခုံးပုံ

အမှတ် (၁) ပုံအတိုင်း တိုင်သုံးတိုင်ဖြင့် မြေမျက်နှာပြင်ခုံးပုံကို ထောက်ဆ သောအားဖြင့် ကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဖြစ်သည်ဟု ယူဆလိုက် လျှင် တစ်ဖန်ထပ်၍ ယူဆရလိမ့်ဦးမည်။

#### တစ်ဖန်ထပ်၍ ယူဆရပုံ

ပထမ ပင်လယ်ရေပြင်မှ အဝေးဆုံး ပင်လယ်ရေပြင်ပေါ်၌ အရှည်ညီတူညီမျှ ရှိသော တိုင်သုံးတိုင်ကို စီတန်း၍ စိုက်ပြီးလျှင် အထက်က ရေးခဲ့သည့်အတိုင်း မှန်ပြောင်းနှင့် ကြည့်ပါက အမှတ် (၁) ပုံနည်းတူ အမှတ် (၂) ပုံ ဖြစ်ရဦးမည် အမှန်ပင်။



အမှတ် (၂) တိုင်သုံးတိုင်ဖြင့် မြေမျက်နှာပြင် ခုံးပုံ

ဤအမှတ် (၂) ပုံကား ဒုတိယကြည့်ရှုသော ပင်လယ်ပြင်ပေါ်၌ ပုံဖြစ်သည်။ ၎င်းအမှတ် (၂) ပုံကို ထောက်ဆသောအားဖြင့် ဤကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဖြစ်သည်ဟု ဒုတိယနောက်ထပ်ကမ္ဘာတစ်လုံး ယူဆရလိမ့်ဦးမည်။ အထက်ကရေးပြခဲ့သည့် နည်းအတိုင်း ပင်လယ်ရေပြင်ပေါင်းများစွာ၌ တိုင်သုံးတိုင် ပုံပေါင်းများစွာဖြစ်သည်ကို ထောက်ဆသောအားဖြင့် ဂျပန်ပြည်၌လည်း ကမ္ဘာလုံးပေါင်းများစွာ၊ အမေရိကန်ပြည်၌လည်း ကမ္ဘာလုံးပေါင်းများစွာ၊ အင်္ဂလန်ပြည်၌လည်း ကမ္ဘာလုံးပေါင်းများစွာ စသည်ဖြင့် ကမ္ဘာလုံးပေါင်းများစွာ ဖြစ်လာမည်ဖြစ်၍ ကမ္ဘာလုံးပေါင်းများစွာ ယူဆရလိမ့်ဦးမည်။

## သိသာအောင် ထပ်၍ ရေးပြဦးအံ့

ကမ္ဘာသည် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင် ဤကမ္ဘာကြီးတစ်ခုတည်းမှာပင် ဤနား၌လည်း ကမ္ဘာလုံးတစ်ခု၊ ထိုနား၌လည်း ကမ္ဘာလုံးတစ်ခု၊ ဤဤ ထိုထို၌လည်း ဤဤထိုထိုကမ္ဘာလုံးတွေ မြောက်မြားစွာ ဖြစ်နေမည်။ ဤကား ကမ္ဘာကို အလုံးဟု ယူဆလိုက်လျှင် ဤကမ္ဘာကြီးတစ်ခုတည်းမှာပင် ကမ္ဘာလုံးတွေ မြောက်မြားစွာ မဖြစ်တန်ဘဲနှင့် ဖြစ်လာပုံအပြစ်တွေတည်း။

ဤကဲ့သို့ ကမ္ဘာလုံးတွေ မြောက်မြားစွာ မဖြစ်တန်ဘဲနှင့် ဖြစ်လာပုံ အပြစ်တွေရှိမည်ဖြစ်သောကြောင့် ကမ္ဘာမြေကြီးသည် အလုံးမဟုတ် ကမ္ဘာမြေကြီးသည် အပြားသာဖြစ်သည်ဟု သိရမည်။

**အမေး** အမှတ် (၁) တိုင် သုံးတိုင်ပုံကို ထောက်ဆသောအားဖြင့် ကမ္ဘာသည် အပြားမဟုတ် အလုံးဖြစ်သည် မဟုတ်လော။

**အဖြေ** ကမ္ဘာကိုအလုံးဟု ယူဆလိုက်လျှင် ဤကမ္ဘာကြီးတစ်ခုတည်းမှာပင် ကမ္ဘာလုံးတွေမြောက်မြားစွာဖြစ်လာမည့် အပြစ်တွေများစွာ ရှိမည်ဖြစ်သောကြောင့် ကမ္ဘာသည်အလုံးမဟုတ် အပြားဖြစ်သည်။

ကျွန်းပတ် သင်္ဘောသည် အရှေ့စူးစူး သို့မဟုတ် အနောက်စူးစူးသို့ ခရီးထွက်ခဲ့သော် တစ်နေ့ကျလျှင် ကျွန်းပတ်သင်္ဘောစထွက်သော အရပ်ဒေသသို့ ပြန်၍ရောက်လာမည်ကို ထောက်ဆသောအားဖြင့် ကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင် မမှန်သော ယူဆခြင်းဖြစ်သည်။

**မမှန်သောယူဆခြင်း ဖြစ်ပုံအကျယ်နှင့် ကမ္ဘာမြေကြီး အပြားဖြစ်ပုံ**

ယခုလောကဓာတ်ဆရာတို့ တွေ့ထားသော သမုဒ္ဒရာတို့သည် အာတိတ်သမုဒ္ဒရာ၊ အန္တာတိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာဟု ငါးမျိုးဖြစ်ကုန်၏။ ၎င်း ငါးမျိုးကုန်သော သမုဒ္ဒရာတို့သည် ကရွတ်ခွေကဲ့သို့ တစ်ဆက်တည်းဆက်၍နေကုန်၏။ ထိုသို့ ကရွတ်ခွေကဲ့သို့ တစ်ဆက်တည်း ဖြစ်နေသောကြောင့် ကျွန်းပတ်သင်္ဘောသည် ဘယ်ကစ၍ ခရီးထွက်ထွက် တစ်နေ့ခုတ်မောင်းသော ကျွန်းပတ်သင်္ဘောစ၍ခရီးထွက်သော နေရာသို့ ပြန်ရောက်မည်။ တောင်ကျွန်းထဲတွင် အရှေ့သမုဒ္ဒရာ၊ အနောက်သမုဒ္ဒရာ၊ တောင်သမုဒ္ဒရာ၊ မြောက်သမုဒ္ဒရာဟုရှိလေသည်။ ၎င်း သမုဒ္ဒရာလေးမျိုးသို့ ယခုလောကဓာတ်ဆရာတို့ ပကတိသင်္ဘောဖြင့်မသွားနိုင်ကုန်၊ မသွားနိုင်ခြင်း၏ အကြောင်းကား ရေးခဲ့ပြီးသော အရှေ့၊ အနောက်၊ တောင်၊ မြောက်သမုဒ္ဒရာ လေးမျိုး၌ရှိသော ရေတို့သည် အလွန့်အလွန်အေးသော သီတာရေတို့ဖြစ်ကုန်၍ ပကတိသင်္ဘော ကြေမွပျက်သွားမည်ဖြစ်သောကြောင့်တည်း။ အအေးဒဏ်ခံနိုင်သော လောကဓာတ်နည်းဖြင့် စီမံ၍သွားမှ သွားနိုင်စရာရှိ၏။ ရေးခဲ့ပြီးသော အရှေ့၊ အနောက်၊ တောင်၊ မြောက်သမုဒ္ဒရာ လေးမျိုးတို့သည် ကျွန်းကြီးလေးကျွန်းက သမုဒ္ဒရာတို့မဟုတ်ကုန်၊ တောင်ကျွန်း၌သာဖြစ်ကုန်သော သမုဒ္ဒရာလေးမျိုး ဖြစ်ကုန်၏။ ရေးခဲ့ပြီးသော အာတိတ်သမုဒ္ဒရာ၊ အန္တာတိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာတို့သည် ကရွတ်ခွေကဲ့သို့ တစ်ဆက်တည်းဖြစ်နေသည်က တစ်ကြောင်း၊ လေးမျိုးသော သမုဒ္ဒရာသို့ ပကတိသင်္ဘောဖြင့် မသွားနိုင်သည်က တစ်ကြောင်း ဤသို့သော အကြောင်း ၂-ကြောင်းကြောင့် သင်္ဘောသည်ဘေး မထွက်နိုင်ဘဲ သင်္ဘော စ,ထွက်ရာခရီးသို့ ပြန်၍ရောက်ခြင်း ဖြစ်သည်။ ထိုသို့ ဘေးမထွက်နိုင်ဘဲဖြစ်ခြင်းကြောင့် ကျွန်းပတ်သင်္ဘောသည် တောင်ကျွန်းအဆုံး ရောက်အောင် မသွားနိုင်သဖြင့် (ကျွန်းပတ်သင်္ဘောကို ထောက်ဆ၍ ကမ္ဘာမြေကြီးသည် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင်) မမှန်သော ယူဆလိုက်ခြင်းဖြစ်မည်။ ထိုသို့မမှန်သောယူဆလိုက်ခြင်းဖြစ်သောကြောင့် ကမ္ဘာမြေကြီးသည် အလုံးမဟုတ် အပြားဖြစ်ရမည် အမှန်ပင်။

လေယာဉ်ပျံဖြင့် ပျံသန်းသွားရာ၌လည်း ကျွန်းပတ်သင်္ဘောနည်းအတိုင်းပင်

တစ်နေ့ကျလျှင် လေယာဉ်ပျံစ၍ ထွက်ရာအရပ်သို့ ပြန်ရောက်သည်ကို ထောက်ဆသောအားဖြင့် ကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးသာဖြစ်သည်ဟု ယူဆလိုက်လျှင် မမှန်သော ယူဆခြင်းဖြစ်မည်။

**မမှန်သောယူဆခြင်းဖြစ်ပုံ အကျယ်နှင့် ကမ္ဘာမြေကြီး အပြားဖြစ်ပုံ**

လေယာဉ်ပျံ ပျံသန်းခြင်းသည် လောကဓာတ်ဆရာတို့ သတ်မှတ်ထားသော ခရီးလမ်းစဉ်ဖြင့် ပျံသန်းခြင်းဖြစ်သည်။ သတ်မှတ်ထားသော ခရီးလမ်းစဉ်ကလွဲ၍ ပျံသန်းခြင်းမဟုတ်၊ ရေးခဲ့ပြီးသော တောင်ကျွန်း၌ဖြစ်ကုန်သော သမုဒ္ဒရာ လေးမျိုးတို့၌ရှိသော အလွန့်အလွန်အေးသော သီတာရေခိုးတို့က ကောင်းကင်သို့တက်ပြီး ပျံ့နှံ့နေသဖြင့် ကောင်းကင်၌လည်း အလွန့်အလွန်အေးသော သီတာအခိုးရှိနေ၍ လေယာဉ်ပျံမသွားနိုင်ဖြစ်လေသည်။ အကယ်၍ သီတာရေခိုးရှိရာသို့ လေယာဉ်ပျံ ပျံသန်းလျှင် ၎င်းပျံသန်းသော လေယာဉ်ပျံသည် ကြေမွပျက်စီးသွားမည်အမှန်ပင်၊ အအေးခံနိုင်သော လောကဓာတ်နည်းဖြင့် စီမံ၍ ပျံသန်းမှ ပျံသန်း နိုင်စရာရှိ၏။


လောကဓာတ်ဆရာတို့ သတ်မှတ်ထားသော ခရီးစဉ်ဖြင့် ပျံသန်းရသည်က တစ်ကြောင်း၊ သီတာရေခိုးရှိနေ၍ မပျံသန်းနိုင်သည်ကတစ်ကြောင်း၊ ဤသို့သော အကြောင်း ၂-ကြောင်းကြောင့် လေယာဉ်ပျံသည် ဘေးမထွက်နိုင်ဘဲ စ၍ထွက်သောအရပ်သို့ ပြန်ရောက်ခြင်းဖြစ်သည်။ ထိုသို့ဘေးမထွက်နိုင်ဘဲ ဖြစ်ခြင်းကြောင့် လေယာဉ်ပျံသည် တောင်ကျွန်းအဆုံးရောက်အောင် မသွားနိုင်သဖြင့် (လေယာဉ်ပျံ ပျံသန်းခြင်းကို ထောက်ဆ၍ ကမ္ဘာမြေကြီးသည် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင်) မမှန်သော ယူဆလိုက်ခြင်းဖြစ်မည်။ ထိုသို့ မမှန်သောအားဖြင့် ယူဆလိုက်ခြင်းကြောင့် ကမ္ဘာမြေကြီးသည် အလုံးမဟုတ် အပြားဖြစ်ရမည် အမှန်ပင်။

## တစ်နည်းကမ္ဘာမြေကြီး အပြားဖြစ်ပုံအကြောင်း


အချို့ပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ ဇေဒင်ကျမ်း၌ နေသွားရေးထားသော ရာသီစက်ဝိုင်းကိုကြည့်၍ ကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဟု ပြောဆိုသည်။

ဤသို့ ပြောဆိုခြင်းသည် အလွဲအမှားသာတည်း။ အကြောင်းမူကား ၎င်းနေသွားရာသီစက်ဝိုင်းသည် မြေကြီးမှာမဟုတ်တွက်ချက်လို့ဖြစ်အောင် ကောင်းကင်မှာဖြစ်ပုံကို ရေးထားသော နေသွားရာသီစက်ဝိုင်းဖြစ်ခြင်းကြောင့်တည်း။

နေသွားရာသီ
စက်ဝိုင်းပုံ



## တစ်နည်းကမ္ဘာမြေကြီးအပြား ဖြစ်ပုံအကြောင်း





အရှေ့အရပ်၌ နေထွက်၍
နေမွန်းတည့်နေဝင်သည်ကို
ပြသော (၁)ပုံ

နေထွက်သောအခါ မျက်မြင်အားဖြင့် အရှေ့မြေကြီးနားကကပ်၍ ထွက်လာသည်ကို မြင်ရသည်။ (၁) အမှတ်ကြည့်၊ ထို့နောက် နေဝင်သောအခါ မြေကြီးနားက ကပ်၍ ဝင်သွားသည်ကို မြင်ရသည်။ (၃) အမှတ်ကြည့်၊ ၎င်း (၁) ပုံအရ

နေထွက်အနိမ့်,မွန်းတည့်အမြင့်,နေဝင်အနိမ့်,မျက်မြင်ကို ထောက်ဆသောအား ဖြင့် ကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဖြစ်သည်ဟု ယူဆလိုက်လျှင် တစ်ဖန် ထပ်၍ ယူဆရလိမ့်ဦးမည်။

**တစ်ဖန်ထပ်၍ ယူဆရပုံ**

အနောက်အရပ်၌ နေထွက်, မွန်းတည့်, နေဝင်, အမှတ် (၂) ပုံတစ်ခု၊ အရှေ့ အရပ်၌ နေထွက်, နေမွန်းတည့်, နေဝင်, အမှတ် (၁) ပုံလိုဖြစ်ရဦးမည်။ အကြောင်း မူကား အရှေ့အရပ်၌ ညဥ့်ဖြစ်လျှင် အနောက်အရပ်၌ နေ့ဖြစ်ရမည်ဖြစ်သော ကြောင့်တည်း။





အနောက်အရပ်၌ နေထွက်၍ နေမွန်းတည့် နေဝင်သည်ကို ပြသော (၂) ပုံ

ရှင်းအမှတ် (၂) အနောက်အရပ်၌ နေထွက်၊ နေမွန်းတည့်၊ နေဝင်ပုံကို ထောက်ဆသောအားဖြင့် ဤကမ္ဘာမြေကြီးသည် အပြားမဟုတ် အလုံးဖြစ်သည် ဟု ဒုတိယနောက်ထပ် ကမ္ဘာလုံးတစ်လုံး ယူဆရလိမ့်ဦးမည်။ ဤသို့ ဒုတိယ နောက်ထပ် ကမ္ဘာလုံးတစ်လုံး ဖြစ်လာပြန်သဖြင့် အမှတ် (၁) ပုံအရ ကမ္ဘာလုံး တစ်လုံး အမှတ် (၂) ပုံအရ ကမ္ဘာလုံးတစ်လုံး ဤသို့ကမ္ဘာနှစ်လုံးဖြစ်လာ၍ ကမ္ဘာမြေကြီးသည် တစ်ခုသာရှိသဖြင့် ကမ္ဘာသည် (ဝါ) ကမ္ဘာလုံးသည် (၂) လုံးမဖြစ်တန်ဘဲနှင့် ဖြစ်လာပုံအပြစ်တည်း။ ဤကဲ့သို့မဖြစ်တန်ဘဲနှင့်ဖြစ်လာ ပုံ

အပြစ်ရှိမည်ဖြစ်သောကြောင့် ကမ္ဘာမြေကြီးသည် အလုံးမဟုတ် ကမ္ဘာမြေကြီးသည် အပြားသာဖြစ်သည်ဟု သိရမည်။

## ကမ္ဘာကြီးအပြားသည် ရေထုကြီး၌တည်နေပုံ

လေထုကြီးပေါ်၌ ရေထုကြီးတည်နေ၍ ရေထုကြီးပေါ်၌ မြေထုကြီးတည်နေလေသည်။ မြစ်ရေစသည်၌ သစ်ဖောင်သည် တည်နေနိုင်သလို ရေထုကြီးပေါ်၌ မြေထုကြီးသည် တည်နေနိုင်လေသည်။








ရေထုကြီး ပေါ်၌မြေထုကြီး တည်နေပုံ

## ကမ္ဘာမြေထုကြီးက မသွားမလည် နေက သွားလည်ပုံအကြောင်း

မီးရထားခုတ်မောင်းလာစဉ် မီးရထားလမ်းအနီးအပါးကနေ၍ကြည့်ပါက မုချ မီးရထားသာသွားသည်။ ကမ္ဘာမြေကြီးသည် မုချမသွားဟု အမှန်သိရလေသည်။ ထိုသို့ မီးရထားသာသွား၍ မြေကြီးမသွားသည်ကို ထောက်ဆသောအားဖြင့် နေသာ သွား၍ လည်နေကြောင်း သိရ၏။ မြေကြီးမသွားမလည်ကြောင်း မုချသိရမည်။ ဤကား သဘာဝဖြစ်ပုံတည်း။




တစ်နည်းအားဖြင့် လေယာဉ်ပျံ ပျံသန်းသွားလာနေစဉ် မြေကြီးကနေ၍ကြည့် ပါက မုချလေယာဉ်ပျံသွားသည်။ မြေကြီးသည်မုချမသွားဟု အမှန်သိရလေသည်။ ထိုသို့ လေယာဉ်ပျံကသာသွား၍ မြေကြီးကမသွားသည်ကို ထောက်ဆသောအား ဖြင့် နေသာသွား၍ လည်နေကြောင်း မြေကြီးမသွားမလည်ကြောင်း မုချသိရမည်။ ဤကားသဘာဝဖြစ်ပုံတည်း။




မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဖော်ပြပါပုံ၏အဓိပ္ပာယ်မှာ မြေကြီး၌စိုက်ထူထားသော ကျောက်တိုင်၏ထိပ်ဝယ် တပ်ဆင်ထားသော သံကွင်းကြီးနှင့် သံကွင်းကြိုးအောက်အစွန်း ဆွဲချိတ်ထားသည့်နည်းအတူ သံကွင်းကြိုးအထက်အစွန်းနှင့် ရဟတ်ယာဉ်၏ ဝမ်းဗိုက်တွင် ပြုပြင်တပ်ဆင်ထားသော သံကွင်းကြီးဆွဲချိတ်ထားပြီး ကောင်းကင်၌ အချိန်ကြာမြင့်စွာ ရပ်တည်နေသောပုံဖြစ်သည်။

ဤနေရာ၌ ဆိုလိုရင်းမှာ အကယ်၍ ကမ္ဘာမြေကြီးလည်၍သွားနေသည်ဟု ဆိုပါမူ ကောင်းကင်၌အချိန်ကြာမြင့်စွာ ရပ်တည်နေသော ရဟတ်ယာဉ်သည် ကမ္ဘာမြေကြီးလည်၍ သွားရာဘက်သို့ ရွေ့လျားပါသွားစရာ အကြောင်းရှိ၏။ ရဟတ်ယာဉ်သည် ကမ္ဘာမြေကြီးလည်၍သွားရာဘက်သို့ ရွေ့လျားပါမသွားဘဲ ကောင်းကင်၌ ရပ်တန့်နေမြဲတိုင်း ရပ်တန့်နေသည်ကို အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ပါမူ သိနိုင်သောကြောင့် ကမ္ဘာမြေကြီးလည်ပတ်ခြင်းမရှိဟု မုချတွေ့ရမည်။ သူတစ်ဦးက ကမ္ဘာမြေကြီးလည်နေသည်ဟု ပြောဆိုတိုင်း လွယ်လွယ်နှင့်မယုံကြည်သင့်ပေ။ ပညာရှိများစဉ်းစားယုံကြည်သင့်သည်။

## ၁၃၂၂-ခု တော်သလင်းလဆုတ် ၃ ရက်နေ့ထုတ် ပြည်သူ့အိုးဝေသတင်းစာ၌ သိကောင်းစရာ ဤကမ္ဘာ

(၁) ပတ်ချာလည်နေသော ကမ္ဘာလုံးကြီးသည် အနှစ်တစ်ရာလျှင် တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံခန့် အရှိန်လျော့ပါးနေ၏။ ဤနှုန်းအတိုင်းဆိုလျှင် နောင်ကာလပေါင်း သိန်း,သန်းကြာသောအခါ ကမ္ဘာလုံးကြီး၏ ပတ်ချာလည်ခြင်း လုံးဝရပ်တန့်လျက် ကမ္ဘာတစ်ခြမ်းသာလျှင် နေမင်းဘက်သို့ မျက်နှာပြုကာ ရပ်တည်နေရမည်ဖြစ်၏…ဟု ပါရှိလေသည်။

မီးရထားစီးသွားသောအခါ သစ်ပင်တွေပြေးသွား၍ လည်နေသည်။ မီးရထားမသွားမလည်ဟု လူတို့စိတ်မှာ ထင်သကဲ့သို့ နေမသွားမလည်ဘဲနှင့် နေသွား၍လည်နေကြောင်း ထင်မှတ်နေကြသည်ဟု အချို့ပြောဆိုရေးသားကြလေသည်။ ဤသို့ ပြောဆိုရေးသားခြင်းသည် မှန်ကန်သောပြောဆိုရေးသားခြင်းမဟုတ်ပေ။ အကြောင်းမူကား နေသွား မသွားဟူသော ယူဆချက်၌ မီးရထားစီးသော ဥပမာ

နှင့် မဆိုင်သောကြောင့်ပေတည်း။ နေသွား မသွားဟူသော ယူဆချက်၌ မီးရထား ခုတ်မောင်းလာစဉ် မီးရထားလမ်းအနီးအပါးကနေ၍ ကြည့်သောဥပမာနှင့်သာ ဆိုင်လေသည်။ ဆိုင်ပုံအကြောင်းမူကား မီးရထားအနီးအပါးကနေ၍ ကြည့်သော ဥပမာသည် မှန်ကန်၍သဘာဝကျသော ဥပမာဖြစ်ခြင်းကြောင့်ပေတည်း။

## ကမ္ဘာမြေကြီးလည်၍ နေမွန်းတည့်ရောင်ခြည်သည် အီကွေတာပေါ်သို့ ကျရောက်ခြင်းကြောင့်လည်းကောင်း၊ ဝင်ရိုးတိမ်းစောင်းခြင်းကြောင့်လည်းကောင်း ဥတုဖြစ်လာသည် နေ့ညဥ့်တူမတူဖြစ်လာသည်ဟု ယူဆကြခြင်းကို စိစစ်၍ ပြပုံအကြောင်း

ကမ္ဘာမြေကြီးလည်၍ နေမွန်းတည့်ရောင်ခြည်သည် အီကွေတာပေါ်သို့ တည့်မတ်စွာကျရောက်ခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့ဝင်ရိုးတိမ်းစောင်းခြင်းကြောင့်လည်းကောင်း ဥတုဖြစ်လာခြင်းမဟုတ်ပေ။ အကြောင်းမူကား ကမ္ဘာမြေကြီး မသွားမလည်သောကြောင့်ပေတည်း။

ကမ္ဘာမြေကြီးလည်၍ နေမွန်းတည့်ရောင်ခြည်သည် အီကွေတာပေါ်သို့ တည့်မတ်စွာကျရောက်ခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့ဝင်ရိုး တိမ်းစောင်းခြင်းကြောင့်လည်းကောင်း၊ နေ့ ညဥ့် တူမတူဖြစ်လာခြင်းမဟုတ်ပေ။ အကြောင်းမူကား ကမ္ဘာမြေကြီး မသွားမလည်သောကြောင့်ပေတည်း။

ကမ္ဘာမြေကြီး မသွားမလည် နေကသွား၍လည်သောကြောင့် နေနှင့်စပ်၍ မိုး၊ နွေ၊ ဆောင်းဟု ဥတုသုံးပါးဖြစ်လာသည်။ နေ့တာ ညဥ့်တာတူမျှခြင်း မတူမျှခြင်း ဖြစ်လာသည်။

ကမ္ဘာက မသွားမလည် နေကသွား၍ လည်နေကြောင်း ရေး၍ပြခဲ့ပြီ။ ပြန်၍ ကြည့်လေ။

ဥတုသုံးပါး ဖြစ်လာပုံ နေ့ ညဥ့် တူမတူ ဖြစ်လာပုံတို့ကို မြေပုံဆွဲ၍ ရေးပြီလတ္တံ့။

## နေသွား အလွန်လျင်မြန်ပုံအကြောင်း

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဩပမ္မသံယုတ်၌ ဗုဒ္ဓရှင်တော်ဘုရားက နေသွား အလွန်လျင်မြန်ကြောင်း ဟောတော်မူ၏။ ၎င်းနိဒါနဝဂ္ဂသံယုတ်အဖွင့် အဋ္ဌကထာဆရာက နေသွားလျင်မြန်ပုံကို အကျယ်ဖွင့်တော်မူ၏။ နေသွားလျင်မြန်ပုံအကျယ်ကို ရေး၍ပြအံ့။

နန်းရင်ပြင်၌ စိုက်ထူထားအပ်သော ကျောက်တိုင်၏ထိပ်ထက်၌ ရွှေဟင်္သာမင်းနေ၍ ကျောက်တိုင်၏ အရပ်လေးမျက်နှာ၌ ကျောက်တိုင်ကို ကျောကပ်စေ၍ အရပ်လေးမျက်နှာသို့ပစ်ရန် လေးသမားလေးယောက်ကို နေစေ၍ လေးသမားလေးယောက်ကို အရပ်လေးမျက်နှာသို့ မြားတို့ကို အပစ်မိုင်းပြီး ပထမပစ်လိုက်သော မြားနှင့်အတူ ရွှေဟင်္သာမင်းလိုက်သွား၍ ပထမမြားကို လေးမှ တစ်တောင်ခန့်၌ယူ၍ ဒုတိယမြားကို လေးမှ နှစ်တောင်ခန့်၌ယူပြီး တတိယမြားကို လေးမှ သုံးတောင်ခန့်ယူ၍ စတုတ္ထမြားကို မြေသို့မကျမီယူပြီးလျှင် ထို့နောက် မြားလေးစင်းနှင့်တကွ ကျောက်တိုင်၏ ထိပ်ထက်၌ ရွှေဟင်္သာမင်းနေ၏။

လိုရင်းအဓိပ္ပာယ်ကား မြားလေးစင်းမြေသို့မကျမီ ယူနိုင်ခြင်းသည် အလွန်လျင်မြန်၍ ယူနိုင်ခြင်းဖြစ်သည်ဟု ဆိုလို၏။

တစ်ဆယ်နှစ်ယူဇနာရှိသောမြို့၌ ရွှေဟင်္သာမင်းပျံသန်းရာဝယ် ရွှေဟင်္သာမင်းတစ်ဦးတည်းပင် ကြည့်သူအပေါင်းက ဟင်္သာပေါင်းတစ်ထောင်မက ထင်မြင်ရ၏။ ဤကား ရွှေဟင်္သာမင်း မြန်ပုံတည်း။

ရေးခဲ့ပြီးသော ရွှေဟင်္သာမင်းမြန်မြန်ပျံသန်းနိုင်သည်ထက် နေသွားက လျင်မြန်ကြောင်း ဗုဒ္ဓရှင်တော်ဘုရား ဟောထားတော်မူ၏။ နေသွား လျင်မြန်ကြောင်း ဗုဒ္ဓရှင်တော်ဘုရားဟောတော်မူခြင်းသည် အလွန်မှန်ကန်၏။ မှန်ကန်ပုံ အထောက်သာဓကကား–



ဤပုံပင်တည်း။

ဤပုံ၌ အဓိပ္ပာယ်ကား ကြိုးဖျား၌ ချိန် သီးလုံးကို ချည်ပြီး လူက အလယ်ကနေ၍ ဦးခေါင်းအထက်၌ ချိန်သီးလည်အောင် ကြိုးရင်းကကိုင်၍ လှည့်ပုံဖြစ်သည်။ ချိန်သီးသည် နေးနေးသလို မြန်မြန်သလို ချိန်သီးတစ်လုံးတည်းက တောင်တစ်လုံးမြောက် တစ်လုံး အရှေ့တစ်လုံး စသည်ဖြင့် ထင်ရမည်သာ။

## သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်ဟု ယူဆခြင်းကို စိစစ်၍ ပြပုံအကြောင်း

ယခုအခါ၌ သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်ဟု ပြောဆိုရေးသားကြ၏။ အဋ္ဌကထာတို့၌ တစ်ကျွန်းမိုက်သည်ဟု မဆိုကုန်၊ သုံးကျွန်းလင်းသည်ကိုသာ အဋ္ဌကထာဆရာတို့ဆိုကုန်၏။

**ဧကပ္ပဟာရေနေဝ တီသု ဒီပေသု ပညာယန္တိ**။ (သုတ်မဟာဝါ၊ မဟာပဒါနသုတ် အဖွင့်အဋ္ဌကထာ)။

**ဧကပ္ပဟာရေန တီသု ဒီပေသု အာလောကံ ကရောန္တိ**။ (သုတ်ပါထေယျ အဂ္ဂညသုတ် အဖွင့်အဋ္ဌကထာ)။

၎င်း အဋ္ဌကထာတို့၏ အဓိပ္ပာယ်ကား သုံးကျွန်းလင်းသည်ဟု ဆိုလို၏။ တစ်ကျွန်းလုံးဝမိုက်သည်ဟု မဆိုလို၊ ကျွန်းက လေးကျွန်းသာရှိ၍ ၎င်းလေးကျွန်းတွင် သုံးကျွန်းလင်းလျှင် တစ်ကျွန်းသာကျန်တော့၍ တစ်ကျွန်းလုံးဝမိုက်သည်ဟု ပြောကြဆိုကြ ရေးသားကြခြင်းသည် ဝိနည်းသာရတ္ထဒီပနီကာကိုကြည့်၍ ပြောကြဆိုကြ ရေးသားကြခြင်းဖြစ်သည်။ ဝိနည်းသာရတ္ထဒီပနီကာ ဖွင့်ခြင်းသည်

မမှန်ကြောင်း စွန့်ပစ်ရမည်ဖြစ်ကြောင်းကို စွယ်စုံကျော်ထင်ဒုတိယအုပ် (ဗာဟီ လမ်းသည်၊ နေ့မရှည်၊ မည်သို့ကျမ်း၌လာသနည်း) ဟူသော (၇၂၅) ပုစ္ဆာနံပါတ်၌ အဖြေရေးရာဝယ် (ဤနေရာ၌ ရှေးဆရာတို့ ဖြေဆိုပါသော်လည်း ဆန္ဒေဟွာ ဖြစ်လေရာ၏) ဟု မိန့်သည်ကို မြင်ရသဖြင့် သိရမည်။

ဝိနည်းသာရတ္ထဋီကာ သုံးကျွန်းလင်း တစ်ကျွန်းလုံးဝမိုက်သဘောဖြင့် ဆိုထားသော စကားသည် မမှန်ဘူးဟု စွယ်စုံကျော်ထင်ဆရာ ဆိုလို၏။

**မှတ်ချက်** စွယ်စုံကျော်ထင် ဆရာကား ဓိနတ္ထပကာသနီကျမ်းကြီး၊ စွယ်စုံကျော်ထင်ကျမ်းကြီး အစရှိကုန်သော ကျမ်းဂန်တို့ကို ရေးသားပြုပြင် စီရင်တော်မူသော ဉာဏ်ကြီးရှင် ကျီးသဲလေးထပ်ဆရာတော်ကြီးဖြစ်သည်။

## ပါဠိတော်နှင့် အဋ္ဌကထာတို့ အလိုအားဖြင့် သုံးကျွန်းလင်း၍ သုံးကျွန်းမိုက်ရမည့်အကြောင်း

ပဟာရ–သဒ္ဒါသည် ပုတ်ခတ်တီးခေါက်ခြင်း အနက်ကို ဟော၏။ ထို့ကြောင့် ပဟာရ–ကားနာရီပင်ဖြစ်၏။ ဃဋီ–သဒ္ဒါနာရီဟော ဖြစ်သကဲ့သို့ ရှေ့ပဟာရ–သဒ္ဒါ နာရီဟောဖြစ်၏။ နေသွားခြင်းသည် အလွန်မြန်သည်ဖြစ်၍ မြန်မာနာရီပေါင်း (၆၀) စက်နာရီ (၂၄) နာရီအတွင်း သုံးကျွန်းလင်း၍ သုံးကျွန်းမိုက်နိုင်သည်၊ ထို့ကြောင့် ဧကပ္ပဟာရေနေဝ–ဟူသော အဋ္ဌကထာ၌ စက်နာရီ (၂၄) နာရီ တစ်ပြိုင်တည်းဖြင့်သာလျှင်–ဟု အနက်ပေးရမည်။

နေသွားခြင်းသည် လျင်မြန်ကြောင်း ရေးခဲ့ပြီးပြီ ပြန်၍ကြည့်။

သုတ်ပါထေယျ အာဋ္ဌာနာဋိယသုတ်၌ ဗုဒ္ဓရှင်တော်ဘုရားက အရှေ့ကျွန်းက နေထွက်၍ အနောက်ကျွန်းနေဝင်သည်ဟု ဟောတော်မူရာ၌ အနောက်ကျွန်းနေဝင်သည့် နောက်ဘက်၌သာအမိုက်ဖြစ်၍ အနောက်ကျွန်းနေဝင်သည့် ရှေ့ဘက်၌ နေလင်းမည်ကို သိသဖြင့် စက်နာရီ–၂၄နာရီ တစ်ပြိုင်တည်း၌ အနောက်ကျွန်းနှင့် မြောက်ကျွန်းထက်ဝက် နေလင်း၊ မြောက်ကျွန်းထက်ဝက်နှင့် အရှေ့ကျွန်းအကုန် အမိုက်ဖြစ်၊ တောင်ကျွန်း အရှေ့ဘက်ထက်ဝက်နေလင်း၊ အနောက်ဘက်ထက်

ဝက်အမိုက်ဖြစ်သည်ဟု မှတ်၊ အနောက်ကျွန်း နေဝင်သည့် နောက်ဘက်၌သာ အမိုက်ဖြစ်ကြောင်း အမေရိကန်နေဝင်လျှင် အမေရိကန်၏နောက်ဘက်ဖြစ်သော ဌာနများသာ အမိုက်ဖြစ်သည်ကို မြင်သဖြင့် သိရမည်။

သုံးကျွန်းလင်း၊ သုံးကျွန်းမိုက်သည် တစ်ပြိုင်တည်းဖြစ်ပုံကို သဘောမကျလျှင် လက်နှိပ်ဓာတ်မီးကို အောက်သို့စိုက်၍ အလင်းရောင်တစ်စပ်တည်းမထင်အောင် လှည့်ကြည့်ပါက အချို့နေရာ၌လင်း၍ အချို့နေရာ၌ မိုက်သည်ကို တစ်ပြိုင်တည်းမှာပင် မြင်ရပါလိမ့်မည်၊ အောက်က ပြခဲ့သော ချိန်သီးလှည့်၍ ကြည့်ပုံနှင့် သဘောတူပင် ဖြစ်လေသည်။

**မှတ်ချက်** **"သုံးကျွန်းလင်း သုံးကျွန်းမိုက်ကို ပုံဆွဲ၍ ပြလတ္တံ့"**။

လေးကျွန်းစလုံးနှင့်တကွ မြင်းမိုရ်တောင်ကို လှည့်ပတ်၍ နေသွားရာ၌ မဇ္ဈန္တိကပုဒ်၊ မဇ္ဈိမယာမပုဒ်တို့ သုတ်ပါထေယျ အဋ္ဌကထာ၌ ပါ၏။ သုံးကျွန်းလင်းဟု ဆိုသော အဋ္ဌကထာကို ထောက်ဆ၍ မဇ္ဈန္တိကပုဒ်ကို သဒ္ဒါနည်းဖြင့် မဇ္ဈ-ပုဒ် အန္တိ-ပုဒ်ဟု ကြံရမည်၊ အန္တိ-ပုဒ်သည် အဆုံးဟူသော အနက်ကို ဟော၏။ အန္တိ-ကို သုတ်ကြီးဖြင့် အန္တိ-ပြု၍ **"အန္တီနံ မဇ္ဈော မဇ္ဈန္တိကော"** ဟု ပဋ္ဌမာတပ္ပုရိသ် သမာသ်ပြု။

အန္တီနံ-နေ့ညဉ့် အဆုံးနှစ်ခုတို့၏၊ မဇ္ဈော-အလယ်တည်း၊ မဇ္ဈန္တိကော-နေ့ညဉ့် အဆုံးနှစ်ခုတို့၏ အလယ်၊ သမာသ်ပုဒ်၏ အဆုံး၌ က-ပစ္စည်း သက်ထားသည်၊ ၎င်း က-ပစ္စည်းအနက်မရှိ မဇ္ဈန္တိကော-ဟူ၍လည်း အချို့စာ၌ ရှိ၏။ မဇ္ဈ-ပုဒ် အန္တ-ပုဒ်ဟု ကြံ၍ **"အန္တာနံ မဇ္ဈော မဇ္ဈန္တော"** ဟု ပဋ္ဌမာတပ္ပုရိသ် သမာသ်ပြု။

အန္တာနံ-နေ့ ညဉ့်အဆုံးနှစ်ခုတို့၏ မဇ္ဈောအလယ်တည်း၊ မဇ္ဈန္တော-နေ့ညဉ့် အဆုံးနှစ်ခုတို့အလယ်၊ **"မဇ္ဈန္တောယေဝ မဇ္ဈန္တိကော"** သွတ္ထတဒ္ဓိတ်ပြု၊ ဏိက-ပစ္စည်း အနက်မရှိ၊ မဇ္ဈိမယာမ၌ ယာမ-သဒ္ဒါသည် အချိန်ကိုဟော၏။ **"ယာမာနံ မဇ္ဈိမော မဇ္ဈိမယာမော"** ယာမာနံ-နေ့ညဉ့် အချိန်နှစ်ခုတို့၏ မဇ္ဈိမောအလယ်တည်း၊ မဇ္ဈိမယာမော-နေ့ညဉ့်အချိန်နှစ်ခုတို့၏အလယ်၊ သဒ္ဒနီတိ သုတ္တမာလာ၌ ပဋ္ဌမာ တပ္ပုရိသ် ရှိကြောင်းမိန့်၏။ ဤကား အရာဌာနကြည့်၍ သဒ္ဒါနည်းဖြင့် ကြံပုံတည်း။

အချို့ဌာနၝ မဇ္ဈန္တိကော–မဇ္ဈန္တိကော ပုဒ်တို့သည် နေမွန်းတည့်ကို ဟောကုန်၏။ ဤကဲ့သို့ နေမွန်းတည့်ဟောသောဌာနဖြစ်လျှင် မဇ္ဈပုဒ် အဟ–ပုဒ်ကြံ၍ အဟ–ကို အနိပြု အဟ–ကို အန္တာပြု၍ **"အဟာသ မဇ္ဈော မဇ္ဈန္တိကော"** အဟာသ–နေ့၏၊ မဇ္ဈော–အလယ်မွန်းတည့်တည်း၊ မဇ္ဈန္တိကော–နေ့၏အလယ်မွန်းတည့်၊ က–ပစ္စည်းအနက်မရှိ၊ **"အဟာသ မဇ္ဈော မဇ္ဈော မဇ္ဈန္တော"** အဟာသ–နေ့၏၊ မဇ္ဈော–အလယ်မွန်းတည့်တည်း၊ မဇ္ဈန္တော–နေ့၏ အလယ်မွန်းတည့်၊ **"မဇ္ဈန္တော ယေဝ မဇ္ဈန္တိကော"** သွတ္တတဒ္ဓိတ် ဤကား မွန်းတည့်ဟောရာ၌ သဒ္ဒါနည်းဖြင့် ကြံဆပုံတည်း။

လေးကျွန်းစလုံးနှင့်တကွ မြင်းမိုရ်တောင်ကို နေလှည့်ပတ်၍ သွားပုံကိုမိန့်သော အဋ္ဌကထာ၌ မဇ္ဈန္တိကော–ကို မွန်းတည့်အနက်မပေးရ၊ မဇ္ဈိမယာမော–ကို သန်းခေါင်ယံဟု အနက်မပေးရ၊ အကြောင်းမူကား မြင်းမိုရ်တောင်ကို နေလှည့်ပတ်၍ သွားရာ၌ သုံးကျွန်းလင်းကို ဆိုသောအရာ ဌာနဖြစ်ခြင်းကြောင့်တည်း။

**ဇမ္ဗုဒီပဝါသီနံ ဒီပေသု အာလောကံ ကရောန္တိ၊ ကထံ....ဇမ္ဗုဒီပေ ဒီပေသုရိယုဂ္ဂမနကာလော၊ ပုဗ္ဗဝိဒေဟေ မဇ္ဈန္တိကော ဟောတိ ဥတ္တရကုရူသု အတ္ထင်္ဂမနကာလော၊ အပရဂေါယာနေ မဇ္ဈိမယာမော၊ ပုဗ္ဗဝိဒေဟမှိ ဥဂ္ဂမနကာလော၊ ဥတ္တရ ကုရူသု မဇ္ဈန္တိကော၊ အပရဂေါယာနေ အတ္ထင်္ဂ မနကာလော၊ ဇမ္ဗု မဇ္ဈိမယာမော၊ ဥတ္တရကုရူသု ဥဂ္ဂမနကာလော၊ အပရ ဂေါယာနေ မဇ္ဈန္တိကော၊ ဇမ္ဗု အတ္ထင်္ဂမနကာလော၊ ပုဗ္ဗဝိဒေဟေ မဇ္ဈိမ ယာမော၊ အပရဂေါယာနဒီပေ ဥဂ္ဂမနကာလော၊ ဇမ္ဗု မဇ္ဈန္တိကော၊ ပုဗ္ဗဝိဒေဟေ အတ္ထင်္ဂမနကာလော၊ ဥတ္တရ ကုရူသု မဇ္ဈိမယာမော။**

(သုတ်ပါထေယျ အဂ္ဂညသုတ် အဖွင့် အဋ္ဌကထာ)

### မြန်မာသက်သက်

စက်နာရီ ၂၄–နာရီ တစ်ပြိုင်တည်းဖြင့်သာလျှင် သုံးကျွန်းတို့၌ အရောင်အလင်းကို ပြုကုန်၏။ အဘယ်သို့ စက်နာရီ ၂၄–နာရီ တစ်ပြိုင်တည်းဖြင့်သာလျှင် သုံးကျွန်းတို့၌ အရောင်အလင်းကို ပြုကုန်သနည်း ဓောဒကအမေးကို ဖြေဆိုအံ့။

ဤတောင်ကျွန်းက နေထွက်သောအချိန်အခါ အရှေ့ကျွန်း၌ နေ့၊ ညဥ့် အဆုံး နှစ်ခုတို့၏ အလယ်ဖြစ်၏။ မြောက်ကျွန်း၌ နေဝင်ချိန်ဖြစ်၏။ အနောက်ကျွန်း၌ နေ၊ ညဥ့် အချိန်နှစ်ခုတို့၏ အလယ်ဖြစ်၏။

အရှေ့ကျွန်း၌ နေထွက်သောအချိန်အခါ မြောက်ကျွန်း၌ နေ့၊ ညဥ့် အဆုံးနှစ်ခုတို့၏ အလယ်ဖြစ်၏။ အနောက်ကျွန်း၌ နေဝင်ချိန်ဖြစ်၏။ ဤတောင်ကျွန်း၌ နေ့ညဥ့်အချိန်နှစ်ခုတို့၏ အလယ်ဖြစ်၏။


မြောက်ကျွန်း၌ နေထွက်သော အချိန်အခါ အနောက်ကျွန်း၌ နေ့၊ ညဥ့်အဆုံး နှစ်ခုတို့၏ အလယ်ဖြစ်၏။ ဤတောင်ကျွန်း၌ နေဝင်ချိန်ဖြစ်၏။ အရှေ့ကျွန်း၌ နေ့၊ ညဥ့် အချိန်နှစ်ခုတို့၏ အလယ်ဖြစ်၏။

အနောက်ကျွန်း၌ နေထွက်သော အချိန်အခါ ဤတောင်ကျွန်း၌ နေ့-ညဥ့် အဆုံးနှစ်ခုတို့၏ အလယ်ဖြစ်၏။ အရှေ့ကျွန်း၌ နေဝင်ချိန်ဖြစ်၏။ မြောက်ကျွန်း၌ နေ့၊ ညဥ့် အချိန်နှစ်ခုတို့၏ အလယ်ဖြစ်၏။ ဤကားအဖြေတည်း။

တောင်ကျွန်းသည် ယူဇနာတစ်သောင်းရှိသည်ဟု ဆိုခြင်းသည် လူတို့သွားလာနေထိုင်သော အရပ်ကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ လူနေသုံးထောင်၊ ဟိမဝန္တာ တောနေသုံးထောင်၊ ရေနေ လေးထောင် ပေါင်းတစ်သောင်းဖြစ်၏။ ၎င်းယူဇနာတစ်သောင်းကား လူတို့သွားလာနေထိုင်လို့ဖြစ်သော အရပ်တည်း၊ လူတို့မရောက်နိုင်သော တော၊ တောင်၊ ရေ၊ မြေတို့ ဤတောင်ကျွန်း၌ ရှိကုန်၏။

## တောင်ကျွန်းနှင့် ကျွန်းသုံးကျွန်း ညီမျှပုံအကြောင်း

အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းတို့သည် တောင်ကျွန်းလောက် မကြီးကုန်၍ ကျွန်းသုံးကျွန်းပေါင်းပါမှ တောင်ကျွန်းတစ်ကျွန်းစာလောက်သာ ရှိသောကြောင့် တောင်ကျွန်းအကျယ်နှင့် သုံးကျွန်းပေါင်းအကျယ်သည် ညီမျှသည်မှတ်ပါ။




ဤပုံကား အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်း ဤသုံးကျွန်းတို့သည် တောင်ကျွန်းတစ်ကျွန်းစာလောက်သာရှိကုန်၏ဟု ပြသောပုံဖြစ်သည်။

သုတ်ပါထေယျ အာဋ္ဌာနာဋိယသုတ်၌ အရှေ့ကျွန်းကနေထွက်၍ အနောက်ကျွန်းနေဝင်ကြောင်း ဗုဒ္ဓရှင်တော်ဘုရား ဟောတော်မူခြင်းကြောင့် အတွင်းလမ်း၊ အလယ်လမ်း၊ အပြင်လမ်းတို့တွင် မည်သည့်လမ်းက သွားသည်ဖြစ်စေ၊ အရှေ့ကျွန်းနေထွက်အနောက်ကျွန်းနေဝင်သည်ချည်း ယူရမည်၊ နောက်၌ ပုံဆွဲ၍ ပြလတ္တံ့။


ပြပြီးသောပုံ၌ အရှေ့ကျွန်း (၁) က နေထွက်၍ အနောက်ကျွန်း (၂) သို့ နေဝင်ဟု ဟောတော်မူခြင်းသည် မိဂပဒဝဠဉ္ဇနနည်းဖြင့် ဟောတော်မူခြင်းဖြစ်သည်။ မိဂပဒဝဠဉ္ဇနနည်းကား ကျောက်ဖျာဝယ် တက်ရာဆင်းရာတို့၌ သားတို့၏ ခြေရာကို မြင်သဖြင့် ကျောက်ဖျာပေါ်၌ သားတို့၏ မြောက်သော ခြေရာဌာနချသော ခြေရာဌာနတို့ကို သိသောနည်းပင်တည်း။

လိုရင်းအဓိပ္ပာယ် အစ, နေထွက်နှင့် အဆုံး,နေဝင်ကို ဟောလိုက်သဖြင့် အလယ်၌ နေမွန်းတည့်ရာဌာန နေအဆုံး၊ လင်းရာဌာန နေအစ၊ ဝင်ရာဌာနတို့ကို သိရမည်ဟု ဆိုလိုသည်၊ ထိုစကားသည် မှန်၏ မှန်ပုံအထောက်သာဓကကား-

အမေရိကန်၌နေဝင်လျှင် အမေရိကန်၏အရှေ့ဘက်ရှိ ဌာနတွေ၌ ညဥ့်ဖြစ်ခြင်း မွန်းတည့်ဖြစ်ခြင်းသည်ပင် အထောက်သာဓကတည်း။

ထိုသို့ နေထွက်အစနေဝင်အဆုံးကို ဟောလိုက်သဖြင့် နေမွန်းတည့်ရာဌာန နေအဆုံးလင်းရာဌာန နေအစဝင်ရာဌာနတို့ကို သိကြရမည်။

## သုံးကျွန်းလင်းခိုက် သုံးကျွန်းမိုက်အကြောင်း





ဤပုံကား နေအလယ်လမ်းကသွားခိုက် သုံးကျွန်းတစ်ပြိုင်တည်းလင်း၍ သုံးကျွန်း တစ်ပြိုင်တည်းမိုက်ပုံ အဋ္ဌကထာလာ တိုင်းပြသောပုံတည်း။

ဤ အမှတ် (၁) ပုံ၌ အရှေ့ကျွန်း (က) နေရာက နေထွက်၍ အနောက်ကျွန်း (ခ) နေရာ၌ နေဝင်ရာဝယ် အရှေ့ကျွန်း၌ အနည်းငယ် မပြောပလောက်အောင် လင်းမည်၊ ဤသို့လင်းခြင်းသည် မပြောပလောက်၍ အရှေ့ကျွန်းအမိုက်ဖြစ်သည် ဟု ဆိုရမည်။ အနောက်ကျွန်း နေဝင်ရာဝယ် အနောက်ကျွန်း၌အနည်းငယ် မပြော ပလောက်အောင် မိုက်မည်၊ ဤသို့ မိုက်ခြင်းသည်မပြောပလောက်၍ အနောက် ကျွန်း၌အလင်းဖြစ်သည်ဟု ဆိုရမည်။ အရှေ့ကျွန်း (က) နေရာက နေထွက်၍ အနောက်ကျွန်း (ခ) နေရာ၌ နေဝင်ရာဝယ် တောင်ကျွန်းအရှေ့ထက်ဝက် နေ့ဖြစ် ၍ တောင်ကျွန်းအနောက်ထက်ဝက် ညဥ့်ဖြစ်သည်။ အနောက်ကျွန်း တစ်ကျွန်း လုံးနှင့် မြောက်ကျွန်းဗဟိုအထိ နေလင်းမည်။ မြောက်ကျွန်းထက်ဝက်နှင့် အရှေ့ ကျွန်းတစ်ကျွန်းလုံး ညဥ့်ဖြစ်ရသည်။ အမှတ် (၁) ပုံ၌ (....) ဤကဲ့သို့ အစက်

ကလေးများပြရာ ဌာနတို့သည် နေ့ဖြစ်၏။ (–) ဤကဲ့သို့ အနက်ကြောင်းပြရာဌာနတို့သည် ညဥ့်ဖြစ်၏။ ဤသို့ စက်နာရီ (၂၄) နာရီအတွင်း နေ့ ၂–ခု၊ ညဥ့် ၂–ခု တစ်ပြိုင်တည်း လေးကျွန်းစလုံး၌ ဖြစ်ရခြင်းသည် နေသွားအလွန်မြန်ခြင်းကြောင့် ဖြစ်ရသည်။ သုံးကျွန်းလင်းပုံ (...) အစက်ကြောင်းတို့ကို ကြည့်သော် တောင်ကျွန်း၌ အမှတ် (+)၊ အနောက်ကျွန်း၌ အမှတ် (+)၊ မြောက်ကျွန်း၌ အမှတ် (+) ပေါင်း သုံးကျွန်းတစ်ပြိုင်တည်း လင်းနေသည်။


သုံးကျွန်း တစ်ပြိုင်တည်းမိုက်ပုံ (–) အနက်ကြောင်းတို့ကို ကြည့်သော် တောင်ကျွန်းအမှတ် (ဝ)၊ မြောက်ကျွန်းအမှတ် (ဝ)၊ အရှေ့ကျွန်းအမှတ် (ဝ) ပေါင်းသုံးကျွန်းတစ်ပြိုင်တည်းမိုက်နေသည်။ ရေးခဲ့ပြီးသောပုံ၌ ကြည့်သော် တောင်ကျွန်း၌ နေ့တစ်ခု၊ ညဥ့်တစ်ခု ဖြစ်ပုံကို မြင်ရပါလိမ့်မည်။ အရှေ့၊ အနောက်၊ မြောက် သုံးကျွန်းတို့၌ နေ့တစ်ခု၊ ညဥ့်တစ်ခုဖြစ်ပုံကို မြင်ရပါလိမ့်မည်။ ထို့ကြောင့် ယခုအခါ တောင်ကျွန်းတစ်ကျွန်းတည်းမှာပင် အရှေ့မှာ နေ့၊ အနောက်မှာ ညဥ့်ဖြစ်နိုင်သည်ကို သိရမည်။

ရေးပြခဲ့သောပုံဖြင့် အရှေ့ကျွန်းက နေထွက်သည်ဟုဆိုသော အဋ္ဌကထာ ပါဠိတို့၌ မဇ္ဈိမကမဇ္ဈိမယာမတို့ကို ယူပုံကား **"ပုဗ္ဗဝိဒေဟမှိ ဥဂ္ဂမနကာလော"** အရှေ့ကျွန်း၌နေထွက်သော အချိန်ကား ပုံဝယ် (၁) အမှတ် ဌာနပင်တည်း။ **"ဥတ္တရကုရူသု မဇ္ဈန္တိကော"** မြောက်ကျွန်း၌ နေ့–ညဥ့် အဆုံးနှစ်ခုတို့၏ အလယ်ကား ပုံဝယ် (၂) အမှတ်ဌာနပင်တည်း၊ **"အပရဂေါယာနေ အတ္ထင်္ဂမနကာလော"** အနောက်ကျွန်း၌ နေဝင်ကာလကား ပုံဝယ် (၃) အမှတ်ဌာနပင်တည်း။ **"ဣဓ မဇ္ဈိမယာမော"** ဤတောင်ကျွန်း၌ နေ့–ညဥ့် အချိန်နှစ်ခုတို့၏ အလယ်ကား ပုံဝယ် (၄) အမှတ်ဌာနပင်တည်း။





ဤပုံကား အလယ်လမ်းကနေထွက်၍ (က)နေထွက် (ခ)နေဝင်ကို ပြသော ပုံဖြစ်သည်။

ဤအမှတ် (၂) ပုံ၌လည်း အရှေ့ကျွန်းကနေထွက် အဓိပ္ပာယ်သိဖို့ ရေးခဲ့သော ပထမအမှတ် (၁) ပုံကို နည်းမှီ၍ မဇ္ဈန္တိက–မဇ္ဈိမယာမတို့ကိုသိကြလေ၊ ဤပုံကို ကြည့်သောအားဖြင့် တောင်ကျွန်း၌ အရှေ့ညဥ့်၊ အနောက်နေ့ ဖြစ်ပုံကို သိရမည်။ (...) အစက်ကလေးများကား နေ့ဟုမှတ်၊ (–) အနက်ကြောင်းကား ညဥ့်ဟုမှတ်၊ နေသွားပုံအလွန်မြန်ခြင်းကို အမြဲတမ်းသတိပြု၊ ဤအမှတ် (၂) ပုံ၌လည်း သုံးကျွန်းလင်း၍ သုံးကျွန်းပင် မိုက်သည်ကို သိရမည်။ တောင်ကျွန်းတစ်ကျွန်းလုံးနှင့် ယောက်ဆလျှင်သော တောင်ကျွန်းအလယ်က နေထွက်သည်ဟု ဆိုရသည်။ နေထွက်အရပ်၌နေသော သူတို့အတွက်ကား အရှေ့က နေထွက်သည်ဟု ဆိုရမည်သာ။




ဤပုံကား အလယ်လမ်းကနေထွက်၍ (က)နေထွက် (ခ)နေဝင်ကို ပြသော ပုံဖြစ်သည်။

ဤအမှတ် (၃) ပုံ၌လည်း အရှေ့ကျွန်းက နေထွက် အဓိပ္ပါယ်သိဖို့ ရေးခဲ့သော ပထမအမှတ် (၁) ပုံကို နည်းမှီး၍ မဇ္ဈန္တိက–မဇ္ဈိမယာမတို့ကို သိကြလေ။ ဤပုံကို ကြည့်သောအားဖြင့် တောင်ကျွန်း၌ အရှေ့နေ့၊ အနောက်ညဥ့်ဖြစ်ပုံကို သိရမည်။ မိဂပဒဝဠဉ္ဇနနည်းကို အမြဲတမ်းသတိပြု၊ (...) အစက်ကလေးများကား နေ့ (–) အနက်ကြောင်းကား ညဥ့်ဟုမှတ်၊ နေသွားပုံအလွန်မြန်၍ စက်နာရီ (၂၄) နာရီအတွင်း လေးကျွန်းစလုံး၌ နေ့သုံးညဥ့်သုံးဖြစ်သည်ကို သတိပြု နောက်က ရေးခဲ့ပြီးပြန်၍ကြည့်လေ။




ဤပုံကား အလယ်လမ်းကနေထွက်၍ (က)နေထွက် (ခ)နေဝင်ကို ပြသော ပုံဖြစ်သည်။

ဤအမှတ် (၄) ပုံ၌လည်း ပထမအမှတ် (၁) ပုံကို နည်းမှီ၍သိလေ၊ ရေးပြခဲ့သော အမှတ် (၁) ပုံ၊ အမှတ် (၂) ပုံ၊ အမှတ် (၃) ပုံ၊ အမှတ် (၄) ပုံတို့ကား အဋ္ဌကထာလာ အဓိပ္ပာယ်တို့ကို သိရန်ရေးပြသောပုံတို့ဖြစ်သည်။ ရေးပြခဲ့သော အမှတ် (၁) ပုံ၊ အမှတ် (၂) ပုံ၊ အမှတ် (၃) ပုံ၊ အမှတ် (၄) ပုံတို့ကား ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော်၊ အဋ္ဌကထာဆရာတို့၏ အလိုတော်နှင့် ကိုက်ညီသော ပုံတို့ဖြစ်သည်။ ပုံတို့၌ သုံးကျွန်းလင်း၊ သုံးကျွန်းမိုက်ဖြစ်ပုံတို့ကို ပြထားသည်။ ဝိနည်းသာရတ္ထဒီပိကာလာတိုင်း သုံးကျွန်းလင်း၊ တစ်ကျွန်းလုံးဝမိုက်မဟုတ်၊ ဝိနည်းသာရတ္ထဒီပိကာလာ သုံးကျွန်းလင်းတစ်ကျွန်းလုံးဝမိုက် အဓိပ္ပာယ်ကို စွယ်စုံကျော်ထင် ဆရာတော်ကြီး အစရှိသော ပညာရှင်ရှေးဆရာတော်ကြီးတို့ မယူကြကုန်။

ရေးခဲ့ပြီးသော ပုံလေးပုံတို့၌ လိုရင်းအဓိပ္ပာယ်ကား သုံးကျွန်းလင်း၊ သုံးကျွန်းမိုက်ပုံကို သိကြရန်နှင့် တောင်ကျွန်း၌ နေ့ (၁)၊ ညဥ့် (၁) ဖြစ်ပုံကို သိကြရန် လိုရင်းအဓိပ္ပာယ်ပင်ဖြစ်**သည်။** မသိ၍ သဘောမပေါက်သေးလျှင် နေသွားအလွန်မြန်ကြောင်း **မိဂပဒဝဠဥ္စနနည်း** အကြောင်းတို့ကို ရေးထားသည်ကို ဓဏာဓဏာ ပြန်၍ကြည့်ကြလေ။ အမှတ် (၂)ပုံကား နေ တောင်ကျွန်းဗဟိုတည့်တည့်၌ အစ

လင်းခိုက်ကို ရည်ရွယ်၍ ရေးဆွဲသော ပုံဖြစ်သည်။ အမှတ် (၃) ပုံကား အနောက်ကျွန်းအစ၌ အစလင်းခိုက်ကို ရည်ရွယ်၍ ရေးဆွဲသောပုံဖြစ်သည်။ အမှတ် (၄) ပုံကား နေမြောက်ကျွန်းဗဟိုတည့်တည့်၌ အစလင်းခိုက်ကို ရည်ရွယ်၍ ရေးဆွဲသောပုံဖြစ်သည်။

## နေ အမြင့်အနိမ့် သွားရာ၌ လင်းပုံနှင့် အမိုက်မှောင်ဖြစ်ပုံအကြောင်း


နေ၏မျက်နှာဝသည် ယခုခေတ် လက်နှိပ်ဓာတ်မီးမုန်၏ မျက်နှာဝကဲ့သို့ အဝိုင်းဖြစ်သည်။ နေ၏အလင်းရောင်သည် နေဗိမာန်၏အောက်ဘက်၌ ထိုက်သင့်သလိုလင်း၍ နေဗိမာန်အထက်ဘက်၌ မလင်းပေ။ သဘောမကျလျှင် လက်နှိပ်ဓာတ်မီးကို မျက်နှာဝအောက်ဘက်ထား၍ ထိုးကြည့်လျှင် သဘောကျပါလိမ့်မည်။ အမိုက်မှောင်ဖြစ်ခြင်းသည် နေ၏မျက်နှာဝ ဘေးပတ်လည်ရှိ သတ္တုပစ္စည်းကြောင့် အမိုက်မှောင်ဖြစ်ရသည်။ ဥပမာကား လက်နှိပ်ဓာတ်မီးမျက်နှာဝဘေးပတ်လည်ရှိ သံ,သတ္တုစသော ပစ္စည်းကြောင့် အမိုက်မှောင်ဖြစ်သကဲ့သို့တည်း။ သဘောမကျလျှင် အမိုက်မှောင်၌ မတ်တတ်ရပ်၍ လက်နှိပ်ဓာတ်မီးမျက်နှာဝအောက်ဘက်ထား၍ထိုးကြည့် ဘေးပတ်လည်ရှိ သတ္တုပစ္စည်းကြောင့် အမိုက်မှောင်ဖြစ်သည်ဟု သဘောကျပါလိမ့်မည်။ ထိုသို့နေ၏မျက်နှာဝ ဘေးပတ်လည်ရှိ သတ္တုပစ္စည်းကြောင့် အမိုက်မှောင်ဖြစ်ခြင်းကို သိရသဖြင့် မြင်းမိုရ်တောင်ရိပ်ကြောင့် အမိုက်မှောင်ဖြစ်သည်ဟု ယူဆခြင်းသည် မဟုတ်မမှန်ပေ။ ရေးခဲ့ပြီးသည်တို့ကို ကြည့်ရှုသောအားဖြင့် နေလင်း၍နေ့ဖြစ်ပုံ၊ နေမလင်း၍ ညဉ့်ဖြစ်ပုံတို့ကို သိကြ ရမည်။ နေသည် မြောက်ယာဉ်စွန်းတန်းသွားသောအခါ မြင့်မြင့်သွားသည်။ နေ သည် တောင်ယာဉ်စွန်းတန်းသွားသောအခါ နိမ့်နိမ့်သွားသည်။ ဤကား နေ၏သဘာဝသတ္တိပင်တည်း။ မြင့်မြင့်သွားသောအခါ နေအလင်းများသည်။ နိမ့်နိမ့်သွားသောအခါ နေ အလင်းနည်းသည်။ သဘောမကျလျှင် လက်နှိပ်ဓာတ်မီးမျက်နှာဝကို အောက်ဘက်စိုက်ပြီး ညဉ့်အခါနိမ့်တုံမြင့်တုံပြု၍ ထိုးကြည့်လျှင် အမြင့်လုပ်၍ထိုးခိုက် အလင်းများသည်ကို မြင်ရမည်။ အနိမ့်လုပ်၍ထိုးခိုက် အလင်းနည်းသည်

ကို မြင်ရမည်။ ဤသို့မြင်ရလျှင် နေအမြင့်သွားသောအခါ နေအလင်းများပုံ၊ အနိမ့် သွားသောအခါ နေ အလင်းနည်းသည်ဟု သဘောကျလာမည်။




ဤလက်နှိပ်ဓာတ်မီး ထိုးကြည့်ပုံ (၂) ပုံကို ထောက်ဆသောအားဖြင့် နေ မြောက်လမ်းသွားခိုက် နေ့တာရှည်၍ ညဥ့်တာတိုမည်။ နေ တောင်လမ်းသွား ခိုက် နေ့တာတို၍ ညဥ့်တာရှည်မည်ကို သိရမည်။ ဤကား အရှေ့၊ အနောက် နေထွန်းလင်းပုံကို ရည်ရွယ်၍ နေ့၊ ညဥ့်မတူပုံကို ဆိုသောစကားတည်း။ မြောက် နှင့်တောင် နေထွန်းလင်းပုံကို ရေးပြလတ္တံ့။

**ဤပုံကား အရှေ့ကျွန်း (က) အမှတ်ပြနေရာက နေထွက်၍ အနောက်ကျွန်း (ခ) အမှတ်ပြနေရာ၌ နေဝင်ချိန် ဥတုသုံးပါးဖြစ်ပုံ နေ့ညဥ့် တူ မတူကိုပြသော ပုံဖြစ်သည်။**




သုတ်ပါထေယျ အာဋာနာဋိယသုတ်၌ ဗုဒ္ဓရှင်တော်ဘုရားက နေထွက်၊ နေဝင် အတွက် အရှေ့ကျွန်းကနေထွက်၍ အနောက်ကျွန်းက နေဝင်သည်ဟု **မိဂပဒဋ္ဌနနည်း** ဖြင့် ဟောထားလေသောကြောင့် အတွင်းလမ်း၊ အလယ်လမ်းတို့တွင် မည်သည့်လမ်းက သွားသည်ဖြစ်စေ အရှေ့နေထွက်၍ အနောက်နေဝင်ပုံကို ရေးဆွဲပြလိုက်သည်။ ပုံအတွင်းပိုင်းတွင်ပါရှိသည့် ||||| ယခုလိုအကွေးသုံးခု တို့ကား

နေသွားသောအတွင်းလမ်း၊ အလယ်လမ်း၊ အပြင်လမ်းတို့ကို သိမှတ်ရန်တို့ဖြစ်ကုန်၏။ နေသည် စင်စစ်အားဖြင့် မိုးကောင်းကင်၌သာ သွားလေသည်။ ထိုမိုးကောင်းကင်၌သာ သွားသော်လည်း နေ၏အရောင်လင်းသောအခါ ကမ္ဘာမြေကြီးရောက်အောင်လင်းသောကြောင့် ကမ္ဘာမြေကြီး၌ ဘယ်ကဘယ်အထိ နေလင်း၍ နေ့ဖြစ်သည်။ ဘယ်က ဘယ်အထိ နေမလင်း၍ ညဥ့်ဖြစ်သည်ဟု သိကြရန် လေးကျွန်းကမ္ဘာမြေပုံ၌ နေလမ်းသုံးခုတို့ကို ထည့်၍ရေးလိုက်သည်။ ပုံတွင် အကွေးသုံးခုကိုရေးဆွဲထားသော (။။။) ယခုလိုအကြောင်းတို့ကား မြန်မာနာရီအချိန်ကိုသိကြရန် သင်္ကေတအကြောင်းတို့တည်း။ မြန်မာနာရီသည် နေ့ (၃၀) ညဥ့် (၃၀) ပေါင်း (၆၀) ရှိသည်ဖြစ်၍ ပုံ၌ အကြောင်းပေါင်း (၆၀) ဆွဲ၍ တောင်ကျွန်းနေသွားလမ်း၌ ပြထားသည်။ အနောက်၊ အရှေ့မြောက်သုံးကျွန်းပေါင်း၌လည်း တောင်ကျွန်းနည်းအတိုင်း အကြောင်းပေါင်း (၆၀) ဆွဲ၍ သုံးကျွန်းနေသွားလမ်း၌ ပြထားသည်။ တောင်ကျွန်းအတွက် ဥတုသုံးပါး နေသွား နေ့၊ ညဥ့် တူမတူ ရေးပြလိုက်လျှင် ကြွင်းသုံးကျွန်းတို့၌ ရေးပြပြီး ဖြစ်တော့သည်။ အကြောင်းမှုကား သုံးကျွန်းပေါင်း၌ နေ့တစ်ခု၊ ညဥ့် တစ်ခုဖြစ်၍ နေသွား နေလာမှာ တောင်ကျွန်းနှင့်အတူပင် ဖြစ်ခြင်းကြောင့်ဟု ဆိုလိုသည်။

အထူးမှာကား တောင်ကျွန်း၌ နေထွက်သည့်အရပ်ကို အရှေ့ယူသကဲ့သို့ ကြွင်းသုံးကျွန်း၌လည်း နေထွက်သည့်အရပ်ကို အရှေ့ယူရမည် အမှန်ပင်၊ ကျွန်းသုံးကျွန်းနေထွက်ကား၊ အနောက်ကျွန်းပင်ဖြစ်လေသည်။ ထိုသို့ နေထွက်ရာ အရပ်ဖြစ်သောကြောင့် တောင်ကျွန်းသားက အနောက်ကျွန်းဟု အသိအမှတ်ပြုထားသော အနောက်ကျွန်းအရပ်ကို သုံးကျွန်းသားတို့က အရှေ့ဟု အသိအမှတ် ပြုကြသည်။

ပုံ၌ နေသွားလမ်း အတွင်းလမ်း၊ အလယ်လမ်း၊ အပြင်လမ်းဟု သိသာရုံ အကြောင်းသုံးကြောင်း ဆွဲထားသည်။ စင်စစ်မှုကား မြန်မာ လ အားဖြင့် အတွင်းလမ်း လေးလ၊ အလယ်လမ်း လေးလ၊ အပြင်လမ်း လေးလ သွားမည်ဖြစ်သဖြင့် ပေါင်း ၁၂–ကြောင်းဆွဲရမည်။ တစ်ရာသီတစ်ရာသီလျှင် တစ်လစီ၊ တစ်လစီနေ မင်းနေလေသည်။

အတွင်းလမ်းအစ၌ အရှေ့ကနေထွက်သောအခါ အမြင့်သွားဖြစ်၍ နေ

အလင်းများသဖြင့် မြန်မာနာရီအလို (၃၆) နာရီ၊ စက်နာရီအလို (၁၄) နာရီနှင့် မိနစ် (၂၄) နေထွန်းလင်းသောကြောင့် နေ့ ဖြစ်လာသည်။ ပုံ၌ အကြောင်းတို လေးတွေကို ရေတွက်ကြည့်သော် (၃၆) ကြောင်းဖြစ်ကြောင်း ပုံ၌အတွင်းလမ်း ဂဏန်းအမှတ်မပါသော (×) ကြက်ခြေပြထားသည့် မြန်မာနာရီအလို (၆၀) ဖြစ်၍ (၆၀) ထဲက (၃၆) နုတ်သော် (၂၄) ကျန်နေသဖြင့် မြန်မာနာရီအလို (၂၄) နာရီ၊ စက်နာရီအလို (၉) နာရီနှင့် မိနစ် (၃၆) နေ မထွန်းလင်းသောကြောင့် ညဥ့်ဖြစ်လာသည်။ ဤကား နေ့ နာရီကများ၍ ညဥ့်နာရီက နည်းသောကြောင့် နေ့တာရှည်၍ ညဥ့်တာတိုနေသဖြင့် နေ့ ညဥ့်မတူမျှဘဲ ဖြစ်ပုံတည်း၊ အတွင်းလမ်း၌ လေးလနေသွားခိုက် မိုးဥတုဟု ခေါ်သည်။

အလယ်လမ်း ဇဟိုတည့်တည့်၌ အရှေ့ကနေထွက်လာသောအခါ နေသည် မတိမ်းမစောင်းဘဲ တည့်တည့်မတ်မတ် မမြင့်မနိမ့်ဘဲ သွား၍ နေ့ အလင်းညီ မျှနေသဖြင့် မြန်မာနာရီအလို (၃၀) နာရီ၊ စက်နာရီအလို (၁၂) နာရီ နေ့ ထွန်း လင်းသောကြောင့် နေ့ ဖြစ်လာသည်။ ပုံ၌ အလယ်လမ်း ဂဏန်းအမှတ်မပါ သော (×) ကြက်ခြေပြထားသည်။ မြန်မာနာရီ (၆၀) ထဲက (၃၀) နုတ်သော် (၃၀) ကျန်နေသဖြင့် မြန်မာနာရီအလို (၃၀) နာရီ၊ စက်နာရီအလို (၁၂) နာရီ နေမထွန်းလင်းသောကြောင့် ညဥ့်ဖြစ်လာသည်။ ဤကား နေ့နာရီ၊ ညဥ့်နာရီ တူမျှနေသောကြောင့် နေ့တာ ညဥ့်တာ အညီအမျှ ဖြစ်ပုံတည်း။ အလယ်လမ်း၌ နေသွားခိုက် နွေဥတုခေါ်သည်။

အပြင်လမ်းအဆုံး၌ အရှေ့ကနေထွက်လာသောအခါ အနိမ့်သွားဖြစ်၍ နေ့ အလင်းနည်းသဖြင့် မြန်မာနာရီအလို (၂၄) နာရီ၊ စက်နာရီအလို (၉) နာရီနှင့် မိနစ် (၃၆) သာနေထွန်းလင်းသောကြောင့် နေ့ ဖြစ်လာသည်။ ပုံ၌ အပြင်လမ်း ဂဏန်းအမှတ်မပါသော (×) ကြက်ခြေပြထားသည်။ (၆၀) ထဲက (၂၄) နုတ် သော် (၃၆) ကျန်နေသဖြင့် မြန်မာနာရီအလို (၃၆) နာရီ၊ စက်နာရီအလို (၁၄) နာရီနှင့်မိနစ် (၂၄) နေ မထွန်းလင်းသောကြောင့် ညဥ့်ဖြစ်လာသည်။ ဤကား နေ့နာရီက နည်း၍ ညဥ့်နာရီကများသောကြောင့် နေ့တာတို၍ ညဥ့်တာရှည်နေ သဖြင့် နေ့-ညဥ့် မတူမျှဘဲ ဖြစ်ပုံတည်း။ အပြင်လမ်း၌ လေးလ နေသွားခိုက် ဆောင်းဥတုခေါ်သည်။

ပုံ၌ ဂဏန်းအမှတ်မပါသော (× × ×) ကြက်ခြေသုံးခုကိုကြည့်ပါ၊ နေသည် အမြင့်၊ အလတ်၊ အနိမ့် သူ့သဘာဝသတ္တိရှိသည့်အတိုင်းသွား၍ သဘာဝသတ္တိ ရှိသည့်အတိုင်း အများ၊ အလတ်၊ အနည်း ထိုက်သင့်သည့် အားလျော်စွာ ပထမ အများထွန်းလင်း၊ ဒုတိယ အလတ်ထွန်းလင်း၊ တတိယ အနည်းထွန်းလင်းရသော ကြောင့် နေ့တာတဖြည်းဖြည်း တိုလာ၍ ညဥ့်တာတဖြည်းဖြည်း ရှည်လာလေ သည်။

ကမ္ဘာ့ဝင်ရိုးတိမ်းစောင်းသောကြောင့် နေ့တာတို၍ ညဥ့်တာရှည်လာခြင်း မဟုတ်၊ နေ၏အရောင် အလင်းအားနည်းမှုကြောင့် နေ့တာတို၍ ညဥ့်တာ ရှည် ရခြင်းဖြစ်လေသည်။

ဤပြဆိုခဲ့ပြီးသော ပုံကား (က) အမှတ်ရှိသော အရှေ့ကျွန်းကနေထွက်၍၊ (ခ) အမှတ်ရှိသော အနောက်ကျွန်းတွင် နေဝင်ရာ၌ နေ့-ညဥ့် တူမတူနှင့် ဥတု သုံးပါး ဖြစ်လာပုံကို ပြဆိုသောပုံဖြစ်သည်။

## တောင်ကျွန်း အရှေ့ညဥ့် အနောက်နေ့ဖြစ်ရာ၌ နေ့-ညဥ့်တူမတူ ဖြစ်ပုံအကြောင်း

ရေးဆွဲခဲ့ပြီးသော ပုံ၌ အရှေ့နေထွက်ဖြစ်ရာဝယ် အတွင်းလမ်း၊ အလယ်လမ်း၊ အပြင်လမ်းနေသွားခြင်းကို ပြောင်းပြန်ပြု၍ တောင်ကျွန်းဝယ် အရှေ့ညဥ့်၊ အနောက် နေ့ ဖြစ်ရာ၌ အတွင်းလမ်း၊ အလယ်လမ်း၊ အပြင်လမ်းနေသွားပုံကို ယူရမည်။

ပြောင်းပြန်ပြု၍ ယူရပုံကား ရေးဆွဲခဲ့ပြီးသော ပုံ၌ အတွင်းလမ်းနေသွားရာ ဝယ် အတွင်း (၁) (×) ကြက်ခြေနေရာက နေထွက်ယူ၍ အတွင်း (က) အမှတ် ပြနေရာက စ၍ရေတွက်၊ အလယ်လမ်းနေသွားရာ၌ အလယ် (×) ကြက်ခြေနေ ရာက နေထွက်ယူ၍ အလယ် (ခ) အမှတ်ပြနေရာက စ၍ရေတွက်၊ အပြင်လမ်း နေသွားရာ၌ (၂) (×) ကြက်ခြေနေရာက နေထွက်ယူ၍ အပြင် (ဂ) အမှတ်ပြ နေရာက စ၍ရေတွက်၊ မြန်မာနာရီ သင်္ကေတအကြောင်းလေးတွေကို ရေတွက် ကြည့်လျှင် အတွင်းလမ်းနေသွားခိုက် တောင်ကျွန်းအနောက်၌ မြန်မာနာရီအလို (၃၆) နာရီ စက်နာရီအလို (၁၄) နာရီနှင့် မိနစ် (၂၄) နေထွန်းလင်းသောကြောင့်

အနောက်၌ နေ့ဖြစ်လာသည်။ မြန်မာနာရီအလို (၂၄) နာရီ၊ စက်နာရီအလို (၉) နာရီနှင့် မိနစ် (၃၆) ခန့် မထွန်းလင်းသောကြောင့် အရှေ့၌ ညဉ့်ဖြစ်လာသည်။ ဤကား နေ့နာရီကများ၍ ညဉ့်နာရီကနည်းသောကြောင့် နေ့တာရှည်၍ ညဉ့်တာတိုနေသဖြင့် နေ့-ညဉ့်မတူမျှဘဲ ဖြစ်ပုံတည်း။ အလယ်လမ်း၊ အပြင်လမ်း နေသွားတို့ကို အရှေ့နေထွက်ပုံက ရေးခဲ့ပြီးသည့်အတိုင်း နည်းမှီး၍ သိလေ။

အနောက်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်းပေါင်းသုံးကျွန်း၌လည်း ရေးခဲ့ပြီးသော တောင်ကျွန်းနေထွက်နေဝင်ကို နည်းမှီး၍ သိကြလေ။ အနောက်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်းသုံးကျွန်းပေါင်းပါမှ မြန်မာနာရီ (၆၀) နာရီ၊ စက်နာရီ (၂၄) နာရီ ရှိသည်။ နေထွက်နေဝင်ယူပုံ၊ နေ့-ညဉ့် တူမတူ ယူပုံ၊ ဥတု သုံးပါးယူပုံ တောင်ကျွန်းနည်းအတိုင်းပင်ဖြစ်သည်။

တောင်ကျွန်းသားက အနောက်ကျွန်းဟုခေါ်သော အနောက်ကျွန်းကို ကြွင်းသုံးကျွန်းသားတို့က အရှေ့ကျွန်းဟုခေါ်လေသည်။ အကြောင်းမှုကား နေထွက်ရာအရပ်ကို အရှေ့ဟုခေါ်ဝေါ်ပညတ်ခြင်းကြောင့်တည်း။

ရေးခဲ့ပြီးသည်တို့ကား အရှေ့၊ အနောက်နေသွားရာ၌ အရှေ့နှင့်အနောက် ခနေလင်းပုံ၊ မလင်းပုံတို့ကို ရေးပြခြင်းဖြစ်ကုန်၏။ တောင်နှင့်မြောက် ခနေလင်းပုံ မလင်းပုံတို့ကို ရေးပြခြင်းတို့ မဟုတ်ကုန်။

## နေသည် ဗဟိုလမ်းသွားရာ၌ အရပ်လေးမျက်နှာ ထွန်းလင်းပုံတူမျှ၍ နေသည် တိမ်းစောင်း၍သွားရာ၌ အရှေ့ဘက်၊ အနောက်ဘက်တို့၌ ထွန်းလင်းပုံနှင့် တောင်ဘက်နှင့် မြောက်ဘက်တို့၌ ထွန်းလင်းပုံတို့ မတူညီသောအကြောင်း

နေသည်အလယ်ဗဟိုလမ်း တစ်လမ်း၌သာ မတိမ်းစောင်းဘဲ တည့်တည့်မတ်မတ်သွား၍ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့၌ ထွန်းလင်းပုံ ညီမျှ၏။ နေသည် ဗဟိုတည့်တည့်က တောင်ယာဉ်စွန်းတန်းသွားသောအခါ တောင်ဘက်သို့တိမ်းစောင်း၍သွားလေသည်။ နေသည် ဗဟိုတည့်တည့်က မြောက်ယာဉ်စွန်းတန်းသွားသောအခါ မြောက်ဘက်သို့တိမ်းစောင်း၍ သွားလေ

သည်။ ဤသို့တိမ်းစောင်း၍သွားခြင်းသည် နေ၏သဘာဝသတ္တိပင်တည်း။ ဤသို့ တိမ်းစောင်း၍သွားသောကြောင့် တောင်ဘက်သို့နေရောက်ခိုက်၊ တောင်ဘက် မျက်နှာ၌ များစွာထွန်းလင်း၍ နေ၏အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌ များစွာမထွန်းလင်းပေ။ သဘောမကျလျှင် ညဦးမှောင်ခိုက်သောအခါ လွင်ပြင်ထွက်၍ မတ်တတ်ရပ်ပြီးလျှင် လက်နှိပ်ဓာတ်မီးမျက်နှာဝကို ပထမအောက်သို့ စိုက်ထား၍ အနည်းငယ်တောင်ဘက်သို့ စောင်း၍ထိုးကြည့်လျှင် ဓာတ်မီး၏မျက်နှာဝအောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌ များစွာမလင်းဘဲ တောင်ဘက်မျက်နှာ၌ များစွာလင်းသည်ကို တွေ့မြင်ရသောအခါ သဘောကျလာလိမ့်မည်။ ဤသို့ နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌ များစွာမလင်းဘဲ ထိုက်သင့်သလောက်လင်းခြင်းသည် အရှေ့ဘက်နှင့်အနောက်ဘက် လင်းခြင်းဖြစ်၏။ တောင်ဘက်မျက်နှာ၌ များစွာလင်းခြင်းသည် နေ၏တောင်ဘက်၌ များစွာလင်းခြင်းမည်၏။ ဤကား အရှေ့ဘက်၊ အနောက်ဘက်လင်းပုံနှင့် တောင်ဘက်မျက်နှာလင်းပုံ မတူဟု သိရပုံတည်း။

ဥပမာ– နေသည် တောင်ဘက် အပြင်လမ်း အဆုံးရောက်နေသည်ဆိုပါတော့ အောက်မျက်နှာဝစိုက်ထားသော လက်နှိပ်ဓာတ်မီးကို အရှေ့ဘက်သို့တိမ်းစောင်းသည်ဟု သိလောက်ရုံ၊ အရှေ့ဘက်၌တိမ်းစောင်း၍ တောင်ဘက်များများတိမ်းစောင်းပြီး လွင်ပြင်၌ ညဦးအခါထိုးကြည့်ပါက ဓာတ်မီးမျက်နှာဝအောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌ များစွာမလင်းဘဲ ဓာတ်မီးမျက်နှာဝအနောက်ဘက်၌ အမိုက်မှောင်များစွာဖြစ်သဖြင့် တောင်ဘက်၌ အလွန်အမင်းများများကြီး ပျံ့နှံ့၍ ထွန်းလင်းနေသည်ကို မြင်တွေ့ရသောအခါလိုပဲ နေသည် အရှေ့ဘက်၌ မြန်မာ (၂၄) နာရီ၊ စက် (၉) နာရီနှင့် မိနစ် (၃၆) လင်း၍ နေ့ဖြစ်ပြီး အနောက်ဘက်၌ မြန်မာ (၃၆) နာရီ၊ စက် (၁၄) နာရီနှင့် မိနစ် (၂၄) မိုက်၍ ညဦးဖြစ်သဖြင့် နေ၏တောင်ဘက်၌ အလွန်အမင်းများများကြီး ပျံ့နှံ့၍ ထွန်းလင်းနေသည်ဟု သိရမည်။ ထိုသို့ သိရသဖြင့် နေသည် သူ့သဘာဝသတ္တိအတိုင်း တောင်ဘက်သို့ တိမ်းစောင်းသောအခါ ထိုက်သင့်သည့်အားလျော်စွာ အရှေ့ဘက်၊ အနောက်ဘက် နေလင်းပုံနှင့် တောင်ဘက်လင်းပုံ မတူဟု မှတ်ရမည်။

ဤသို့ တောင်ယာဉ်စွန်းတန်းသွားရာ၌ တိမ်းစောင်း၍သွားရခြင်းကြောင့် နေ

တောင်ဘက်သို့ ရှေ့ရှုသွားစ ကတည်းက တဖြည်းဖြည်း တစ်စတစ်စ မြောက်ဘက်၌ မိုက်၍ တောင်ဘက်၌တဖြည်းဖြည်း တစ်စတစ်စ လင်းလာသည်ကို သိရမည်။ မသိ၍ သဘောမကျလျှင် ရေးခဲ့ပြီးသည့်အတိုင်း ဓာတ်မီးကိုတောင်ဘက်သို့ အနည်းငယ်စောင်း၍ ထိုးကြည့်မူ မြောက်ဘက်၌အမိုက်မှောင်ဖြစ်နေသည်ကို မြင်ရလိမ့်မည်။

နေသည် မြောက်ဘက်သို့တိမ်းစောင်းရာ၌ အရှေ့ဘက်၊ အနောက်ဘက် လင်းပုံနှင့် မြောက်ဘက်လင်းပုံမတူကြရာဝယ် သိဖို့ရန်ကား ဥပမာ–နေသည် မြောက်ဘက်အတွင်းလမ်း အဆုံးရောက်နေသည်ဆိုပါတော့၊ အောက်မျက်နှာဝ စိုက်ထားသောလက်နှိပ်ဓာတ်မီးကို အရှေ့မြောက်ထောင့်ဝယ် မြောက်ဘက်သို့ ခပ်များများ တိမ်းစောင်းပြီး လွင်ပြင်၌ ညဥ့်အခါ ထိုးကြည့်ပါက ဓာတ်မီးမျက်နှာဝ၏အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌ မြောက်ဘက်လင်းသလောက်မလင်းဘဲဓာတ်မီးမျက်နှာဝ၏ အနောက်ဘက်၌ အမိုက်မှောင်များစွာဖြစ်သဖြင့် မြောက်ဘက်၌အလွန်အမင်းများများကြီး ပျံ့နှံ့၍ထွန်းလင်းနေသည်ကို မြင်တွေ့ရသောအခါလိုပင် နေသည်အရှေ့ဘက်၌ မြန်မာ (၃၆) နာရီ၊ စက် (၁၄)နာရီလင်း၍ နေ့ ဖြစ်ပြီး အနောက်ဘက်၌ မြန်မာ (၂၄) နာရီ၊ စက် (၉) နာရီနှင့် မိနစ် (၃၆) မိုက်၍ ညဥ့်ဖြစ်သဖြင့် နေ၏မြောက်ဘက်၌ အလွန်အမင်းများများကြီး ပျံ့နှံ့၍ထွန်းလင်းနေသည်ဟု သိရမည်။ ထိုသို့ သိရသဖြင့် နေသည် သူ့သဘာဝသတ္တိအတိုင်း မြောက်ဘက်သို့တိမ်းစောင်းသွားသောအခါ ထိုက်သင့်သည့်အားလျော်စွာ အရှေ့ဘက်၊ အနောက်ဘက်နေလင်းပုံနှင့် မြောက်ဘက်လင်းပုံမတူကြဟု မှတ်ရမည်။ ဤသို့ မြောက်ယာဉ်စွန်းတန်းသွားရာ၌ တိမ်းစောင်း၍ သွားခြင်းကြောင့် နေမြောက်ဘက်သို့ ရှေးရှုသွားစကတည်းက တဖြည်းဖြည်း တစ်စတစ်စ တောင်ဘက်၌ မိုက်၍မြောက်ဘက်၌ တဖြည်းဖြည်း တစ်စတစ်စ လင်းလာသည်ကို သိရမည်။ မသိ၍ သဘောမကျလျှင် ရေးခဲ့ပြီးသည့်အတိုင်း ဓာတ်မီးကို မြောက်ဘက်သို့ အနည်းငယ်စောင်း၍ ထိုးကြည့်မူ တောင်ဘက်၌ အမိုက်မှောင်ဖြစ်နေသည်ကို မြင်ရလိမ့်မည်။

## မြောက်ဘက်နေလင်းလျှင် တောင်ဘက်မိုက်၍ တောင်ဘက်နေလင်းလျှင် မြောက်ဘက်မိုက်ပုံအကြောင်း

နေသည် ဗဟိုတည့်တည့်မြောက်ဘက်သို့သွားသောအခါ မြောက်ဘက်သို့ တဖြည်းဖြည်းတိမ်းစောင်း၍ တိမ်းစောင်း၍ သွားလေသောကြောင့်၊ တောင်ဘက်၌ တဖြည်းဖြည်း အမိုက်မှောင်ဖြစ်၍ အမိုက်မှောင်ဖြစ်၍ မြောက်ဘက်၌ တဖြည်းဖြည်း တရွေ့ရွေ့လင်း၍ လင်း၍ လာတော့သည်။ သဘောမကျလျှင် လက်နှိပ်ဓာတ်မီးကို အောက်သို့စိုက်၍ မြောက်ဘက်သို့တဖြည်းဖြည်းတိမ်းစောင်း၍ တရွေ့ရွေ့တိုးကြည့်ပါက တောင်ဘက်၌တဖြည်းဖြည်း တရွေ့ရွေ့အမိုက်မှောင်ဖြစ်၍ မြောက်ဘက်၌ တဖြည်းဖြည်း တရွေ့ရွေ့လင်း၍၊ လင်း၍ လာသည်ကို မြင်ရမည်။ ဤကား တောင်ဘက်၌ ထိုက်သင့်သလို အမိုက်မှောင်ဖြစ်၍ မြောက်ဘက်၌ ထိုက်သင့်သလို အလင်းဖြစ်လာပုံတည်း။

နေသည် ဗဟိုတည့်တည့်က တောင်ဘက်သို့ သွားသောအခါ တောင်ဘက်သို့ တဖြည်းဖြည်းတိမ်းစောင်း၍ တိမ်းစောင်း၍ သွားလေသောကြောင့် မြောက်ဘက်၌ တဖြည်းဖြည်း အမိုက်မှောင်ဖြစ်၍ အမိုက်မှောင်ဖြစ်၍ တောင်ဘက်၌ တဖြည်းဖြည်း လင်း၍ လင်း၍ လာတော့သည်။ သဘောမကျလျှင် လက်နှိပ်ဓာတ်မီးကို အောက်သို့စိုက်၍ တောင်ဘက်သို့ တဖြည်းဖြည်းတိမ်းစောင်း၍ တိမ်းစောင်း၍ ထိုးကြည့်ပါက မြောက်ဘက်၌ တဖြည်းဖြည်း အမိုက်မှောင်ဖြစ်၍ တောင်ဘက်၌ တဖြည်းဖြည်းလင်း၍ လင်း၍လာသည်ကို မြင်ရမည်။ ဤကား မြောက်ဘက်၌ ထိုက်သင့်သလို အမိုက်မှောင်ဖြစ်၍ တောင်ဘက်၌ ထိုက်သင့်သလို အလင်းဖြစ်လာပုံတည်း။ ဤသို့ မြောက်ဘက်နေလင်းလျှင် တောင်ဘက်မိုက်၍၊ တောင်ဘက်နေလင်းလျှင် မြောက်ဘက်မိုက်သည်ကို သိရမည်။ ဤသို့ မြောက်ဘက်လင်း တောင်ဘက်မိုက်၊ တောင်ဘက်လင်း မြောက်ဘက်မိုက်ဖြစ်ရခြင်းသည် နေသည် သူ့သဘာဝအတိုင်း တိမ်းစောင်း၍ သွားခြင်းကြောင့်ဖြစ်ရသည်။

## တစ်စတစ်စလင်း၍ တစ်စတစ်စမိုက်သဖြင့် အလွန်ဆုံး (၆)လလင်း၍ (၆)လမိုက်ရာ၌ အထူးမှတ်သားရမည့်အကြောင်း

(နေဗိမာန်ပုံကို နောက်၌ ရေးပြလတ္တံ့)

သုတ်ပါထေယျ အဂ္ဂညသုတ် အဋ္ဌကထာအလိုအားဖြင့် နေဗိမာန်သည် အစောက် အမြင့် ယူဇနာ (၅၀) ရှိ၍ အဝန်းအပိုင်း ပတ်လည် ယူဇနာ (၁၅၀) ရှိသဖြင့် အလွန်ကြီးကျယ်ခမ်းနားသော ဗိမာန်ကြီးတစ်ခု ဖြစ်လေသည်။ ဤသို့ ကြီးကျယ်ခမ်းနားသော နေဗိမာန်ကြီးသည် ဥပမာ အတောင် (၂၅) သို့မဟုတ်၊ အတောင် (၃၀) စသည် တိမ်းစောင်းရုံနှင့် သိသိသာသာကြီး တိမ်းစောင်းသည်ဟု မဆိုလောက်သေး၊ မသိမသာတိမ်းစောင်းသည်ဟု ဆိုရမည်သာ၊ အကြောင်းမှာ အလွန်ကြီးကျယ်ခမ်းနားသော နေ့ဗိမာန်ကြီးဖြစ်ခြင်းကြောင့်ပင် အတောင်ပေါင်း များစွာ နေဗိမာန်တိမ်းစောင်းမှသာ သိသိသာသာကြီး တိမ်းစောင်းသည်ဟု ဆိုရမည်သာ၊ ဤသို့သိသိသာသာကြီး မြောက်ဘက်သို့ဖြစ်စေ သို့မဟုတ် တောင်ဘက်သို့ဖြစ်စေ တိမ်းစောင်းလိုက်လျှင် နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက် လင်းသည်ထက်မြောက်ဘက်၌ဖြစ်စေ၊ သို့မဟုတ် တောင်ဘက်၌ဖြစ်စေ များစွာလင်းလိမ့်မည်ဟု သိရမည်။ နေသည် ဗဟိုတည့်တည့်က မြောက်ဘက်သို့ တဖြည်းဖြည်း တရွေ့ရွေ့သွားရာ ဝယ်ရေးပြလတ္တံ့သော အမှတ် (၁) ပုံ (၀) အက္ခရာအမှတ်ရာသီက ပထမအစ ပြု၍ မြောက်ဘက်သို့ နေ့တိမ်းစောင်း၍ သွားလေသည်။ ဤသို့ (၀) ရာသီက မြောက်ဘက်သို့ တိမ်းစောင်း၍သွားသော အခါ တောင်ဘက် (ဋ္ဌ) (ဌ) အမှတ်ရာသီ (၂) အိမ်တို့၌ အမိုက်ဖြစ်လေသည်။

အကြောင်းမှာ.....(၀) ရာသီက နေသည် တောင်ဘက် စ–ဆ–ဇ–ဈ–ည (၅) ရာသီသို့ရောက်အောင် ထွန်းလင်း၍ ဋ္ဌ ဌ (၂) ရာသီတို့ကို မထွန်းလင်း နိုင်သောကြောင့်တည်း။ မြောက်ဘက်၌ မြန်မာ (၅၆) နာရီ၊ စက် (၂၂) နာရီနှင့် မိနစ် (၂၄) ထွန်းလင်း၏။ နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌မူ မြောက်ဘက်လောက်များများကြီး မထွန်းလင်းဘဲ၊ မြန်မာ (၃၂) နာရီ၊ စက် (၁၂) နာရီနှင့် မိနစ် (၄၈) လောက်သာ ထွန်းလင်းနိုင်လေသည်။ နောက် နောက် ရာသီအိမ်တို့၌ နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက် ထွန်းလင်းပုံ

မရေးတော့ဘဲ မြောက်ဘက်နှင့်တောင်ဘက်အတွက်သာ လင်းပုံ၊ မိုက်ပုံတို့ကို ရေး၍ပြမည်။ (ဃ) ရာသီက မြောက်ဘက်သို့တိမ်းစောင်းသွားသောအခါ တောင်ဘက် ည–ဋ–ဌ ရာသီသုံးခုတို့၌ အမိုက်မှောင်ဖြစ်၍ စ–ဆ–ဇ–ဈ (၄) ရာသီသို့ရောက်အောင် ထွန်းလင်းသဖြင့် မြောက်ဘက်၌ မြန်မာ (၅၇) နာရီ၊ စက် (၂၂)နာရီနှင့် မိနစ် (၄၈) ထွန်းလင်း၏။ (ဂ) ရာသီက မြောက်ဘက်သို့ တိမ်းစောင်း၍သွားသောအခါ တောင်ဘက် ဈ–ည–ဋ–ဌ ရာသီ (၄) ခုတို့၌ အမိုက်မှောင်ဖြစ်၍ စ–ဆ–ဇ (၃) ရာသီသို့ ရောက်အောင် ထွန်းလင်းသဖြင့် မြောက်ဘက်၌ မြန်မာ (၅၈) နာရီ၊ စက်(၂၃) နာရီနှင့် မိနစ် (၁၂) ထွန်းလင်း၏။ (ခ) ရာသီကမြောက်ဘက်သို့ တိမ်းစောင်း၍သွားသောအခါ တောင်ဘက် ဇ–ဈ–ည–ဋ–ဌ ရာသီ (၅) ခုတို့၌ အမိုက်မှောင်ဖြစ်၍ စ–ဆ (၂) ရာသီသို့ရောက် အောင် ထွန်းလင်းသဖြင့် မြောက်ဘက်၌ မြန်မာနာရီ (၅၉)၊ စက် (၂၃) နာရီနှင့် မိနစ် (၃၆) ထွန်းလင်း၏။ ဤသည်တို့ကား ရေးပြလတ္တံ့သော အမှတ် (၁) ပုံ၌ အက္ခရာအမှတ် ရာသီတို့ကိုကြည့်၍ မြောက်ဘက်၌ထွန်းလင်းပုံ၊ တောင်ဘက်၌တဖြည်းဖြည်း တရွေ့ရွေ့ တရွေ့ရွေ့ အမိုက်မှောင်ဖြစ်ပုံတို့တည်း။ ရေးပြလတ္တံ့သောအမှတ် (၁) ပုံဝယ် (က) အမှတ်ရာသီက မြောက်ဘက်သို့ တိမ်းစောင်း၍ သွားသောအခါ ဆ–ဇ–ဈ–ည–ဋ–ဌ ရာသီ (၆) ခုတို့၌ အမိုက်မှောင်ဖြစ်၍ ခ–ဂ–ဃ–င–စ (၅) ရာသီသို့ ရောက်အောင်ထွန်းလင်းသဖြင့် မြောက်ဘက်၌ မြန်မာ (၆၀) နာရီ၊ စက် (၂၄) နာရီထွန်းလင်း၏။ ဤကား ရေးပြလတ္တံ့သော အမှတ် (၂) ပုံတွင် မြောက်ဘက်၌ (၆) လလင်း၍ တောင်ဘက်၌ (၆) လမိုက်ပုံ ရေးထားသည့်အတိုင်း ပြလိုက်ခြင်းဖြစ်သည်။ ရေးပြလတ္တံ့သော အမှတ် (၂) ပုံကို ကြည့်လေ။

**အထူးမှတ်ချက်** ရေးပြလတ္တံ့သော အမှတ် (၁) ပုံ မြောက်ယာဉ်စွန်းတန်း (င) အမှတ်ရာသီက မြောက်ဘက်သို့နေတိမ်းစောင်း၍သွားသောအခါ တောင်ယာဉ်စွန်းတန်း ဋ–ဌ (၂) ရာသီတို့၌ အမိုက်မှောင်ဖြစ်ရာဝယ် အရှေ့ နေ့၊ အနောက် ည၌ အဖြစ်ဖြင့်သွားသည်ဖြစ်စေ၊ အရှေ့ ည၌၊ အနောက် နေ့ အဖြစ်ဖြင့်

သွားသည်ဖြစ်စေ ဘယ်လိုပင်သွားသွား ဋ-ဌ ရာသီတို့၌ အမိုက်မှောင်ဖြစ်ရမည်။ အကြောင်းမှာ (င) အမှတ်ရာသီက အရှေ့နေ့ဖြစ်မိုက် သွားသည်ဖြစ်စေ၊ အနောက်နေ့ဖြစ်မိုက် သွားသည်ဖြစ်စေ ဘယ်လိုပင် နေ့အဖြစ်နှင့်သွားသွား နေသည် ဋ-ဌ (၂) ရာသီတို့၌ မထွန်းလင်းသောကြောင့်တည်း။ သို့ဖြစ်၍ ဋ-ဌ ရာသီ ၂-ရပ်ပေါင်း ၂-လတိတိ အမိုက်မှောင် ဖြစ်နိုင်လေသည်။ (င) ရာသီ အမှတ်ကနေ၍ အရှေ့နေ့အဖြစ်ဖြင့် နေသွားသောအခါ တောင်ယာဉ်စွန်းတန်းနေနှင့် တိုက်ဆိုင်သော ဆ-ဇ-ဈ-ည (၄) ခုတို့၌ နေ ထွန်းလင်း၏။ နေနှင့်မတိုက်ဆိုင်သော ဆ-ဇ-ဈ-ည (၄) ခုတို့၌ မထွန်းလင်း၊ အနောက်နေ့အဖြစ်ဖြင့် နေသွားသောအခါ တောင်ယာဉ်စွန်းတန်း နေနှင့်တိုက်ဆိုင်သော ဆ-ဇ-ဈ-ည (၄) ခုတို့၌ နေထွန်းလင်း၏။ နေနှင့် မတိုက်ဆိုင်သော ဆ-ဇ-ဈ-ည (၄) ခုတို့၌မထွန်းလင်း။ လိုရင်းအဓိပ္ပာယ်မှာ......ဋ-ဌ (၂) ရာသီတို့၌ ၂-လတိတိ အမြဲအမိုက်မှောင် ဖြစ်သဖြင့် ဆ-ဇ-ဈ-ည (၄) ရာသီတို့၌မူ ဘလုံ့-နလုံ့ နေ့ဖြစ်သည်။ အမြဲတမ်း နေ့မဖြစ်ဟု ဆိုလိုသည်။ (င) အမှတ်ရာသီ၌ ရေးခဲ့သော အမြဲတမ်းနေ့ဖြစ် အမြဲတမ်း နေ့မဖြစ်နည်းကို အမှီပြု၍ မြောက်ယာဉ်စွန်းတန်းရှိ ခ-ဂ-ဃ ရာသီတို့၌သိကြလေ။ လိုရင်းအဓိပ္ပာယ်ကိုသာ ရေးပြအံ့။ (ဃ) ရာသီက နေသွားအံ့ ဆ-ဇ-ဈ ရာသီတို့၌ နေ့မမြဲ၊ ည-ဋ-ဌ ရာသီတို့၌ အမိုက်မှောင်(၃) လအမြဲ ဖြစ်၊ (ဂ) ရာသီကနေသွားမိုက် ဆ-ဇ နေ့မမြဲ၊ ဈ-ည-ဋ-ဌ ရာသီတို့၌ အမိုက်မှောင် (၄) လ အမြဲဖြစ်၊ (ခ) ရာသီက နေ, သွားမိုက် ဆ-၌ နေ့,မမြဲ၊ ဇ-ဈ-ည-ဋ-ဌ ရာသီတို့၌ အမိုက်မှောင် (၅) လအမြဲဖြစ်၊ မြောက်ယာဉ်စွန်းတန်း (က) ရာသီက နေသွားမိုက် တောင်ယာဉ်

စွန်းတန်း ဆ–ဇ–ဈ–ည–ဋ–ဌ ရာသီတို့၌ အမိုက်မှောင် (၆) လ အမြဲတမ်းဖြစ်သည်။ ရေးခဲ့ပြီးသည်တို့ကို ကြည့်သော အားဖြင့် မြောက်ယာဉ်စွန်းတန်း နေ့သွားခိုက် တောင်ယာဉ် စွန်းတန်း၌ ၂–လ ညဥ့်ဖြစ်၊ ၃–လ ညဥ့်ဖြစ်၊ ၄ လ ညဥ့်ဖြစ်၊ ၅–လ ညဥ့်ဖြစ်၊ ၆–လညဥ့် ဖြစ်သည်ဟု သိရမည်။

မြောက်ယာဉ်စွန်းတန်းနေသွားခိုက် မြောက်ယာဉ်စွန်းတန်း၌ နေ့ ဖြစ်ပုံမှာ မြောက်ယာဉ်စွန်းတန်း နေ့သွားသောအခါ နေသည် မြောက်ဘက်သို့တိမ်းစောင်း၍ သွားသဖြင့် မြောက်ဘက်အရပ်၌ များစွာထွန်းလင်းသောကြောင့် အချို့အရပ် (၁) လ ထွန်းလင်း၊ အချို့အရပ်၌ (၂) လထွန်းလင်း၊ အချို့အရပ်၌ (၃) လထွန်းလင်း၊ အချို့အရပ်၌ (၄) လထွန်းလင်း၊ အချို့အရပ်၌ (၅) လထွန်းလင်း၊ အချို့အရပ်၌ (၆) လထွန်းလင်းမည်။ နေသည် မြောက်ဘက်သို့ တိမ်းစောင်း၍ သွားသဖြင့် မြောက်အရပ်၌ များစွာထွန်းလင်းသောကြောင့် အရှေ့နေ့၊ အနောက်ညဥ့်၊ အနောက်နေ့ အရှေ့ညဥ့်ဘယ်လိုပင်ဖြစ်ဖြစ် မြောက်အရပ်မှာ အရှေ့ အနောက် တစ်ဆက်တည်းထွန်းလင်းမည်သာ၊ နေ၏အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌ကား ဘလုံနလုံနေ့ညဥ့် ဖြစ်သည်။ အရှေ့နေ့ အနောက်ညဥ့်၊ အနောက်နေ့ အရှေ့ညဥ့်ဖြစ်ခြင်းသည် နေ၏အောက်ဘက်၌သာဖြစ်သည်။ မြောက်အရပ်၌ ဖြစ်သည်မဟုတ်၊ သဘောမကျလျှင် လက်နှိပ်ဓာတ်မီးကို မျက်နှာဝ အောက်စိုက်ထား၍ မြောက်ဘက်သို့တိမ်းစောင်းပြီး ထိုးကြည့်ပါ၊ ဓာတ်မီး၏ မျက်နှာဝ အောက်ဘက်၌သာ အရှေ့ဘက်,အနောက်ဘက်လင်းသည်ကိုမြင်၍ မြောက်ဘက်၌ များစွာလင်းသည်ကိုမြင်သောအခါ သဘောကျလာလိမ့်မည်။


တောင်ယာဉ်စွန်းတန်း နေသွားခိုက် မြောက်ယာဉ်စွန်းတန်း၌ တဖြည်းဖြည်း တရွေ့ရွေ့ညဥ့်ဖြစ်ရပုံ၊ တောင်ယာဉ်စွန်းတန်း၌ ထွန်းလင်းပုံတို့ကို မြောက်ယာဉ်စွန်းတန်းနေသွားခိုက်က ရေးခဲ့သည်တို့ကို နည်းမှီး၍ သိလောက်သဖြင့် ရေး၍ မပြတော့ပြီ၊ မြောက်ဘက်၌ ခြောက်လ အမိုက်မှောင်ဖြစ်၍ တောင်ဘက်၌ ခြောက်လ လင်းသည်ကို ရေးပြလတ္တံ့သော အမှတ် (၃) ပုံ၌ကြည့်လေ။

လိုရင်းအဓိပ္ပာယ်မှာ နေတိမ်းစောင်း၍သွားရာ၌ နေ၏အောက်ဘက်၌ ထွန်း

လင်းပုံနှင့် တောင်ဘက်၊ မြောက်ဘက်တို့၌ ထွန်းလင်းပုံတို့သည် မတူကြ၊ တစ်မျိုးစီဖြစ်သည်ဟု ဆိုလိုသည်။

နေသည် နေ့နာရီ ညဉ့်နာရီအညီအမျှအဖြစ်ဖြင့် ဗဟိုလမ်းသွားရာ၌ မတိမ်းမစောင်းဘဲ တည့်တည့်မတ်မတ်သွားလေသည်။ နေသည် နေ့နာရီ ညဉ့်နာရီ မညီမမျှအဖြစ်ဖြင့်သွားရာ၌ တိမ်းစောင်း၍သွားလေသည်။ ဤသို့ တည့်တည့်မတ်မတ်သွားခြင်းသည် နေ၏သဘာဝသတ္တိပင်ဖြစ်လေသည်။

ကမ္ဘာလုံးလည်၍ နေမွန်းတည့် ရောင်ခြည်သည် အီကွေတာပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်ခြင်းမဟုတ် နေ, တည့်တည့် မတ်မတ်သွားခြင်း ဖြစ်သည်။ ကမ္ဘာဝင်ရိုးစွန်းတိမ်းစောင်းခြင်းမဟုတ် နေ, တိမ်းစောင်းခြင်းဖြစ်သည်။




အမှတ်(၁)ပုံ

တောင်ဘက်တဖြည်းဖြည်းမိုက်၍ မြောက်ဘက်တဖြည်းဖြည်းလင်းပုံနှင့်
မြောက်ဘက်တဖြည်းဖြည်းမိုက်၍ တောင်ဘက်တဖြည်းဖြည်းလင်းပုံ




အမှတ်(၂)ပုံ
မြောက်ဘက်-၆-လ-လင်း၍
တောင်ဘက်-၆-လ-မိုက်ပုံ

အမှတ်(၃)ပုံ
တောင်ဘက်-၆-လ-လင်း၍
မြောက်ဘက်-၆-လ-မိုက်ပုံ


အမှတ် (၁) ပုံ၊ အမှတ် (၂) ပုံ၊ အမှတ် (၃) ပုံတို့ကား တောင်ဘက်နှင့် မြောက်ဘက် နေ့လင်းပုံ၊ တောင်ဘက်နှင့်မြောက်ဘက် နေ့မလင်းဘဲ အမိုက်ဖြစ်ပုံတို့ကို ပြသောပုံဖြစ်ကုန်၏။ လိုရင်းမှာ ထိုက်သင့်သလို မြောက်ဘက်လင်း တောင်ဘက်မိုက်၊ တောင်ဘက်လင်း မြောက်ဘက်မိုက်တို့ကို ပြသောပုံဖြစ်ကုန်သည်။

နေ့ မြောက်ဘက်တိမ်းစောင်း၍သွားသောအခါ နေထွက်သောရာသီနှင့်တကွ တောင်အရပ်၌ (၆) ရာသီသာလင်းလေသည်။ တစ်ရာသီ တစ်ရာသီ၌ အနံကား

တစ်သိန်းနှစ်သောင်း ငါးထောင်ရှိလေသည်။ ဥပမာ–ရေးပြပြီးသော အမှတ် (၁) ပုံဝယ် (င) အမှတ်ရာသီကနေ၍ နေသည်မြောက်ဘက်သို့ တိမ်းစောင်း၍ သွားသောအခါ တောင်ဘက်၌ ဆ–ဇ–ဈ–ည ရာသီတို့သာ လင်းသည်။ အကြောင်းမှာ (င) ရာသီကစ၍ ရေတွက်သော် င–စ–ဆ–ဇ–ဈ–ည ဟု (၆) ရာသီရှိသော ကြောင့်တည်း။ ဤကား တောင်အရပ်နှင့်စပ်၍ ယူရပုံတည်း။ င–စ–ဇ–ဆ–ဈ–ည (၆) ရာသီတို့က သိန်း၊ သောင်း၊ ထောင်တို့ကို ပေါင်းသော် ၇–သိန်းနှင့် ငါးသောင်းရ၏။ ၎င်း ၇–သိန်းနှင့် ငါးသောင်းကို နာရီဖွဲ့သော် မြန်မာ (၁၅) နာရီ၊ စက် (၆) နာရီရ၏။ နာရီဖြင့်ပြောသော် (င) ရာသီကစ၍ ည ရာသီအထိ မြန်မာ (၁၅) နာရီ၊ စက် (၆) နာရီလင်းသည်ဟု ပြောရလိမ့်မည်။ (ဃ) ရာသီက နေထွက် (ဈ) ရာသီအထိ လင်း၏။

အကြောင်းမှာ ဃ–င–စ–ဆ–ဇ–ဈ (၆) ရာသီသာ တောင်ဘက်၌ လင်းနိုင်ခြင်းကြောင့်တည်း။ ခရီးဖြင့်ပြောသော် ၇နှစ်သိန်း ငါးသောင်းလင်းသည်ဟု ပြောရမည်။ နာရီဖြင့်ပြောသော် မြန်မာ (၁၅) နာရီ၊ စက် (၆) နာရီလင်းသည်ဟု ပြောရလိမ့်မည်။ ဂ–ခ–က ရာသီတို့၌ ရာသီဖြင့် လင်းပုံ၊ ခရီးဖြင့်လင်းပုံ၊ နာရီဖြင့်လင်းပုံတို့ကို င–ဃ ရာသီတို့အတွက် ရေးပြပြီးသည်တို့ကို နည်းမှီး၍ ကြည့်ကြလေ။ လိုရင်းအဓိပ္ပာယ်မှာ နေတိမ်းစောင်း၍သွားသောအခါ နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက် လင်းပုံ၊ နေ၏ တောင်ဘက်လင်းပုံ၊ နေ၏မြောက်ဘက်လင်းပုံတို့မတူကြ၊ နေ၏အောက်ဘက် အရှေ့ဘက်လင်းပုံက နာရီတစ်မျိုး၊ နေ၏တောင်ဘက်လင်းပုံက နာရီတစ်မျိုး၊ နေ၏မြောက်ဘက်လင်းပုံက နာရီတစ်မျိုးဖြစ်သည်ဟု ဆိုလိုသည်။ မြောက်ဘက်သို့တိမ်းစောင်း၍သွားရာ၌ နေ၏တောင်ဘက်လင်းပုံက နာရီနည်း၍ နေ၏မြောက်ဘက်လင်းပုံက နာရီများလေသည်။ တောင်ဘက်သို့ တိမ်းစောင်း၍သွားသောအခါ နေ၏ တောင်ဘက်လင်းပုံက နာရီများ၍ နေ၏မြောက်ဘက်လင်းပုံက နာရီနည်းသည်ဟု သိကြရမည်။ တစ်ရာသီ တစ်ရာသီ၌ အနံတစ်သိန်း၊ နှစ်သောင်းငါးထောင်ရှိသည်ဟု ရေးခြင်းသည် တောင်ဘက်လင်းမြောက်ဘက်မိုက် မြောက်ဘက်လင်း တောင်ဘက်မိုက် အဓိပ္ပာယ်ကိုသိကြရန် ရေးခြင်းဖြစ်သည်။

## နေသွား ၁၂-ရာသီပုံနှင့် မည်သည့်လ၌ နေသည် တက်၍သွားပုံ မည်သည့်လ၌ နေသည် ဆင်း၍သွားပုံ မည်သည့်လ၌ နေ၏အောက်ဘက် အရှေ့ဘက် အနောက်ဘက်၌ နာရီပေါင်း မည်မျှလင်းပုံ မိုက်ပုံတို့အကြောင်း




အမှတ်(၁)ပုံ

ရေးခဲ့ပြီးသော အမှတ် (၁) ပုံ၌ က–ခ–ဂ–ဃ–င–စ–ဆ–ဇ–ဈ–ည–ဋ–ဌ အက္ခရာ အမှတ်တို့ကား နေသွား ရာသီသည် ၁၂–ရာသီဖြစ်ပုံကိုပြသော အက္ခရာ အမှတ်တို့ ဖြစ်ကုန်၏။ လ–စဉ် အမှတ်တို့ကားမည်သည့်လ၌ နေတက်၍ သွားသည်။ မည်သည့် လ–၌ နေဆင်း၍သွားသည်။ မည်သည့် လ–၌ နေ့နာရီ၊ ညဉ့်နာရီမည်မျှရှိသည်တို့ကို သိကြရန် လ–စဉ် အမှတ်တို့ ဖြစ်ကုန်၏။ ပုံတွင်

ပါသော ++++++ကြက်ခြေအမှတ်တို့ကား နေသည်တောင်ဘက်က မြောက်ဘက်သို့တက်၍ တက်၍သွားသော လ–တို့ကို သိကြရန် ကြက်ခြေအမှတ်တို့ဖြစ်ကုန်၏။ ကြက်ခြေပြထားသော တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်ဝါဆို ၎င်းခြောက်လတို့၌ နေသည်တောင်ဘက်ကမြောက်ဘက်သို့ တက်၍ တက်၍သွားသည်ဟု သိကြရန် ကြက်ခြေအမှတ်တို့ဖြင့် ပြထားသည်။ ၀–၀–၀–၀–၀–၀–၀ သုညအမှတ်တို့ကား နေသည်မြောက်ဘက်ကတောင်ဘက်သို့ ဆင်း၍ဆင်း၍သွားသော လ–တို့ကို သိကြရန် သုညအမှတ်တို့ဖြစ်ကုန်၏။ သုညအမှတ်ပြထားသော ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို ၎င်း ခြောက်လတို့၌နေသည်မြောက်ဘက်က တောင်ဘက်သို့ဆင်း၍ဆင်း၍သွားသည်ဟု သိကြရန် သုညအမှတ်တို့ဖြင့်ပြထားသည်။ နေ့–နေ့–နေ့–နေ့–နေ့–နေ့–နေ့–နေ့–နေ့အမှတ်တို့ကား ဆိုင်ရာဆိုင်ရာလတို့၌ မြန်မာညဥ့်နာရီကိုသိကြရန် အမှတ်တို့ဖြစ်ကုန်၏။ ဝါဆိုလ၌ နေ၏အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၌ မြန်မာ (၃၆) နာရီလင်း၍ နေ့ဖြစ်သည်ဟု သိကြရန် (၃၆) ဂဏန်းဖြင့် ပြထား၏။ ဝါဆိုလ၌ အမိုက်မှောင်ဖြစ်၍ မြန်မာ (၂၄) နာရီ ညဥ့်ဖြစ်သည်ဟုသိကြရန်၊ (၂၄) ဂဏန်းဖြင့် ပြထား၏။ ဝါဆိုလ၌ ရေးပြသည်ကို နည်းမှီး၍ ကြွင်းသော လတို့၌ ဆိုင်ရာဆိုင်ရာ ဂဏန်းတို့ကို ကြည့်ပြီး နေ့ဖြစ်ပုံ၊ ညဥ့်ဖြစ်ပုံတို့ကို သိကြလေ။ အမှတ် (၁) ပုံ၌ပါသော လ–စဉ်အတိုင်း မြန်မာနာရီစက်နာရီတို့ကို ရေး၍ပြအံ့။

ဝါဆိုလ၌ မြန်မာ နေ့ (၃၆)၊ ညဥ့် (၂၄) နာရီ၊ စက် နေ့ (၁၄) နာရီနှင့်မိနစ် (၂၄)၊ ညဥ့် (၉) နာရီနှင့်မိနစ် (၃၆) ဖြစ်၏။ နယုန်လ၌ မြန်မာနေ့ (၃၅) နာရီ ညဥ့် (၂၅) နာရီ၊ စက်နေ့ (၁၄) နာရီ၊ ညဥ့် (၁၀) နာရီဖြစ်၏။ ဝါခေါင်လ၌ မြန်မာနေ့ (၃၄) နာရီ၊ ညဥ့် (၂၆) နာရီ၊ စက်နေ့ (၁၃) နာရီနှင့် မိနစ် (၃၆)၊ ညဥ့် (၁၀) နာရီနှင့် မိနစ် (၂၄) ဖြစ်၏။ ကဆုန်လ၌ မြန်မာနေ့ (၃၃)နာရီ၊ ညဥ့် (၂၇)နာရီ၊ စက်နေ့ (၁၃) နာရီနှင့်မိနစ် (၁၂)၊ ညဥ့် (၁၀) နာရီနှင့်မိနစ် (၄၈) ဖြစ်၏။ တော်သလင်းလ၌ မြန်မာနေ့ (၃၂) နာရီ၊ ညဥ့် (၂၈) နာရီ၊ စက်နေ့ (၁၂) နာရီနှင့်မိနစ် (၄၀)၊ ညဥ့် (၁၁) နာရီနှင့်မိနစ် (၁၂) ဖြစ်၏။ တန်ခူးလ၌ မြန်မာနေ့ (၃၀) နာရီ၊ ညဥ့် (၃၀) နာရီ၊ စက်နေ့ (၁၂) နာရီ၊ ညဥ့် (၁၂) နာရီ

ဖြစ်၏။ သီတင်းကျွတ်လ၌ မြန်မာနေ့ (၂၉) နာရီ၊ ညဥ့် (၃၀) နာရီ၊ စက်နေ့ (၁၁)နာရီနှင့်မိနစ် (၃၆)၊ ညဥ့် (၁၂) နာရီနှင့် မိနစ် (၂၄) ဖြစ်၏။ တပေါင်းလ၌ မြန်မာနေ့ (၂၈) နာရီ၊ ညဥ့် (၃၂) နာရီ၊ စက်နေ့ (၁၁) နာရီနှင့်မိနစ် (၁၂)၊ ညဥ့် (၁၂) နာရီနှင့်မိနစ် (၄၈) ဖြစ်၏။ တန်ဆောင်မုန်းလ၌ မြန်မာ နေ့ (၂၇) နာရီ၊ ညဥ့် (၃၃) နာရီ၊ စက်နေ့ (၁၀) နာရီနှင့် မိနစ် (၄၈)၊ ညဥ့် (၁၃) နာရီနှင့်မိနစ် (၁၂) ဖြစ်၏။ တပို့တွဲလ၌ မြန်မာနေ့ (၂၆) နာရီ၊ ညဥ့် (၃၄) နာရီ၊ စက်နေ့ (၁၀) နာရီနှင့်မိနစ် (၂၄)၊ ညဥ့် (၁၃) နာရီနှင့်မိနစ် (၃၆) ဖြစ်၏။ နတ်တော်လ၌ မြန်မာနေ့ (၂၅) နာရီ၊ ညဥ့် (၃၅) နာရီ၊ စက်နေ့ (၁၀) နာရီ၊ ညဥ့် (၁၄) နာရီဖြစ်၏။ ပြာသိုလ၌ မြန်မာနေ့ (၂၄) နာရီ၊ ညဥ့် (၃၆) နာရီ၊ စက်နေ့ (၉) နာရီနှင့်မိနစ် (၃၆)၊ ညဥ့် (၁၄) နာရီနှင့် မိနစ် (၂၄) ဖြစ်၏။

**အထူးသိမှတ်ရန်**

နယုန်လ၌ နေ့နာရီ (၃၅)၊ ညဥ့်နာရီ (၂၅)၊ ဝါခေါင်လ၌ နေ့နာရီ (၃၄) ညဥ့်နာရီ (၂၆) ဟု ဤကျမ်းဆရာ ရေးပြခဲ့ပြီး၊ ရှေးပညာရှင်တို့ကား နယုန်လနှင့် ဝါခေါင်လ (၂) လတို့၌ နေ့နာရီ (၃၄) နာရီ၊ ညဥ့်နာရီ (၂၆) ဟု (၂) လတို့၌ နေ့နာရီ ညီတူညီမျှ၊ ညဥ့်နာရီ ညီတူညီမျှ ယူကုန်၏။ ဤသို့ရှေးပညာရှင်တို့ ညီတူညီမျှ ထား၍ယူခြင်းလည်း မှားသည်ဟုမဆိုနိုင်ပေ။ အကြောင်းမှာ ပိုနေသော တစ်ဂဏန်းသချ်ာ၊ လိုနေသော တစ်ဂဏန်းသချ်ာတို့သည် မပြောပလောက်သောကြောင့်တည်း။ ဥပမာ (၅၁) ယောက်လူထုကို (၅၀) ဟုခေါ်ဆို၍ (၄၉) ယောက်လူထုကို (၅၀) ဟုခေါ်ဆိုသကဲ့သို့တည်း။ ထိုနည်းတူ (၃၅) (၃၄) တို့တွင် (၃၅)၌ ပိုမိုနေသော တစ်သချ်ာသည် မပြောပလောက်သောကြောင့် ရှေးပညာရှင် တို့အလို နယုန်၊ ဝါခေါင် (၂) လတို့၌ နေ့နာရီ (၃၄) ဟု ညီတူညီမျှ သချ်ာထား၍ ခေါ်ဆိုလေသည်။ (၂၅) (၂၆) တို့တွင် (၂၅) ၌ လိုနေသော တစ်သချ်ာသည် မပြောပလောက်သောကြောင့် ရှေးပညာရှင်တို့အလို နယုန်၊ ဝါခေါင် (၂) လတို့၌ ညဥ့်နာရီ (၂၆) ဟု ညီတူညီမျှ သချ်ာထား၍ ခေါ်ဆိုလေသည်။ ကဆုန်နှင့် တော်သလင်း (၂) လ၊ တန်ခူးနှင့်သီတင်းကျွတ် (၂) လ၊ တပေါင်းနှင့် တန်ဆောင် မုန်း (၂) လ၊ တပို့တွဲနှင့် နတ်တော် (၂) လတို့၌လည်း

ထိုက်သင့်သလို နေ့နာရီ၊ ညဥ့်နာရီ ညီတူညီမျှထား၍ ရှေးပညာရှင်တို့က သူကုန်၏။ အဖြေကား ပိုနေသော တစ်သမျှ၊ လိုနေသော တစ်သချှာတို့သည် မပြောပလောက်သောကြောင့် ရှေး ပညာရှင်တို့အယူသည် မှားသည်ဟု မဆိုနိုင်ပေ။

နေသည် တောင်ဘက်ကမြောက်ဘက်သို့ သွားသောအခါ တက်၍တက်၍ သွားရသဖြင့် နှေးနှေးသွားသည်။ တက်၍တက်၍ နှေးနှေးသွားရာလတို့ကား တပို့တွဲလ၊ တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လ၊ နယုန်လ၊ ဝါဆိုလ (၆) လတို့ ပင်တည်း။

နေသည် မြောက်ဘက်ကတောင်ဘက်သို့ သွားသောအခါ ဆင်း၍ဆင်း၍ သွားရသဖြင့် မြန်မြန်သွားလေသည်။ ဆင်း၍ဆင်း၍ သွားရာ လတို့ကား ဝါခေါင်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ နတ်တော် လ၊ ပြာသိုလ (၆) လတို့ပင်တည်း။






ရေးပြထားသော အမှတ် (၂) ပုံကား ခရီးသွားသော ပုဂ္ဂိုလ်သည် တက်လမ်းခရီးကိုသွားသောအခါ သဘာဝအားဖြင့် တက်လမ်းခရီးဖြစ်ခြင်းကြောင့် ဆင်းလမ်းခရီးသွားရသလောက် မမြန်ဘဲ နှေးနှေးသွားရသော ပုံဖြစ်သည်။ ၎င်းပုံအတိုင်းပင် နေသည် တောင်ဘက်က မြောက်ဘက်သို့သွားသောအခါ သဘာဝအားဖြင့် တက်လမ်းခရီးဖြစ်ခြင်းကြောင့် တက်၍တက်၍သွားရသဖြင့် နှေးနှေးသွားလေသည်။

ရေးပြထားသော အမှတ် (၃) ပုံကား ခရီးသွားသော ပုဂ္ဂိုလ်သည် ဆင်းလမ်းခရီးကိုသွားသောအခါ သဘာဝအားဖြင့် ဆင်းလမ်းခရီးဖြစ်ခြင်းကြောင့် တက်လမ်းခရီးသွားရသလောက် မနှေးဘဲ မြန်မြန်သွားရသော ပုံဖြစ်သည်။ ၎င်းပုံအတိုင်းပင် နေသည် မြောက်ဘက်ကတောင်ဘက်သို့ သွားသောအခါ သဘာဝအားဖြင့် ဆင်းလမ်းခရီးဖြစ်ခြင်းကြောင့် ဆင်း၍ဆင်း၍ သွားရသဖြင့် မြန်မြန်သွားလေသည်။

ရေးပြပြီးသော အမှတ် (၁) ပုံ၌  ဤလို ပြထားသော ပုံစံတို့တွင်-

 ပထမဆုံးပြထားသော ပုံစံကား နေ သွားရာ ဝါခေါင်လ ခရီးလမ်းအနံကို ပြထားသောပုံစံဖြစ်သည်။ ဝါခေါင်လနေသွားခရီးလမ်း အနံသည် နယုန်လနေ့သွားခရီးလမ်းထက် တစ်ဆပိုလေသည်။ နယုန်လ နေသွားခရီးလမ်း အနံနှင့်နှိုင်းစာလျှင် နယုန်လ နေသွားခရီးလမ်း အနံက တစ်ဆ၊ ဝါခေါင်လနေသွားခရီးလမ်းအနံက နှစ်ဆဖြစ်သည်။ ထိုသို့ပင် နှစ်ဆဖြစ်သော်ငြားလည်း နယုန်လ၌ နေသည်နှေးနှေးသွားသဖြင့် ဝါခေါင်လ၌နေသည် မြန်မြန်သွားဖြစ်သောကြောင့် နယုန်လတွင်နေသွားအချိန်ကာလ ပမာဏလောက်ပင် ဝါခေါင်လ၌ နေသွားအချိန်ကာလရှိသည်ဟု မှတ်ရမည်။ ထိုသို့ နယုန်လ၌ နေသွားအနံပမာဏလောက်ပင် ဝါခေါင်လ၌နေသွား အချိန်ကာလ အနံရှိလေသောကြောင့် ရေးပြပြီးသော အမှတ် (၁) ပုံ၌ ခ-ဂ တို့တွင် (ခ) နယုန်လရာသီ ပုံအနံနှင့် ညီတူညီမျှ ဝါခေါင်လ (ဂ) ရာသီပုံကို ပြထားလေသည်။ ထို့ကြောင့် ရှေးပညာရှင်တို့သည် ၁၂-ရာသီတို့တွင် တစ်ရာသီတစ်ရာသီ၌ နေသည် တစ်လစီတစ်လစီ နေသည်ဟု မိန့်ကုန်၏။

နယုန်လ နေ့သွားရာသီ အနံက ကျဉ်း၍ ဝါခေါင်လ နေ့သွားရာသီအနံက ကျယ်နေငြားသော်လည်း နယုန်လ၌ နေသွားနှေး၍ ဝါခေါင်လ၌ နေသွားမြန်လေသောကြောင့် နယုန်လနေသွားအချိန်ကာလ အနံရာသီနှင့် ညီတူညီမျှ ဝါခေါင်လ နေ့သွားအချိန်ကာလအနံရာသီဖြစ်ရလေသည်။ ဥပမာကား-တစ်တိုင်ခရီး၌ နှေးနှေးသွားသောပုဂ္ဂိုလ်နှစ်နာရီသွားရသည်။ နှစ်တိုင်ခရီး၌ မြန်မြန်သွားသော ပုဂ္ဂိုလ် နှစ်နာရီပင်သွားသည်။ ဤပမာအတိုင်းပင် နယုန်လ နေ့သွား ခရီးအနံကျဉ်းရာ ဝါခေါင်လ နေ့ခရီး အနံကျယ်ရာတို့၌ နေသွားနှေး နေ၍သွားမြန်ဖြစ်ခြင်းကြောင့် ဝါခေါင်လ နေ့သွားခရီးအနံပင် ကျယ်သော်လည်း နယုန်လ နေ့သွား ခရီးအချိန်ကာလအနံနှင့် ဝါခေါင်လ နေ့သွားခရီးအချိန်ကာလအနံ ညီတူညီမျှဖြစ်သည်ဟု မှတ်ရမည်။

 ပုံစံတို့ကိုလည်း  တစ်ပုံစံက ရေးပြခဲ့ပြီးသော အဓိပ္ပာယ်တို့ကို နည်းမှီ၍ သိကြလေ။ အကျယ်ချဲ့၍ မပြလိုတော့ပါ။ အကျဉ်းရေး၍ ပြအံ့။ ကဆုန်နှင့်တော်သလင်း (၂) လစုံတွဲ၊ တန်ခူးနှင့် သီတင်းကျွတ် (၂) လစုံတွဲ၊ တပေါင်းနှင့် တန်ဆောင်မုန်း (၂) လစုံတွဲ၊ တပို့တွဲနှင့်နတ်တော် (၂) လစုံတွဲ ယူ၍ ကဆုန်လ၌ နေ့နေ့နေ့သွား၊ တော်သလင်းလ၌ နေ့မြန်မြန်သွား၊ တန်ခူးလ၌ နေ့နေ့နေ့သွား၊ သီတင်းကျွတ်လ၌ နေ့မြန်မြန်သွား၊ တပေါင်းလ၌ နေ့နေ့နေ့သွား၊ တန်ဆောင်မုန်းလ၌ နေ့မြန်မြန်သွား၊ တပို့တွဲလ၌ နေ့နေ့နေ့သွား၊ နတ်တော်လ၌ နေ့မြန်မြန်သွား ဤသို့နေသွားအနှေးအမြန်တို့ကို ကြည့်၍ ရာသီအိမ်တို့၌ အဓိပ္ပာယ်ယူကြလေ။  ၎င်း ပထမ တစ်ပုံစံက အဓိပ္ပာယ်တို့ကို သဘောပေါက်အောင် ကြည့်ရှုမှ  ပုံစံတို့၏ အဓိပ္ပာယ်တို့ကို နားလည်လိမ့်မည်။

## ကမ္ဘာမြေကြီး အပြားဖြစ်ရာ ကမ္ဘာတစ်လုံးမှ တစ်ပြိုင်နက် စတင်မမြင်ရပုံအကြောင်း

နေဗိမာန်၏အောက်မျက်နှာဝပြင်သည် ယခုခေတ် လက်နှိပ်ဓာတ်မီး၏ မျက်နှာပြင်ကဲ့သို့ဖြစ်၍ အဝိုင်းလိုက်ပင်ဖြစ်၏။ လက်နှိပ်ဓာတ်မီး၏ မျက်နှာဝပြင် ဘေးပတ်လည်ရှိ သံသတ္တုစသည်ကြောင့် အမိုက်မှောင်ဖြစ်ရသလို နေဗိမာန်၏ အောက်မျက်နှာဝပြင် ဘေးပတ်လည်ရှိ သတ္တုကြောင့် အမိုက်မှောင်ဖြစ်ရသည်။ ၎င်း အမိုက်မှောင်ကြောင့် ညဉ့်ဖြစ်လာသည်၊ ထိုသို့ညဉ့်ဖြစ်လာရခြင်းကြောင့် ၎င်းညဉ့်က မမြင်နိုင်အောင် အမိုက်မှောင်ဖြစ်သည့်အတွက် ကမ္ဘာမြေကြီး အပြားဖြစ်ရာ၌ ကမ္ဘာတစ်ခုလုံးမှ တစ်ပြိုင်နက် စ,တင် မမြင်နိုင်ဟု သိရမည်။ လက်နှိပ်ဓာတ်မီးမျက်နှာဝပြင် ဘေးပတ်လည်ရှိ သတ္တုကြောင့် လက်နှိပ်ဓာတ်မီးရောင် ဘေးပတ်လည်၌ မလင်းပုံကို သဘောမကျလျှင် လက်နှိပ်ဓာတ်မီးမျက်နှာဝ အောက်စိုက်၍ ထိုးကြည့်လျှင် သဘောကျလာမည်။

တစ်နည်း အဖြေကား–နေသည် သူ့သဘာဝအတိုင်း နေ့,ညဉ့်ဖြစ်၍ သွားလေသောကြောင့် နေ့,ဖြစ်လိုက်၊ ညဉ့်ဖြစ်လိုက် ဖြစ်နေသဖြင့် ကမ္ဘာကြီးအပြား


ဖြစ်ရာ၌ ကမ္ဘာတစ်ခုလုံးမှ တစ်ပြိုင်နက် စ,တင် မမြင်နိုင်ဟု သိရမည်။ ကမ္ဘာသည် အလုံးမဟုတ်ကြောင်း ရေးခဲ့ပြီးပြန်၍ကြည့်လေ။

## နေရောင် အဝိုင်းလင်းပုံ ခပ်ကွေးကွေးလင်းပုံအကြောင်း


နေဗိမာန်၏ အောက်မျက်နှာဝသည် ယခုခေတ် လက်နှိပ်ဓာတ်မီး၏ မျက်နှာဝကဲ့သို့ အဝိုင်းဖြစ်လေသည်။ လေးထောင့်မဟုတ်ဟု ဆိုလိုသည်။ ထိုသို့ နေဗိမာန်၏အောက်မျက်နှာဝ အဝိုင်းဖြစ်လေသောကြောင့် နေ့နာရီ၊ ညဥ့်နာရီ အညီအမျှသွားသောအခါ မြေကြီး၌ အဝိုင်းလိုက် အညီအမျှ လင်းလေသည်။ သဘောမကျလျှင် လက်နှိပ်ဓာတ်မီးကို မျက်နှာဝအောက်သို့ထား၍ မယိမ်းမယိုင်ဘဲ တည့်တည့်ထား၍ ထိုးကြည့်လျှင် အဝိုင်းလိုက်လင်းပုံကို သဘောကျလာလိမ့်မည်။ နေသွားခရီးလမ်းက အလွန်ရှည်သောကြောင့် ဝိုင်းသည်ဟု လူတို့ မထင်ကြကုန်။

(၁)

နေ့-ညဥ့်-နာရီမျှ၍
နေသွားရာ၌ မြေကြီး၌
အဝိုင်းလိုက်လင်းပုံ ။



နေသည် မြောက်ယာဥ်စွန်းတန်းသို့ သွားသောအခါ မြောက်ဘက်သို့ တိမ်းစောင်း၍သွားရသဖြင့် မြေကြီး၌ ခပ်ကွေးကွေးလင်းလိမ့်မည်။ သဘောမကျလျှင် လက်နှိပ်ဓာတ်မီးမျက်နှာဝအောက်စိုက်၍ မြောက်ဘက်သို့ အနည်းငယ်တိမ်းစောင်းပြီးလက်နှိပ်ဓာတ်မီးထိုးကြည့်လျှင် ခပ်ကွေးကွေးလင်းပုံကို သဘောကျလာလိမ့်မည်။




# (၂) နေ့-ညဉ့်-နာရီ မညီမျှ၍ နေသွားရာတွင် မြေကြီး၌ ခပ်ကွေးကွေးလင်းပုံ

ဖော်ပြပါ ပုံ၏အဓိပ္ပာယ်မှာ မြောက်ဘက်အဆုံးလမ်း၌ နေ့ရောက်ခိုက် ခပ်ကွေးကွေးလင်းပုံနှင့် နေ၏အောက်ဘက်၌ အလင်းများ၍ နေ၏အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်တို့၌ နေ၏မြောက်ဘက်လောက် မလင်းဘဲ တောင်ယာဉ်စွန်းတန်းတစ်ခုလုံး၌ အမိုက်မှောင်ဖြစ်နေသည်ကို ပြသောပုံဖြစ်သည်။ (က) အမှတ်ဖြင့် နေ၏မြောက်ဘက်၌ များစွာပျံ့နှံ့၍ လင်းနေသည်ကို ပြ၏။ (ခ) အမှတ်ဖြင့် နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်တို့၌ မြောက်ဘက်လောက်မလင်းသည်ကို ပြ၏။ (ဂ) အမှတ်ဖြင့် တောင်ယာဉ်စွန်းတန်းတစ်ခု လုံး၌ အမိုက်မှောင်ဖြစ်သည်ကို ပြ၏။

**အထူးမှတ်ချက်** ယခုလို နေ့ မြောက်ဘက်ရောက်သောအခါ နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်တို့၌ ခပ်ကွေးကွေး လင်းရခြင်းမှာ နေ၏ မျက်နှာဝသည် အဝိုင်းဖြစ်ပြီး မြောက်ဘက်သို့ တိမ်းစောင်း၍ နေသွားရခြင်းကြောင့် နေ၏ အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်တို့၌ ခပ်ကွေးကွေးလင်းရခြင်းဖြစ်သည်။ နေသွားခရီးလမ်းက အလွန်ရှည်သောကြောင့် ကွေးသည်ဟု လူတို့မထင်ကြခြင်းဖြစ်သည်။

# နေသွားလမ်းနှင့်တကွ တစ်မျက်နှာ တစ်မျက်နှာ၌ ကိုးသိန်း ကိုးသိန်း နေထွန်းလင်းပုံကို အဋ္ဌကထာဆရာ မိန့်သည့်အတိုင်း ရှင်းလင်းပြဆိုပုံအကြောင်း

နေသွားလမ်း သုံးသန်း ယူဇနာရှိသည်ဟု ရှေးပညာရှင်တို့ ဆိုခြင်းသည် တောင်ကျွန်းတစ်ကျွန်းကိုသာ ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ ဧကသေသနည်းဖြင့် အရှေ့၊ အနောက်၊ မြောက် သုံးကျွန်းလုံး တစ်ပေါင်းတည်း၌လည်း နေသွားလမ်းသုံးသန်း ရှိသည်ဟု ယူရမည်။

**ဧကေကာယ ဒိသာယ နဝ နဝ ယောဇနသတသဟဿာနိ အန္ဓကာရံ ဝိဓမိ တွာ အာလောကံ ဒဿေန္တိ။**

(သုတ်မဟာ ဝါ မဟာပဒါနသုတ် အဖွင့်အဋ္ဌကထာ)

## မြန်မာသက်သက်ပြန်ဆိုပုံ

လနှင့် နေတို့သည် အမိုက်မှောင်ကို ပယ်ဖျောက်ကုန်၍ တစ်မျက်နှာတစ်မျက်နှာ၌ ယူဇနာကိုးသိန်း၊ ယူဇနာကိုးသိန်းတို့တိုင်တိုင် အရောင်အလင်းကို ပြကုန်၏။ (မြန်မာပြန်ဖြစ်သည်)။

အဆိုပါ အဋ္ဌကထာဆရာ၏အလိုမှာ နေ့သည် တစ်မျက်နှာတစ်မျက်နှာ၌ ယူဇနာကိုးသိန်း၊ ယူဇနာကိုးသိန်းထွန်းလင်းသည်ဟု ဆိုလို၏။ အရှေ့ဘက်မျက်နှာ၌ ကိုးသိန်း၊ အနောက်ဘက်မျက်နှာ၌ ကိုးသိန်း၊ နှစ်ရပ်ပေါင်း တစ်သန်းရှစ်သိန်း လင်းသည်ကိုရည်ရွယ်၍ "**ဧကေကာယ ဒိသာယ နဝ နဝ ယောဇနသတသဟဿာနိ**" ဟု အဋ္ဌကထာဆရာ မိန့်၏။ **ဧကေကာယ ဒိသာယ** အရမြောက်ဘက်လမ်းအဆုံး နေ့သွားခိုက် နေ့၏အောက်ဘက်၊ အရှေ့ဘက်နှင့်အနောက်ဘက်ကိုသာ ယူရမည်။ တောင်ဘက်နှင့်မြောက်ဘက်ကို မယူရ။ အကြောင်းမှာ မြောက်ဘက်လမ်း၌ အစဉ်အတိုင်း သွားရာဝယ် မြောက်ဘက်လမ်းအဆုံး၌ သွားခိုက်ကို ရည်ရွယ်၍ အဋ္ဌကထာမိန့်ခြင်းကြောင့်ဖြစ်သည်။

အကျယ်ကို ရေးပြဦးအံ့၊ မြောက်ဘက်အဆုံးလမ်း၌ နေမွန်းတည့်ခိုက် အရှေ့ဘက် ကိုးသိန်း၊ အနောက်ဘက် ကိုးသိန်း နှစ်ရပ်ပေါင်း တစ်သန်းရှစ်သိန်း ဖြစ်၏။

အဆိုပါတစ်သန်းနှင့်ရှစ်သိန်းကို နာရီဖွဲ့သော် (၃၆) နာရီရသည်။ နာရီ ဖွဲ့ပုံမှာ–ယူဇနာငါးသောင်းကို တစ်နာရီထား၍ ယူဇနာတစ်သိန်းဆိုလျှင် (၂) နာရီဖြစ်သည်။ ဖော်ပြပါ နာရီဖွဲ့နည်းအတိုင်း တစ်သန်းနှင့်ရှစ်သိန်းကို နာရီနှင့်ညှိ၍ ကြည့်ပါမူ နေ့နာရီ မြန်မာ (၃၆) နာရီ၊ စက် (၁၄) နာရီနှင့် မိနစ် (၂၄)၊ ညဉ့်နာရီ မြန်မာ (၂၄)၊ စက် (၉) နာရီနှင့်(၃၆) မိနစ်ဖြစ်သည်။ ဤသို့ နေ့မြောက်ဘက် အဆုံးလမ်းတိမ်းစောင်း၍သွားခိုက် နေ့ ၏အောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်တို့၌ နေ့နာရီကများ၍ ညဉ့်နာရီက နည်းနေသည်ကို သိရသည့်အပြင် နေ့မြောက်ဘက်သွားခိုက်မြောက်ဘက်သို့တိမ်းစောင်းသွားရသဖြင့် မြောက်ဘက်၌ အလင်းများသည်ကို သိရသောကြောင့် တစ်သန်းရှစ်သိန်း လင်းသည်ဟု ဆိုခြင်းသည် အရှေ့ဘက်နှင့်အနောက်ဘက်ကိုသာ ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ နေ၏ မြောက်ဘက်၌ (၃၆) နာရီမက လင်းနေသည်ကို သိရသဖြင့် **ဧကေကာယဒိသာယ** အရ မြောက်ဘက်ကိုမယူရဟု မှတ်ပါ။ နေ၏ တောင်ဘက်၌ ခုနစ်သိန်းငါးသောင်း ထွန်းလင်းသဖြင့် **ဧကေကာယ ဒိသာယ** အရ တောင်ဘက်ကိုလည်း မယူရဟု မှတ်ရမည်။

နေသည် ဗဟိုလမ်း၌ သွားသောအခါ မတိမ်းမစောင်းဘဲ တည့်တည့်မတ်မတ် သွားသဖြင့် နေမွန်းတည့်ခိုက် အရှေ့ဘက် ခုနစ်သိန်း ငါးသောင်း၊ အနောက်ဘက် ခုနစ်သိန်း ငါးသောင်း နှစ်ရပ်ပေါင်း တစ်သန်း ငါးသိန်းထွန်းလင်းလေသည်။ အဆိုပါ တစ်သန်းနှင့် ငါးသိန်းကို နာရီဖွဲ့ပါလျှင် မြန်မာ (၃၀) နာရီ၊ စက် (၁၂) နာရီဖြစ်၍ နာရီဖြင့် မြန်မာ (၃၀) နာရီ၊ စက် (၁၂) နာရီထွန်းလင်းသည်ဟု ဆိုရမည်။ ဤသည်ပင် နေသည် ဗဟိုလမ်း၌သွားခိုက် ထွန်းလင်းပုံ ဖြစ်သည်။ ကြွင်းသောရာသီအိမ်တို့၌ နေလင်းပုံကို နာရီဖြင့်ပိုင်းခြား၍ မပြလိုတော့ပါ။ အကြောင်းကိုဆိုသော် မြောက်ဘက်အဆုံးလမ်း ဗဟိုတည့်တည့်လမ်းတို့၌ ရေးပြီးသည်တို့ကို နည်းမှီး၍ သိနိုင်လောက်သောကြောင့်ဖြစ်သည်။

**မှတ်ချက်** မြောက်ဘက် နေ့သွားခိုက် နေ့တာရှည်၍၊ တောင်ဘက်နေ့သွားခိုက်နေ့တာတိုသဖြင့် နေသွားမတူကြောင်းကို ထောက်ဆ၍ **ဧကေကာယ ဒိသာယ နဝ နဝ ယောဇနသတသဟဿာနိ** ဟူသော အဋ္ဌကထာစကားသည် မြောက်ဘက်အစွန်းဆုံးလမ်းအတွက် မိန့်ဆိုသောစကားဖြစ်လေသည်။

# နေသွားသည်ဟုယူသော အယူဝါဒနှင့် နေမသွားဟုယူသော အယူဝါဒတို့ကို စိစစ်၍ပြပုံအကြောင်း

စန္ဒော စ သူရိယော စ ဥဘော သုဒဿနာ ဂစ္ဆန္တိ ဩဘာသယ
ပန္တလိက္ခေ။
(ပကိဏ္ဏက နိပါတ် ပါဠိဇာတ် ပါဠိတော်)

မြန်မာသက်သက်ပြန်ဆိုပုံ

**နှစ်ပါးကုန်သော** လ,နေတို့သည် ကြည့်ရှုဖွယ်ကောင်းကုန်၍ ကောင်းကင်၌ ထွန်းလင်းတောက်ပကုန်လျက် သွားကုန်၏။ (မြန်မာပြန်ဖြစ်သည်)။

ယခုလို ဗုဒ္ဓရှင်တော်ဘုရားက နေ,သွားကြောင်း ဟောထားသည်ကို ကြည့်၍ ဆရာအချို့တို့က နေသွားသည်ဟု ယူကြကုန်၏။ ယခုခေတ် လောကဓာတ် ဆရာအချို့တို့က နေမသွား ကမ္ဘာလုံးသွားသည်ဟု ယူကြကုန်၏။ နေသွား သည်ဟု ယူသော ဆရာအချို့တို့က မည်သည့်ဥတုရောက်လျှင် မည်မျှလောက် နေ,သွား၍ နေ့ ဖြစ်သဖြင့် မည်မျှလောက် ညဉ့်ဖြစ်မည်၊ ဘယ်ရာသီက ဘယ် ရာသီအထိ နာရီပေါင်းမည်မျှရှိသည်၊ မိနစ်ပေါင်းမည်မျှရှိသည်၊ နာရီဘယ် လောက်ရှိလျှင် နေထွက်မည်၊ နာရီဘယ်လောက်ရှိလျှင် နေဝင်မည် စသည်ဖြင့် တွက်ချက်၍ ပြောဆိုကြကုန်၏။ ယခုလို တွက်ချက်၍ ပြောဆိုခြင်းသည် အမှန် ပင်ဖြစ်၏။ မှန်ကန်ပုံအထောက်သာဓကမှာ–နေ,ကြတ်၊ လ,ကြတ် တွက်ချက်ရာ၌ နေသွားသည်ဟု ယူသောဆရာအချို့တို့တွက်ချက်၍ မည်သည့်နှစ်၊ မည်သည့် လ၊ မည်သည့်ရက်၊ မည်သည့်နာရီ၊ မည်သည့်မိနစ်ရောက်လျှင် နေကြတ်မည်၊ လ,ကြတ်မည်ဟု ပြောဟောရာဝယ် တစ်သဝေမတိမ်း မှန်ကန်သည်ပင်။

နေ မသွားဟု ယူသော လောကဓာတ် ဆရာအချို့က ကမ္ဘာလုံးလည်၍ နေမွှန်းတည့်ရောင်ခြည်သည် အိမ်ကွေတာပေါ်သို့ တည့်မတ်စွာကျရောက်လျှင် မည်မျှလောက်လင်း၍ မည်မျှလောက်အမိုက်မှောင်ဖြစ်မည်၊ ကမ္ဘာဝင်ရိုးတိမ်း စောင်းလျှင် မည်မျှလောက်လင်း၍ မည်မျှလောက် အမိုက်မှောင်ဖြစ်မည် စသည် ဖြင့်တွက်ချက်၍ ပြောဆိုကြကုန်၏။ ယခုလို တွက်ချက်၍ ပြောဆိုခြင်းသည်

လည်း အမှန်ပင် ဖြစ်၏။ မှန်ကန်ပုံ အထောက်သာဓကမှာ– နေကြတ်၊ လကြတ် တွက်ချက်ရာ၌ နေမသွားဟု ယူသော လောကဓာတ်ဆရာအချို့တို့ တွက်ချက်၍ မည်သည့်နှစ်၊ မည်သည့်လ၊ မည်သည့်ရက်၊ မည်သည့်နာရီ၊ မည်သည့်မိနစ် ရောက်လျှင် နေကြတ်မည်၊ လကြတ်မည်ဟု ပြောဟောရာဝယ် တစ်သဝေမတိမ်း မှန်ကန်သည်ပင်။ ယခုလို နေသွားသည်ဟု ယူသော ဆရာတို့နှင့် နေမသွားဟု ယူသော ဆရာတို့ ကိုယ့်တွက်နည်းနှင့်ကိုယ် တွက်ချက်ကြသောအခါ နေထွက်၊ နေဝင် နေ့၊ ညဥ့်၊ နေကြတ်၊ လကြတ်တို့ အမှန်ချည်းပင် ဖြစ်ရ၏။ အမှန်ဖြစ်ပုံ အကြောင်းအရင်းမှာ– ကိုယ့်တွက်နည်းနှင့်ကိုယ် မမှန်–မှန်အောင် တွက်ချက်ခြင်း ကြောင့်ပင်ဖြစ်လေသည်။

နေသွားသည်ဟု ယူသော ဆရာတို့မမှန် မှန်အောင် တွက်ချက်ခြင်း၏ အမှန် ဖြစ်ရပုံအကြောင်းအရင်း အကျယ်ကို ရေးရပါမူ ဗုဒ္ဓရှင်တော်ဘုရား ဟောတော်မူသော နေထွက်၊ နေဝင်ကိုလည်းကောင်း၊ ဗုဒ္ဓရှင်တော်ဘုရားဟောထားတော်မူသော စကားတို့ကို ပေါ်လွင်ထင်ရှားအောင် အဓိပ္ပာယ်ပြန်ဆိုရာဖြစ်သော အဋ္ဌကထာတို့ကိုလည်းကောင်း ကြည့်ရှုကြကုန်၍ တွက်ချက်သည်ပင်လျှင် အကြောင်းရင်းဖြစ်လေသည်။

ဤကျမ်းပြုဆရာတော်၏ တွက်ချက်ပုံ တွက်ချက်နည်းမှာ နေတိမ်းစောင်း၍ သွားလျှင် တောင်၊ မြောက်၊ အရှေ့၊ အနောက် တို့၌ ယူဇနာပေါင်းမည်မျှရှိသည် နာရီပေါင်းမည်မျှရှိသည်ဟု တွက်ချက်ခြင်းကဲ့သို့ တွက်ချက်ခြင်း စသည် ပင်လျှင် အကြောင်းရင်းဖြစ်သည်။


နေမသွားဟု ယူသော ဆရာတို့ မမှန်–မှန်အောင် တွက်ချက်ခြင်း၏ အကြောင်း အရင်းကား သူတို့တွေ့ရှိထားသော ကမ္ဘာမြေကြီးကို အလုံးဟု ယူပြီးလျှင် ၎င်းကမ္ဘာ လုံး၌ အီကွေတာ၊ လတ္တီတွဒ်၊ လောင်ဂျီတွဒ် မျဉ်းကြောင်းများဆွဲ၍ အီကွေတာ ဒီဂရီ၊ လတ္တီတွဒ် ဒီဂရီ၊ လောင်ဂျီတွဒ် ဒီဂရီတို့ကို မှတ်သားပြီးလျှင် အီကွေတာ ဒီဂရီ၊ လတ္တီတွဒ် ဒီဂရီ၊ လောင်ဂျီတွဒ် ဒီဂရီတို့ကိုကြည့်၍ တွက်ချက်ခြင်းပင်လျှင် အကြောင်းအရင်းဖြစ်လေသည်။

## နေမသွားဟုယူသော ဆရာတို့ တွက်ချက်နည်းမှန်သော်လည်း စင်စစ် နေသွားပုံအကြောင်း


နေမသွားဟု ယူဆသောဆရာတို့ နေဝည်မျှလောက် လင်းမည်၊ မည်မျှလောက် အမိုက်မှောင်ဖြစ်မည် စသည်ကို တွက်ချက်၍ ဟောပြောရာ၌ တစ်သဝေမတိမ်း မှန်ခြင်းသည် ဥတုသုံးပါး၌ဖြစ်သော နေထွက်ချိန် နေမွန်းတည့်ချိန် နေဝင်ချိန်တို့နှင့် မကိုက် ကိုက်အောင် မည်မျှ ညီမျှအောင် သူတို့တွေ့ထားသော ကမ္ဘာမြေ၌ အီကွေတာစသော မျဉ်းကြောင်းများဆွဲ၍ နေထွက်ချိန်နေမွန်းတည့်ချိန် နေဝင်ချိန်တို့နှင့် မကိုက် ကိုက်အောင် မည်မျှညီမျှအောင် ဒီဂရီတို့ကို ထားပြီး တွက်ချက်ခြင်းကြောင့် တစ်သဝေမတိမ်းမှန်ကန်ခြင်းဖြစ်သည်။

လိုရင်းအဓိပ္ပာယ်မှာ–နေထွက် နေမွန်းတည့် နေဝင်တို့နှင့် မကိုက် ကိုက်အောင် ကမ္ဘာမြေ၌ စည်းမျဉ်းဆွဲ၍ တွက်ချက်ခြင်းကြောင့် မှန်ကန်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။

ဤသို့ နေထွက်နေမွန်းတည့်နေဝင်တို့နှင့် မကိုက် ကိုက်အောင် ကမ္ဘာမြေ၌ စည်းမျဉ်းဆွဲ၍ တွက်ချက်ခြင်းကြောင့် မှန်ကန်ခြင်းဖြစ်သည်။ နေ,မသွားခြင်းကြောင့် မှန်ကန်ခြင်းဖြစ်သည်မဟုတ်၊ နေနှင့် ကိုက်ညီအောင် စည်းမျဉ်းဆွဲ တွက်ချက်ခြင်းကြောင့် မှန်ကန်နေသည်။ နေမသွားခြင်းကြောင့် မှန်နေသည် မဟုတ်ဟု ဆိုလို၏။ နေကား အမှန်စင်စစ် သွားသည်သာတည်း၊ အဘယ်ကို ထောက်ဆ၍ နေသွားကြောင်းကို သိရလေသနည်းဟု မေးခဲ့မူ ကောင်းကင်၌ သွားနေသော မီးပုံးပျံခေါ် မီးအိမ်ပျံခေါ် မီးအုံ့ပျံကို မြေကနေ၍ ကြည့်သောအခါ မီးအုံ့ပျံသာ သွားနေသည်။ မြေကြီးမသွားဟု သိရလေသည်။ ထိုသို့မီးအုံ့ပျံသာ သွား၍ မြေကြီးမသွားသည်ကို ထောက်ဆ၍ နေသွားကြောင်းသိရသည်။




အဝေးကြည့်မှန်ပြောင်းဖြင့် နေကိုကြည့်ရာ၌
မှန်ကန်သည့်နည်းကိုမရနိုင်ကြောင်း



အဝေးကြည့် မှန်ပြောင်းပုံ
(လူထု သိပ္ပံကျမ်း အမှတ် ၃-မှ)

အဝေးကြည့်မှန်ပြောင်းသည် ရှေးခေတ်က ပြုလုပ်သော မှန်ပြောင်းထက် ယခုခေတ်ပြုလုပ်သော မှန်ပြောင်းက သာလွန်၍ အစွမ်းသတ္တိ ထက်လိမ့်မည်။

လူထုသိပ္ပံကျမ်း အမှတ် (၃) မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်းစာအုပ် (၉) နံပါတ်၌ ရှေးခေတ်အဝေးကြည့် မှန်ပြောင်းများတွင် ထင်သောပုံရိပ်သည် သူ၏မှန်ပြောင်းများမှာ ထင်သော ပုံရိပ်လောက်ပြတ်သားခြင်းမရှိချေဟု ပါရှိ၏။ ၎င်းလူထုသိပ္ပံကျမ်းအရလည်း ရှေးခေတ်အဝေးကြည့်မှန်ပြောင်းထက် ယခုခေတ် အဝေးကြည့်မှန်ပြောင်းက အစွမ်းသတ္တိထက်သည်ဟု ဆိုလိုသည်။ ထိုစကားမှန်၏။ ရှေးခေတ်ဆေးပညာထက် ယခုခေတ်ဆေးပညာက သာလွန်၍အစွမ်းထက်သည်ကိုထောက်ဆ၍ အဝေးကြည့်မှန်ပြောင်းသည် ရှေးခေတ်ကမှန်ပြောင်းထက် ယခုခေတ်မှန်ပြောင်းက သာလွန်၍ အစွမ်းသတ္တိထက်မည် အမှန်ပင်။

စကြဝဠာနှင့် နက္ခတ်တို့ကို အဝေးကြည့်မှန်ပြောင်းနှင့် ကြည့်ရှုရာဝယ်၊ မြန်မာ့အလင်းသတင်းစာ၌ ပါသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။ ယခင်က နက္ခတ်ဆရာကြီးများထင်မြင်ယူဆထားသည့် စကြဝဠာ၏ အတိုင်းအထွာဟောင်းမှာ ယခုအခါတွင် နှစ်ဆနီးပါးမျှပိုမိုကြီးမားလာကြောင်း တွေ့ရှိရသည်။


ယခင်က နက္ခတ်အကွာအဝေး အတိုင်းအထွာမှာ ယခုအခါတွင် နှစ်ဆနီးပါးမျှ ကွာခြားနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ကွာခြားရခြင်းမှာလည်း မြေပုံရေးဆွဲသူတို့၏ ချို့ယွင်းချက်များကြောင့် ဖြစ်တန်ရာသည်။ ဤသည်တို့ကား မြန်မာ့အလင်းသတင်းစာ၌ ပါသော စာတမ်းတို့တည်း။

စကြဝဠာအကွာအဝေး နက္ခတ် အကွာအဝေး နှစ်ဆဖြစ်ရခြင်းသည် မြေပုံချို့ယွင်းချက်ကြောင့်ဟု ဆိုလိုသည်။ ဤကျမ်းပြုဆရာကား မြေပုံချို့ယွင်းချက်ကြောင့်မဟုတ်၊ ရှေးခေတ်မှန်ပြောင်းနှင့် ယခုခေတ်မှန်ပြောင်း အစွမ်းသတ္တိ အထက်ချင်းမတူခြင်းကြောင့် နှစ်ဆဖြစ်နေသည်။ ယခုခေတ်မှန်ပြောင်းသည် ရှေးခေတ်မှန်ပြောင်းထက် အစွမ်းသတ္တိထက်သည်။ ဤကား ကျမ်းပြုဆရာအယူတည်း။ ယခုခေတ်မှန်ပြောင်းသည် ရှေးခေတ်မှန်ပြောင်းထက် အစွမ်းသတ္တိထက်လေသောကြောင့် အဝေးကြည့်မှန်ပြောင်းဖြင့် နေကို ကြည့်ရာ၌ မှန်ကန်သည့်နည်းကို မရနိုင်၊ လိုရင်း အဓိပ္ပာယ်မှာ–ရှေးခေတ်က မှန်ပြောင်းဖြင့် နေ့ကို ကြည့်ရာ၌ တစ်မျိုးဖြစ်၍ ယခုခေတ်မှန်ပြောင်းဖြင့် နေကိုကြည့်ရာ၌ တစ်မျိုးဖြစ်သဖြင့် မှန်ကန်သည့်နည်းကို

မရနိုင်ဟု ဆိုလိုသည်။ ဘယ်အရာဝတ္ထုကိုပဲကြည့်ကြည့် မှန်ပြောင်းတစ်ခုနှင့် မှန်ပြောင်းတစ်ခု အစွမ်းသတ္တိချင်းမတူသောကြောင့် နည်းမှန်ကို ရနိုင်မည်မဟုတ်ဟု သိရမည်။

## နေထွန်းလင်းပုံနှင့် အပူရှိန်မျှတနေပုံ၊ အပူရှိန် ပိုလွန်နေပုံ၊ အပူရှိန် အားနည်းနေပုံအကြောင်း

ဝိနည်း အစ္စုတ္တိကနိဒါန်းအဖွင့် အဋ္ဌကထာ လောကဝိဒူ ဂုဏ်တော်ဖွင့်၌ **"သူရိယမဏ္ဍလံ ပညာသယောဇနံ"** ဟူသော ပါဠိတို့တွင် **မဏ္ဍလံ** ဟူသော



ပါဠိ၏ အဓိပ္ပာယ်မှာ –မဏ္ဍလ–သဏ္ဌါအလုံးဟောဖြစ်၍ နေဗိမာန်သည် အထက်နှင့်အောက်အရှည်၌ ယခုခေတ်အချို့ဆောက်လုပ်သော လေးထောင့်အိမ်လို မဟုတ်ဘဲ အလုံးနေဗိမာန်ဖြစ်သည်။ လေးထောင့်ပုံမဟုတ် အလုံးနေဗိမာန်ဖြစ်သည်ဟု ဆိုလိုသည်။ အထက်နှင့်အောက် အစောက်ပတ်လည် အလုံးပုံဖြစ်သည်။ လက်နှိပ်ဓာတ်မီးလက်ကိုင်ရာ အရှည်လိုက်အလုံးဖြစ်သလို အဖျားချွန်၍ အရင်းကြီးပြီး အလုံးနေဗိမာန်ဖြစ်လေသည်။

ယခုခေတ်လက်နှိပ်ဓာတ်မီးသည် (ခ) အမှတ် အတွင်း၌သော ထွန်းလင်း၍ အထက် (က) အမှတ်၌ မထွန်းလင်းသကဲ့သို့ နေသည်လည်း နေဗိမာန်ကြီး၏ (ခ) အမှတ်အတွင်း၌သော ထွန်းလင်း၍ အထက် (က) အမှတ်၌ မထွန်းလင်းဟု မှတ်ရမည်။ ယခုခေတ် လက်နှိပ်ဓာတ်မီးသည် (ဂ) အမှတ် အပြင်အပ၌ ထိုက်သင့်သလို ထွန်းလင်းသကဲ့သို့၊ နေသည်လည်း (ဂ) အမှတ် အပြင်အပ၌ ထိုက်သင့်သလို ထွန်းလင်းသည်ဟု မှတ်ရမည်။

**ဥဘယမ္ပိ ဥဏှမေဝ**– ဟူသော သုတ်ပါထေယျ အဋ္ဌကထာစကား၌ နေသည် အတွင်း၊အပနှစ်ပါးစုံပူသည် ဟူရာဝယ် အတွင်း၌ဆိုသည်ကား နေဗိမာန်ကြီး၏ (ခ) အမှတ် အတွင်း၌သာ ပူသည်ဟု ဆိုလိုသည်။ နေဗိမာန်ကြီး အကုန်လုံးပူသည်မဟုတ်၊ အပြင်အပ၌ ပူသည်ဆိုသည်ကား (ဂ) အမှတ် အပြင်အပ၌ ထိုက်သင့်သလို ပူသည်ဟု ဆိုလိုသည်။

အပြင်အပ၌ နေပူရာဝယ် အတွင်းလမ်း၌ ပူပုံ၊ အလယ်လမ်း၌ ပူပုံ၊ အပြင်လမ်း၌ ပူပုံတို့တွင် အတွင်းလမ်း၌ ပူပုံမှာ–နေသည် မြောက်ဘက်သို့ တိမ်းစောင်း၍သွားသည်က တစ်ကြောင်း၊နေရောင်ခြည် ပျံ့နှံ့နေသည်ကတစ်ကြောင်း၊ ဤသို့သော အကြောင်းနှစ်ကြောင်းကြောင့် အပူလည်းမလွန်ကဲ၊ အအေးလည်းမလွန်ကဲဘဲ အပူရှိန်မျှတနေသည်။ ဤသို့ အပူရှိန်မျှတနေခြင်းကြောင့် မိုးအခါ၌ အပူလွန်ခြင်းလည်းမဖြစ်၊ အလွန်အေးခြင်းလည်းမဖြစ်ဟုမှတ်၊ အလယ်လမ်း၌ ပူပုံမှာ–နေသည် မတိမ်းမစောင်းဘဲ တည့်တည့်မတ်မတ် သွားသည်ကတစ်ကြောင်း၊ နေရောင်ခြည်မပျံ့နှံ့ဘဲ အောက်သို့ စူးစိုက်၍ ကျရောက်နေသည်ကတစ်ကြောင်း ဤသို့သောအကြောင်းနှစ်ကြောင်းကြောင့် အပူရှိန်ပိုလွန်ကဲနေသည်။ ယခုလို အပူရှိန် ပိုလွန်နေခြင်းကြောင့် နွေအခါ၌ အလွန်ပူနေသည်ဟု မှတ်ပါ။

အပြင်လမ်း၌ ပူပုံမှာ–နေသည် တောင်ဘက်သို့တိမ်းစောင်း၍ သွားသည်က တစ်ကြောင်း၊ နေရောင်ခြည်နည်းသည်က တစ်ကြောင်း၊ ဤသို့သော အကြောင်း နှစ်ကြောင်းကြောင့် အပူရှိန်အားနည်းနေသည်။ ယခုလို အပူရှိန်အားနည်းနေခြင်း ကြောင့် ဆောင်းအခါ၌ အေးချမ်း၍နေသည်ဟု မှတ်ပါ။


**အထူးမှတ်ချက်** ရေးခဲ့ပြီးသည်တို့မှာ မိုး၊နွေ၊ဆောင်း ဥတုသုံးပါးတို့၌ မိုး မရှာသွန်းဘဲဖြစ်ခိုက် ရိုးရိုးအပူရှိန်ဖြင့် ပူနေသည်ကို ရည် ရွယ်၍ ရေးပြခြင်းဖြစ်သည်။ မိုးရွာသွန်းမှု မိုး၊ နွေ၊ ဆောင်း တို့၌ ထိုက်သင့်သလို အေးချမ်းမည်ဟု မှတ်ပါ။ မိုးအခါ နေ့ဖြစ်ခိုက်၌ အပူရှိန်မျှတနေသလောက် ညဥ့်ဖြစ်ခိုက် အပူ ရှိန်မမျှတဘဲ အပူရှိန်တဖြည်းဖြည်း အားနည်းသွားသော ကြောင့် ဖြစ်သည်။ နွေအခါ နေ့ဖြစ်ခိုက်၌ အပူရှိန်ပိုလွန် နေသလောက် ညဥ့်ဖြစ်ခိုက်၌ အပူရှိန်မလွန်ဘဲ တဖြည်း ဖြည်းအေးလာမည်။ အကြောင်းမှာ–နေရောင်ခြည် အပူရှိန် က တဖြည်းဖြည်းအားနည်းသွားသောကြောင့်ဖြစ်သည်။ ဆောင်းအခါ နေ့ဖြစ်ခိုက်၌ အေးချမ်းသည်ထက် ညဥ့်ဖြစ် ခိုက်၌ အထူး အေးချမ်းလာမည်၊ အကြောင်းမှာ–နေရောင် ခြည်အပူရှိန်က တဖြည်းဖြည်း အားနည်းသွားသောကြောင့် ဖြစ်သည်။ ရေးခဲ့ပြီးသည်မှာ ဥတုသုံးပါး၌ ညဥ့်အခါ ထိုက် သင့်သလို အအေးဖြစ်ပုံတို့ ဖြစ်သည်။

## လောကဓာတ်ဆရာတို့ ယခုအခါ ဇမ္ဗူဒီပါတောင်ကျွန်းအဆုံးတိုင်အောင် မသွားနိုင်ပုံကို ပြသောအကြောင်း

အမေရိကန်အဏ္ဏဝါပြုရေငုပ်သင်္ဘော နော့တီးလပ်စ်သည် ရာဇဝင်တွင် ပထမ ဆုံးအကြိမ် အာတိတ်ရေခဲပြင် အောက်မှနေ၍ မြောက်ဝင်ရိုးစွန်းကို ဖြတ်ကျော် မိပြီဟု အမေရိကန်သမ္မတ အိုက်စင်ဟောင်ဝါကိုယ်တိုင် ထုတ်ပြန်ခဲ့ဖူးကြောင်း။

နေ့ဘတ်းလပ်စ် အဏ္ဏဝါမြို့ ရေငုပ်သင်္ဘောသည် ဟွန်နိုလူလူကျွန်းမှ စ,တင် ခရီးထွက်ကြောင်း အာတိတ်ဒေသ ရေခဲပြင်အောက် ပင်လယ်ခရီးကို အောင်မြင်စွာ ငုပ်လျှိုးဖြတ်ကျော်ခဲ့ပြီးသည့်နောက် အိုက်စလန်ကျွန်းသို့ရောက်ခဲ့ကြောင်း၊ နေ့ဘတ်းလပ်စ်သင်္ဘောခရီးလမ်းတစ်လျှောက်တွင် ငုပ်လျှိုးသွားခဲ့သည်က ခရီးအားလုံး၏ (၃၇) ရာခိုင်နှုန်းရှိသည်ဆိုကြောင်း၊ ရေခဲပြင်အောက်မှ ငုပ်လျှိုးသွားခဲ့ရစဉ် ရေမျက်နှာပြင်ပေါ်၌ ပေါလောမျောနေသော ရေခဲပြင်များသည် ကောင်းကင်မှ တိမ်တိုက်သဖွယ် သင်္ဘောပေါ်တွင် စိုးမိုးနေသည်ကို မြင်တွေ့ခဲ့ရသည်ဆိုကြောင်းဟု မြန်မာ့အလင်းသတင်းစာ၌ ဖတ်ရသည်။


အဆိုပါ မြန်မာ့အလင်းသတင်းစာ၌ ဖတ်ရသည့်အတိုင်း မြောက်ဝင်ရိုးစွန်းဟုခေါ်သော အရပ်သည် ဇမ္ဗူဒီပါတောင်ကျွန်း၏ မြောက်အရပ်အဆုံး မဟုတ်သေး။ ဇမ္ဗူဒီပါတောင်ကျွန်း၏ မြောက်အရပ်အဆုံးဆိုသည်မှာ မြင်းမိုရ်တောင်၏ တောင်ဘက်မျက်နှာနှင့် ၎င်းတောင်ဘက်မျက်နှာ၏ အရှေ့၊ အနောက်၊ အရပ်သာလျှင် ဇမ္ဗူဒီပါတောင်ကျွန်း၏ မြောက်အရပ်အဆုံးဖြစ်သည်။




ဇမ္ဗူဒီပါ တောင်ကျွန်း၏
မြောက်အရပ်အဆုံးကား (က)
(က) အမှတ်ပါမျဉ်းကြောင်း
ပင်တည်းဟု သိရန်ပြသောပုံ

ဇမ္ဗူဒီပါတောင်ကျွန်း၏ တောင်ဘက်မျက်နှာ အဆုံးသည် စကြာဝဠာတောင်ဖြစ်၏။ စကြာဝဠာတောင်သည် တောင်ဝိုင်းဖြစ်သည်ဟုမှတ်ပါ။


# စကြဝဠာတောင်သည် တောင်ဝိုင်းဖြစ်ပုံအကြောင်း




ဝိနည်း အဋ္ဌကထာကိုကနိဒါန်း လောကဝိဒူ ဂုဏ်တော်အဖွင့်အဋ္ဌကထာ၌ ^က^/ခ ယခု ဖော်ပြပါပုံ အကွေးအတိုင်း ဝိုင်းထွာသော် စကြဝဠာအဝန်းအဝိုင်းသည် ယူဇနာ သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါးဆယ်ရှိကြောင်း အဋ္ဌ ကထာဆရာ မိန့်ဆို၏။ ပုံ၌ (က–ခ) အမှတ်ပါ အကွေးကိုကြည့်၊ ယခုလို သုံး သန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါးဆယ်ဟု မိန့်ခြင်းသည် တစ်ခုကြွင်းပြုသော ဧကသေသ နည်းဖြင့် မိန့်ခြင်းဖြစ်သည်။ ဆိုလိုရင်းမှာ သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါးဆယ် တစ်ခုကိုချေ၍ သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါး ဆယ် တစ်ခုကြွင်းပြုထားသည်ဟု ဆိုလို၏။ အဋ္ဌကထာ၌ပါသော သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါးဆယ်သည် တောင် ကျွန်းရှိ စကြဝဠာတောင် အတွက်ဖြစ်သည်။ ချေထားသော သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါးဆယ်သည် အနောက်၊ မြောက်၊ အရှေ့ ကျွန်းသုံးကျွန်းပေါင်းရှိ စကြဝဠာ တောင်အတွက်ဖြစ်သည်။ အနောက်၊ မြောက်၊ အရှေ့ ကျွန်းသုံးကျွန်းပေါင်းရှိ စကြဝဠာ အဝန်းအဝိုင်းသည် တောင်ကျွန်းရှိ အဝန်း အဝိုင်းတစ်ခုစာလောက်သာ ရှိလေသည်။

စကြဝဠာအလျား အနံ အားဖြင့် ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင်

လေးရာ ငါးဆယ်ရှိကြောင်း အဋ္ဌကထာဆရာမိန့်ဆို၏။




ယခုပုံအတိုင်း ရေးပြီးသောပုံကြီး၌ အမှတ် (၁) အနံ၊ အမှတ် (၃) အနံ၊ အမှတ် (၂) အလျားဟု မှတ်သား၍ အမှတ် (၁) အနံ တစ်သန်း နှစ်သိန်း သုံး ထောင် လေးရာ ငါးဆယ်၊ အမှတ် (၃) အနံ တစ်သန်း နှစ်သိန်း သုံးထောင် လေးရာ ငါးဆယ်၊ အမှတ် (၂) အလျား တစ်သန်း နှစ်သိန်း သုံးထောင် လေးရာ ငါးဆယ် ရှိသည်ဟု အဋ္ဌကထာ ဆရာအလို ယူရမည်သာ။



ယခုလို လေးထောင့်ပုံ၌ အလျား၊ အနံ တိုင်းသလို ဤပုံကြီး၌လည်း တိုင်းရသည်။ ရေးပြပြီးသော ပုံကြီး၌ အလျား ၁-ခု၊ အနံ-၂ခုပါ၏။ အလျား ၂-ခုမပါ၊ တစ်သန်း နှစ်သိန်း သုံးထောင် လေးရာ ငါးဆယ် သုံးလီပေါင်းသော် ယူဇနာ သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါးဆယ် ဖြစ်၏။ ၎င်း ယူဇနာသုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာငါးဆယ်သည် တောင်ကျွန်းရှိ စကြဝဠာ၏ အဝန်းအဝိုင်းသချာ ဖြစ်လေသည်။ အဋ္ဌကထာ၌ မိန့်သော အလျား၊ အနံ သချာသည် တောင်ကျွန်းရှိ စကြဝဠာ၏ အလျား အနံ သချာဖြစ်သည်။ ပိနည်း ဇာဟီရနိဒါန်း အရှင်မောဂ္ဂလိ ပုတ္တတိဿမထေရ်ထံ ဓမ္မကထိက လွှတ်ခန်း၌ **ဘိက္ခုသဟဿ ပရိဝါရေ-ဟု အဋ္ဌကထာဆရာ ဧကဒေသနည်းဖြင့်** မိန့်သကဲ့သို့ ဤနေရာ၌လည်း အဋ္ဌကထာ ဆရာ ဧကဒေသနည်းဖြင့် မိန့်ထား၏။ အနောက်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း သုံးကျွန်းပေါင်း၌ တောင်ကျွန်းရှိ စကြဝဠာ အလျားအနံယူနည်း အတိုင်းယူ။

**အထူးမှတ်ချက်** အနောက်၊ မြောက်၊ အရှေ့ သုံးကျွန်းပေါင်းရှိ စကြဝဠာသည် တောင်ကျွန်းတစ်ကျွန်းရှိ စကြဝဠာတစ်ခုစာလောက်သာ ရှိလေသည်။

# မှတ်သားဖွယ် ယူဇနာ (၃) မျိုးနှင့် ဤနေရာ၌ယူရမည့် ယူဇနာကို ပြဆိုချက်

(၁) ပကတိပုရိသ လေးတောင်တာဖြင့် ဖွဲ့ယူအပ်သော ယူဇနာက တစ်မျိုး။
(၂) မဇ္ဈိမပုရိသ ခုနစ်တောင်တာဖြင့် ဖွဲ့ယူအပ်သော ယူဇနာကတစ်မျိုး။
(၃) မဇ္ဈိမပုရိသ တစ်ဆယ့်နှစ်တောင်တာဖြင့် ဖွဲ့ယူအပ်သော ယူဇနာက တစ်မျိုး။

ဖော်ပြပါ သုံးမျိုးတို့တွင် မဇ္ဈိမပုရိသ တစ်ဆယ့်နှစ်တောင်တာဖြင့် ဖွဲ့အပ်သော ယူဇနာဖြစ်သော စကြဝဠာ အတိုင်းအရှည် ပမာဏကို ရှေးပညာရှင်တို့ယူကုန်၏။ မဇ္ဈိမပုရိသ တစ်ဆယ့်နှစ်တောင်တာ, တာ–နှစ်ဆယ် တစ်ဥသဘ, ဥသဘရှစ်ဆယ် တစ်ဂါဝုတ်,လေးဂါဝုတ် တစ်ယူဇနာ–ဟုမှတ်ပါ။

မဇ္ဈိမပုရိသ တစ်ဆယ့်နှစ်တောင်တာဟု ရေးလိုက်ခြင်းသည် ရှေးပညာရှင်တို့ အလိုဖြစ်သည်။ ဤကျမ်းပြုဆရာတော်အနေနှင့် တစ်ဆယ့်လေးတောင်တာဖြင့် ယူဇနာဖွဲ့ခြင်းတစ်မျိုးကို ယူလို၏။ အထောက်သာဓက–ဈာနဝိဘင်း အဋ္ဌကထာ၌ မြင်းမိုရ်တောင်၏အစောက်သည် ခုနစ်တောင်တာဖြင့် တစ်သိန်းခြောက်သောင်း ရှစ်ထောင်ရှိကြောင်း သမ္မောဟဝိနောဒနီဖြင့် မိန့်၏။ ဝိနည်း အဋ္ဌကထာ ကင်္ခါဝိတရဏီ အဖွင့် အဋ္ဌကထာ၌ မြင်းမိုရ်တောင်၏ အစောက်သည် ရှစ်သောင်း လေးထောင်ရှိကြောင်း မိန့်၏။ ဤသို့ အဋ္ဌကထာကြီး နှစ်စောင်တို့ကို ထောက်ဆသောအားဖြင့် ၂×၇ လီ (၁၄) ဖြစ်သောကြောင့်ပင် တစ်ဆယ့်လေးတောင်တာဖြင့် ယူလိုခြင်းဖြစ်သည်။ ရှစ်သောင်းလေးထောင်ကို နှစ်ခါပြန်ပေါင်းသော် တစ်သိန်း ခြောက်သောင်း ရှစ်ထောင်ဖြစ်သည်။

မြင်းမိုရ်တောင်မျက်နှာရှိ သီတာ (၇) တန် ရေတို့သည် အလွန့်အလွန်အေးကုန်၍ သဘော်,လှေ တို့မသွားနိုင်၊ မသွားနိုင်ခြင်း၏ အကြောင်းမှာ ရေခဲတွေများနေ၍ အလွန်အေးနေသဖြင့် သဘော်,လှေ တို့ ကြေမွပျက်သွားမည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုသို့ အလွန်အေးနေသဖြင့် မသွားမလာနိုင်သောကြောင့် ယခု လောကဓာတ်ဆရာတို့ တောင်ကျွန်း၏ မြောက်အရပ်အဆုံးရောက်အောင် မသွားနိုင်ကုန်၊ တောင်ကျွန်း၏ တောင်အရပ် အဆုံးရောက်အောင်လည်း ယခု လောကဓာတ်ဆရာ

တို့ မသွားနိုင်ကုန်၊ မသွားနိုင်ခြင်း၏အကြောင်းမှာ တောင်စကြဝဠာ၏ အနီးအပါးတို့၌ ရေခဲတွေများနေ၍ အလွန်အေးသောကြောင့်ပင် ဖြစ်သည်။

အထူးမှတ်ရန်


ရေးခဲ့ပြီးသော ရေခဲတွေ, အလွန်အေးသော ရေတွေအပြင် သီတာ (၇) တန်မှ ရှေ့မျက်နှာ စကြဝဠာ အနီးအပါးမှ ရှေ့မျက်နှာတို့၌ ရေခဲပြင်တွေ, အလွန်အေးသောရေတွေရှိသေးသည်။ ၎င်း ရေခဲ,ရေခဲပြင်တွေ,အလွန်အေးသော ရေတွေ ရောက်အောင် ယခုလောကဓာတ်ဆရာတို့ မသွားနိုင်သေးပေ။ အအေးကို ခံနိုင်သော လောကဓာတ်နည်းကို ရလျှင် သွားနိုင်လိမ့်မည်ဟု ဤကျမ်းပြုဆရာယူဆ၏။ ယခု လောကဓာတ်ဆရာတို့တွေ့ထားသော ရေခဲပြင်တွေသည် သီတာရေနှင့်နှိုင်းစာလျှင် အလွန်မအေးသေး၊ သီတာ (၇) တန်ရှိရာမှာ လက်ထိ လက်ပြတ်, ခြေထိ ခြေပြတ်, တစ်ကိုယ်လုံးထိ တစ်ကိုယ်လုံးပြတ်နိုင်သော အလွန့်အလွန်အေးသော ရေဖြစ်လေသည်။ ဈာန် အဘိညာဉ်တန်ခိုး ဣဒ္ဓိပါဒ်ရှိသော ပုဂ္ဂိုလ်တို့သာ သီတာရေပြင်သို့ သွားနိုင်သည်။

အထူးသတိပြုရန် အချက်

ရေးဆွဲပြထားသော ပုံ၏အဓိပ္ပာယ်မှာ အလယ်၌ တည်ရှိနေသော မြင်းမိုရ်တောင်ကြီးကို ၁-ယုဂန္ဓိုရ်တောင်, ၂-ဣသိန္ဓရတောင်, ၃-ကရဝိကတောင်, ၄-သုဒဿနတောင်, ၅-နေမိန္ဓရတောင်, ၆-ဝိနတကတောင်, ၇-အဿကဏ္ဏတောင် အဆိုပါ တောင်စဉ်ခုနစ်ထပ်တို့က ပတ်ဝိုင်းနေသည့် နည်းတူ သီတာရေခုနစ်တန်တို့ကလည်း ပတ်ဝိုင်းနေပုံ ဖြစ်သည်။

ယခု လောကဓာတ်ဆရာတို့သည် ဖော်ပြပါ မြင်းမိုရ်တောင်ကြီး, အပါအဝင်တောင်စဉ် ခုနစ်ထပ်, သီတာရေ ခုနစ်တန်တို့သို့ မရောက်ဖူးကြကုန်သေး၊ ရောက်အောင်သွားမည်ဟု အားခဲကြသော်လည်း ရောက်နိုင်ဖို့ အလွန့်အလွန် ခက်ခက်ခဲခဲဖြစ်လိမ့်မည်၊ ဘုန်းကံကြီးမားကုန်သော သူတို့သည်သာ ရောက်အောင်သွားနိုင်ကြကုန်၏။ ဘုန်းကံနည်းပါးသောသူတို့မှာ ရောက်နိုင်ဖို့မလွယ်ကူလှပေ။ ဉာဏ်, ဝီရိယရှိ၍ လောကဓာတ်နည်းဖြင့် စီမံ၍ သွားမှ ယခုခေတ်၊ လဗိမာန်သို့ အရောက်

သွားဖို့ အပြိုင်အဆိုင်နည်းလမ်းရှာဖွေစမ်းသပ်နေကြသည်ထက် အထက်ဖော်ပြပါ မြင်းမိုရ် တောင်စသော နေရာများသို့ အရောက်သွားနိုင်ဖို့ နည်းလမ်းရှာဖွေကြံဆကြမည်ဆိုပါလျှင် ရောက်မည်ဆိုက ရောက်နိုင်စရာအကြောင်း ရှိကောင်းရှိပေလိမ့်မည်။





ဤပုံကား- တောင်စဉ်(၇)ထပ်-သီတာရေ(၇)တန်-မြင့်မိုရ်တောင်ကြီးတို့ကို ပြသောပုံတည်း

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ယခု ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးများရှိ လောကဓာတ်ဆရာများ လဗိမာန်ပေါ်သို့ တက်ရောက် သုတေသနရှာမှီးဖို့ စုံစမ်းရှာဖွေ ကြံဆနေကြသည်ဟု ပြောဆိုနေကြသည်။ စစ်စခန်းဖွင့်ရေးအတွက် မဟုတ်ဘဲ တကယ်တမ်းသုတေသနပြုဖို့ ရိုးသားသည့် စိတ်ထားရှိပါက လောကတွင် မှန်ကန်သော စကားကိုသာ မိန့်တော်မူရာတွင် အတုမရှိသော မြတ်စွာဘုရားဟောကြားခဲ့သည့် မြင်းမိုရ်တောင်စသော အမှန်တကယ်ရှိရာဌာနသို့ သွားရောက်စုံစမ်းလေ့လာဖို့ ဝန်လေးလိမ့်မည်ဟု မထင်မိပေ။

မှတ်ချက်– တောင်စဉ် (၇) ထပ်၊ သီတာရေ (၇) တန်၊ မြင်းမိုရ်တောင်ကြီးတို့ကို သိသာရုံမျှရေးဆွဲပြသော ပုံဖြစ်သည်။

## စက်ယန္တရားများကို အသုံးမပြုသင့်ရာ၌ အသုံးပြုကြမှု ဆင်းရဲဒုက္ခရောက်တတ်ပုံအကြောင်း




ယခုခေတ်မှ လေယာဉ်ပျံများကို ပြုလုပ်တတ်သည်မဟုတ်၊ ရှေးခေတ်က လည်း ကောင်းကင်၌ ပျံသန်းနိုင်သော လေယာဉ်ပျံအတတ်ကို တတ်လေသည်။ .....ဘဂ္ဂတိုင်း သံသုမာဂိရိမြို့သား စိတြဝမ္မကီလက်သမားသည် သစ်သားကို

ငှက်ဂဠုန်–ခေါ် လေယာဉ်ပျံပြုလုပ်ပြီးလျှင် ကောင်းကင်၌ ပျံသန်း၍ မိမိအလိုရှိရာ အရပ်၌ ဆင်းသက်ပြီး ကဗ္ဗဝါဟနမြို့ကို တည်ထောင်လေသည်။ ၎င်းဝတ္ထုကိုထောက်ဆသောအားဖြင့် ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှားရှိစဉ်က လေယာဉ်ပျံရှိကြောင်းကို သိရမည်။

ရှေးခေတ်က အလွန်ထူးဆန်းသော စက်ယန္တရားအတတ်ကို တတ်လေသည်။ ဗုဒ္ဓရှင်တော်ဘုရား၏ ဓာတ်တော်ကို အရှင်မဟာကဿပနှင့် အဇာတသတ်တို့ တိုင်ပင်၍ ဌာပနာရာ အရပ်၌ ဓား,လှံ,သန်လျက်တို့ကို စွဲကိုင်၍ အသက်ရှင်သော လူကဲ့သို့ ပြေးသွားကာနေသော စက်ယန္တရားစက်ရုပ်တပ်ဆင်၍ထားလေသည်။ အဆိုပါ စက်ယန္တရားရုပ်တို့သည် ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူ ပြီးသည်မှနောက် နှစ်ပေါင်း (၂၀၀) ကျော်အသက်ရှင်သော လူကဲ့သို့ ပြေးသွားကာနေကုန်၏။ ၎င်း ဝတ္ထုကို ထောက်ဆသောအားဖြင့် ရှေးခေတ်ကလည်း စက်ယန္တရားရှိကြောင်း သိရမည်။

## အထူးသတိပြုချက်

ရှေးခေတ်အခါက လေယာဉ်ပျံအတတ်၊ စက်ယန္တရားအတတ်တို့ကို တတ်ကုန်သော ရှေးလောကဓာတ်ဆရာတို့ကို ရှေးသူဟောင်းတို့ အားမပေးကြကုန်၊ ရှေးမင်းတို့သည် လေယာဉ်ပျံ စက်ယန္တရားတို့ကို လုပ်တတ်ကြကုန်သော ရှေးလောကဓာတ်ဆရာတို့ကို အသုံးမပြု၊ လေယာဉ်ပျံအလွန်ထက်လှစွာသော စက်ယန္တရားတို့ကို အသုံးမပြုကြကုန်၊ အသေးအနုပ်ဖြစ်တဲ့ လေး၊ လက်နက်တို့ဖြင့် စစ်တိုက်ကြခြင်းကို စဉ်းစားရန် ရှိလေသည်။ ရှေးမင်းတို့သည် လေယာဉ်ပျံတွေအလွန်ထက်လှစွာသော စက်ယန္တရားတွေကို အသုံးမပြုဘဲ အသေးအနုပ်ဖြစ်တဲ့ လေး၊ လက်နက်တို့ဖြင့် စစ်တိုက်ခြင်းသည် လူတွေအများကြီး မသေအောင် လေး၊ လက်နက်တို့ဖြင့် စစ်တိုက်ကြသည်ဟု ဤကျမ်းပြုဆရာ ယူဆသည်။

ယခုခေတ်တွင် လေယာဉ်ပျံအတတ်၊ အလွန်ထက်စွာသော ဒုံးပျံ၊ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးစသော စက်ယန္တရားအတတ်တို့ကို တတ်ကုန်သော ယခုခေတ်လောကဓာတ်ဆရာတို့ကို ယခုခေတ်လူများက အားပေးခြင်း၊ ချီးမွမ်းထောမနာခြင်းတို့ကို ပြုကုန်၏။ ယခုခေတ်လူများက အားပေးခြင်း၊ ချီးမွမ်းထောမနာခြင်း

တို့ကို ခံရကုန်သော ယခုခေတ်လောကဓာတ်ဆရာတို့က လေယာဉ်ပျံတွေ အလွန်ထက်စွာသော ဒုံးပျံ၊ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး စသော စက်ယန္တရားတွေ လုပ်ကိုင်ကြကုန်၏။ အဲဒီလို လုပ်ကိုင်ပြီး လေယာဉ်ပျံတွေ၊ အလွန်ထက်စွာသော ဒုံးပျံ၊ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးစသော စက်ယန္တရားတွေကို အသုံးမပြုသင့်ရာ၌ အသုံးပြုကြမှု ဆင်းရဲဒုက္ခရောက်တတ်လေသည်။ ဆင်းရဲဒုက္ခရောက်တတ်ပုံ သက်သေသာဓကမှာ–ဒုတိယကမ္ဘာစစ်ကြီးကပင် သာဓကဖြစ်လေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး၌ လေယာဉ်ပျံတွေ၊ အလွန်ထက်စွာသော အဏုမြူဗုံးစသော စက်ယန္တရားတွေလက်ထဲရှိနေတော့ ကြီးလေးကြီးဖြစ်လာသည်။ လေယာဉ်ပျံတွေ အလွန့်အလွန်ထက်တဲ့ အဏုမြူဗုံးစသော စက်ယန္တရားလက်နက်တွေ၊ မိမိလက်ထဲ၌ရှိလာတော့ မိမိကိုယ်ကို အထင်ကြီးလာတော့၏။ ယခုလိုအထင်ကြီးလာခြင်း တည်းဟူသော ကြီးတစ်ကြီးဖြစ်လာသည်။ အထင်ကြီးလာတော့ စစ်တိုက်ဖို့ အထ,ကြီး ထ,တော့၏။ ယခုလို အထ,ကြီး ထ,ခြင်း တည်းဟူသော ကြီးနှစ်ကြီး ဖြစ်လာသည်။ အထ,ကြီး ထ,တော့ အထိ,ကြီး ထိ,တော့၏။ ယခုလို အထိ,ကြီး ထိ,ခြင်း တည်းဟူသော ကြီးသုံးကြီးဖြစ်လာသည်။ အထိ,ကြီး ထိ,တော့ အထိုင်,ကြီး ထိုင်ရတော့၏။ ယခုလို အထိုင်ကြီး ထိုင်ရခြင်းတည်းဟူသော ကြီးလေးကြီး ဖြစ်လာသည်။ ယခုလို ကြီးလေးကြီးဖြစ်လာလျှင် ကမ္ဘာသူ၊ ကမ္ဘာသားတွေ အလွန်ဆင်းရဲလေသည်။ ကမ္ဘာကြီးတစ်ခုလုံး အထူးသတိပြုရန် အချက်ဖြစ်သည်။ ဤသည်ပင် လေယာဉ်ပျံတွေ၊ အလွန်ထက်သော အဏုမြူဗုံးစသော စက်ယန္တရားတွေကို အသုံးမပြုသင့်ရာ၌ အသုံးပြုကြခြင်းကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားတွေ ဆင်းရဲဒုက္ခခံခဲ့ ရပုံဖြစ်သည်။

လေယာဉ်ပျံတွေ၊ စက်ယန္တရားတွေကို အသုံးပြုသင့်ရာ၌ အသုံးပြုကြမှ ကမ္ဘာသူကမ္ဘာသားတို့ ချမ်းချမ်းသာသာ နေကြရမည်။ အဇာတသတ်မင်းသည် အလွန်ထက်စွာသော စက်ယန္တရားရပ်တွေကို ဗုဒ္ဓရှင်တော်ဘုရား၏ ဓာတ်တော် ဌာပနာရာ၌ အသုံးပြုခြင်းသည် အသုံးပြုသင့်ရာ၌ အသုံးပြုသည် မည်တော့သည်။

နေက မလည်မသွား၊ ကမ္ဘာကလည်၍သွားသည်ဟု ယူဆကြသော ယခု ခေတ်လောကဓာတ်ဆရာတို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်တိုက်ရာ၌ အသုံးပြုဖို့ ဒုံးပျံလက်နက် ပြုလုပ်သကဲ့သို့နေက လည်၍သွားသည်။ ကမ္ဘာမြေကြီးက မလည်မသွားဟု ယူကြသော ရှေးခေတ် လောကဓာတ်ဆရာတို့လည်း ဒုံးပျံခေါ် စက်

ယန္တရားကို အခြားတိုင်းပြည်သို့ရောက်အောင် လွှတ်ကြသည်။ ထိုသို့ ဒုံးပျံခေါ် စက်ယန္တရားကို လွှတ်သော်ငြားလည်း လူတွေအများကြီး သေကျေပျက်စီးခြင်းကို ရှေးလောကဓာတ်ဆရာတို့နှင့် တကွ ရှေးဘုရင်မင်းမြတ်တို့သည် အလို မရှိကုန်။

## လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော အကုသိုလ်တရား အစိပ္ပာယ်ထူး ပြပုံအကြောင်း

လောဘ၊ ဒေါသ၊ မောဟသည် သူမလောဘ၊ သမဒေါသ၊ သမမောဟ ဖြစ်လျှင် ကမ္ဘာသူ ကမ္ဘာသား ချမ်းသာ၍ ကောင်းကောင်းမွန်မွန် နေထိုင်ရမည်။ ဝိသမလောဘ၊ ဝိသမဒေါသ၊ ဝိသမမောဟဖြစ်လျှင် ကမ္ဘာသူ ကမ္ဘာသား ဆင်းရဲဒုက္ခရောက်၍ စိတ်မချမ်းမသာနှင့် နေထိုင်ရမည်။

သမလောဘဆိုသည်မှာ.....ဥပမာ ကုန်ပစ္စည်းတစ်ခုခုကို ရောင်းရာဝယ်ရာ၌ ဆိုပါတော့ ရောင်းသူကုန်ပစ္စည်းရှင်ကလည်း ဝယ်သူ၏ငွေကို လိုချင်တဲ့ လောဘဖြစ်တယ်။ ဝယ်သူငွေရှင်ကလည်း ရောင်းသူ၏ကုန်ပစ္စည်းကို လိုချင်တဲ့ လောဘဖြစ်တယ်။ ယခုလိုနှစ်ဦးစလုံး လောဘဖြစ်လာတဲ့အခါ ရောင်းသူနှင့်ဝယ်သူတို့ တစ်ဦးနှင့်တစ်ဦး ကျေနပ်အောင် ပြောဆိုကြ၍ ငွေကိုယူခြင်း ကုန်ပစ္စည်းကို ယူခြင်းသည် သမလောဘ ဖြစ်သည်ဟု မှတ်ရမည်။

**မှတ်ချက်** ကုန်ရောင်းသူနှင့် ကုန်ဝယ်သူ (၂) ဦးတို့ တစ်ဦးနှင့်တစ်ဦး ကျေနပ်၍ မျှတခြင်းကြောင့်ပင် ဖြစ်သည်။

သမဒေါသဆိုသည်မှာ.....ဥပမာ အမိဖြစ်သူက သားကြီးအား ရိုက်သည် ဆိုပါတော့။ အမိဖြစ်သူက သားကြီးကိုဆုံးမလို့မရသည့်အတွက် ဒေါသဖြစ်ပြီး သားကြီးအားရိုက်၏။ ယခုလို အမိဖြစ်သူက သားကြီးအား ရိုက်ရာဝယ် ကရုဏာဒေါသနှင့်ရိုက်ခြင်းဖြစ်သည်။ မိမိ၏သားကြီးသေသွားအောင် ရိုက်ခြင်းမဟုတ်။ မိမိ၏သားကြီး လိမ္မာအောင် ရိုက်ခြင်းဖြစ်၍ သားကြီးကလည်း ကျေနပ်သောကြောင့် သမဒေါသ ဖြစ်သည်ဟု မှတ်ရမည်။

သမမောဟဆိုသည်မှာ.....ဥပမာ မဆင်ခြင် မစဉ်းစားဘဲ ကောက်ရိုးပုံတွင်း

သို့ တုတ်ချွန်ကို ထိုးစိုက်မိ၍ ကောက်ရိုးပုံအတွင်းနေပုဂ္ဂိုလ်တစ်ဦး နာကျင်သွားသည်ဆိုပါတော့။ တုတ်ချွန်ကို ထိုးစိုက်လိုက်ခြင်းသည် မဆင်ခြင်မစဉ်းစားဘဲ အမှတ်မဲ့ မသိလိမ္မာ၍ ထိုးစိုက်လိုက်ခြင်းဖြစ်သည်။ ကောက်ရိုးပုံအတွင်းရှိ ပုဂ္ဂိုလ် နာကျင်သွားအောင် ထိုးစိုက်ခြင်းမဟုတ်မူ၍ မဆင်မခြင်မစဉ်းစားဘဲ အမှတ်မဲ့ မသိလိမ္မာဖြစ်ပြီး ထိုးစိုက်ခြင်းဖြစ်သဖြင့် တုတ်ချွန်ထိုးခံရသူကလည်း ကျေနပ်သောကြောင့် သမမောဟ ဖြစ်သည်ဟု မှတ်ရမည်။

**မှတ်ချက်** ယခုလို သမလောဘ၊ သမဒေါသ၊ သမမောဟ ဖြစ်လျှင် ကမ္ဘာသူ၊ ကမ္ဘာသားတို့ ချမ်းချမ်းသာသာနှင့် အေးအေးကြည်ကြည်ရှိပြီး စိတ်တွေရွှင်လန်း၍ လုပ်ကိုင်စားသောက်ကြမည် မုချအမှန်ပင်ဖြစ်သည်။

ဝိသမလောဘဆိုသည်မှာ......သူတစ်ပါးပစ္စည်းကို တိုက်ခိုက်ယူခြင်း၊ သတ်ဖြတ်၍ယူခြင်း၊ ခိုး၍ယူခြင်း၊ ဗြိမ်းခြောက်၍ယူခြင်း၊ ပြန်ပေးဆွဲခြင်း စသည်ဖြင့် ပစ္စည်းရှင်မကျေမနပ်ဖြစ်အောင် ယူခြင်းသည် ဝိသမလောဘဖြစ်သည်ဟု မှတ်ရမည်။

ဝိသမဒေါသဆိုသည်မှာ......မတရားသဖြင့် ညှဉ်းဆဲခြင်း၊ မတရားသဖြင့် သတ်ဖြတ်ခြင်း၊ မတရားသဖြင့် ရိုက်ပုတ်ခြင်းစသည်ဖြင့် သူတစ်ပါးမကျေမနပ်ဖြစ်အောင် မျက်ရည်ကျအောင် ဆင်းရဲအောင်ပြုလုပ်ခြင်း ပြောဆိုခြင်းသည် ဝိသမဒေါသဖြစ်သည်ဟု မှတ်ရမည်။

ဝိသမမောဟဆိုသည်မှာ.....မသိမလိမ္မာသဖြင့် မိုက်ကြေးခွဲခြင်း၊ အမိမှန်းမသိ၊ အဖမှန်းမသိ၊ သားမှန်းမသိ၊ သမီးမှန်းမသိ၊ ဆွေမျိုးမှန်းမသိ၊ ကျေးဇူးရှင်မှန်းမသိ စသည်ဖြင့် မတရားပြုခြင်း၊ မတရားပြောခြင်းသည် ဝိသမမောဟ ဖြစ်သည်ဟု မှတ်ရမည်။

**မှတ်ချက်** ယခုလို ဝိသမလောဘ၊ ဝိသမဒေါသ၊ ဝိသမမောဟဖြစ်လျှင် ကမ္ဘာသူ၊ ကမ္ဘာသားတို့ ချမ်းချမ်းသာသာ မနေရဘဲ စိတ်အေးအေးကြည်ကြည်မရှိဘဲ၊ စိတ်မရွှင်မလန်းဘဲ နေထိုင်ရမည် မုချအမှန်ဖြစ်မည်။

**အထူးသတိပြုချက်**


ဝိသမလောဘ၊ ဝိသမဒေါသ၊ ဝိသမမောဟ–ဖြစ်ရာ ပုဂ္ဂိုလ်ကို ခဏတော့ အလွန်ကြည့်၍ကောင်းသည်ဟု ထင်ရတတ်သည်။ ဥပမာ–ပေပင် ပေပွင့်တွေ ပွင့်၍ ပေသီးတွေသီးနိုက် ကြည့်လိုက်လျှင် ပေပင်တစ်ပင်လုံး မြိုင်မြိုင်ဆိုင်ဆိုင် ရှိ၍ အလွန်ကြည့်၍ ကောင်းသည်ဟု ထင်ရသကဲ့သို့ပင် ဖြစ်သည်။ ယခုလို ပေပွင့်တွေပွင့်ခြင်း၊ ပေသီးတွေ သီးခြင်းသည် စင်စစ် ပေပင်ပျက်စီးဖို့ အကြောင်း ဖြစ်လာသည်။ ပေပွင့်ပွင့် ပေသီးသီးရာဖြစ်သော ပေပင်သည် မကြာမီအမှန် ပျက်စီးခြင်းသို့ ရောက်သကဲ့သို့– ပေပွင့်ပေသီးနှင့်တူသော ဝိသမလောဘ၊ ဝိသမ ဒေါသ၊ ဝိသမမောဟဖြစ်ခြင်းသည် စင်စစ် ဝိသမတည်ရာပုဂ္ဂိုလ်၊ တစ်နည်း.... ဝိသမတရားကိုလက်သင့်ခံထားသော ပုဂ္ဂိုလ်ပျက်စီးဖို့အကြောင်း ဖြစ်လာသည်။ မကြာမီ အမှန်ပျက်စီးခြင်းသို့ မုချရောက်မည်။ သစ်ပင်မြင့်မြင့်ကကျသော ပုဂ္ဂိုလ် ကဲ့သို့ ယခုဘဝ၌ပင် အကျနာ၍ ပျက်စီးရမည်အမှန်ပင်။

**မှတ်ချက်** ဆိုလိုရင်းအဓိပ္ပာယ်မှာ....မကောင်းသော ဝိသမလောဘ၊ ဝိသမဒေါသ၊ ဝိသမမောဟကို လက်သင့်ခံထားသော ပုဂ္ဂိုလ်သည် ခဏတော့ပြည့်ရှင်မင်းကြီးလိုထင်ရသည်။ မကြာမီ ယခုဘဝမှာပင် အကျနာ ပျက်စီးရမည်ဟု ဆိုလိုသည်။

## ယခု လောကဓာတ်ဆရာတို့ တွေ့ထားသော ကမ္ဘာမြေ၌ တည်ကြကုန်သော တိုင်း၊ နိုင်ငံ၊ မြို့တို့တွင် တစ်မြို့နှင့်တစ်မြို့ နာရီခြားနားပုံကို ပြသခြင်းအကြောင်း

နေ့မသွားမလည်လျှင် အချိန်နာရီမှတ်သားဖို့ရန် မဖြစ်နိုင်။ အချိန်နာရီမမှတ် သားနိုင်လျှင် တစ်မြို့နှင့်တစ်မြို့ နာရီခြားနားပုံကို မသိနိုင်။ နေ့လည်၍ သွား ခြင်းကြောင့် အချိန်နာရီမှတ်သားဖို့ရန် ဖြစ်နိုင်သည်။ အချိန်နာရီမှတ်သားနိုင် လျှင် တစ်မြို့နှင့်တစ်မြို့ နာရီခြားနားပုံကို သိနိုင်သည်။

ကမ္ဘာလုံးလည်ခြင်းကြောင့် အချိန်နာရီ မှတ်သားနိုင်သည်မဟုတ်၊ နေ့လည် ၍သွားခြင်းကြောင့် နေ့ထွက် နေ့မွန်းတည့် နေ့ဝင်တို့ကို ကြည့်၍အချိန်နာရီ



အမှတ်အသားပြုပြီးလျှင် တစ်မြို့နှင့်တစ်မြို့ အချိန်နာရီ မည်မျှခြားနားသည်ဟု မမှန်မှန်အောင် တွက်ချက်နိုင်လေသည်။ ယခုလိုနေ့,လည်၍သွားခြင်းကို အကြောင်းပြုပြီး ကမ္ဘာ့မြေပုံ၌ အချိန်နာရီဖွဲ့၍ အဆိုပါအချိန်နာရီကိုကြည့်ပြီး တစ်မြို့နှင့်တစ်မြို့နာရီမည်မျှ ခြားနားသည်ဟု ရေးသားပြသနိုင်လေသည်။

ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်က ရာဇဂြိုဟ်မြို့၌ နေမွန်းတည့်ဗဟိုဟု သတ်မှတ်ထားလေသည်။ ယခုခေတ်တွင် ရာဇဂြိုဟ်မြို့၌ နေ့မွန်းတည့်ဗဟိုပြုပုံကို အသိအမှတ်မပြုကြ၊ လန်ဒန်မြို့အနီးရှိ ဂရင်းနစ်မြို့၌ နေမွန်းတည့်ဗဟိုဟု သတ်မှတ်ထားကြသည်။ ယခုခေတ်အသိအမှတ်ပြုထားသော ဂရင်းနစ်မြို့၌ နေ့မွန်းတည့် (၁၂) နာရီဗဟိုအတိုင်း မြေပုံဆွဲပြီး အချိန်နာရီ တစ်မြို့နှင့်တစ်မြို့ ခြားနားပုံကို မမှန်မှန်အောင် တွက်ချက်ပြမည်။

**အထူးသတိပြုချက်**

၁-၂-၃-၄-၅-၆-၇-၈-၉-၁၀-၁၁ မွန်းတည့်။

၁-၂-၃-၄-၅-၆-၇-၈-၉-၁၀-၁၁ သန်းခေါင်ဟု မြေပုံအထက်ထိပ်ဆုံးက ရေးထားခြင်းသည် ဂရင်းနစ်မြို့၌ (၁၂) နာရီ မွန်းတည့်သောအခါ အခြားတိုင်း၊ နိုင်ငံ၊ မြို့ တို့၌ မည်သည့်အချိန်ရှိသည်၊ တစ်မြို့နှင့်တစ်မြို့ မိနစ် မည်မျှခြားနားသည်၊ မည်သည့်မြို့၌ မည်မျှနာရီရှိလျှင်မည်သည့်မြို့၌ မည်မျှနာရီရှိသည် တို့ကို သိကြဖို့ ရေးထားခြင်းဖြစ်သည်။ ရေးဆွဲပြထားသော မြေပုံသည် နေ့နှင့်ညဥ့် နာရီညီမျှသော လ,တို့အတွက် ရေးဆွဲပြထားသော မြေပုံဖြစ်သည်။ နေ့ညဥ့် နာရီ မညီမျှသော လ,တို့အတွက် ရေးဆွဲပြထားသောမြေပုံမဟုတ်။

မြေပုံအထက် ထိပ်ဆုံးက ဂဏန်းများကိုကြည့်၍ ဂရင်းနစ်မြို့၌ မွန်းတည့် (၁၂) နာရီရှိလျှင် လက်ဝဲ-လက်ယာ ဂဏန်းတို့ရှိသည့်အတိုင်း မှတ်ထားပြီး (၁) ဂဏန်းအောက်က မြို့များ၌ (၁) နာရီ၊ (၂) ဂဏန်းအောက်ကမြို့များ၌ (၂) နာရီ ရှိသည် စသည်ဖြင့် သိရမည်။

**မှတ်ချက်** ဆိုလိုရင်းအဓိပ္ပာယ်.....မြေပုံ အထက်ထိပ်ဆုံးက ဂဏန်းတို့ ကြည့်၍ဂဏန်းတို့၏ အောက်ရှိ မြို့များ၌ နာရီရှိသည်ဟု သိရမည်။

**တစ်မြို့နှင့်တစ်မြို့ နာရီခြားနားပုံ တစ်မြို့၌မည်မျှနာရီရှိလျှင် တစ်မြို့၌ မည်မျှနာရီရှိပုံကို ရေးပြအံ့**

ဥပမာ.....ကိုလံဘိုမြို့၌ နံနက် (၅) နာရီအချိန်ဆိုပါတော့ ကိုလံဘိုမြို့နှင့် တိုကျိုမြို့တို့ နာရီမိနစ်ခြားနားပုံကို ရေးပြပါဟု မေးခဲ့မူ....

ကိုလံဘိုမြို့သည် မြေပုံထိပ်ဆုံး လက်ယာဘက် (၅) ဂဏန်းအောက်မှာရှိ၍ တိုကျိုမြို့သည် မြေပုံထိပ်ဆုံး လက်ယာဘက် (၉) ဂဏန်းအောက်မှာရှိသော ကြောင့် (၅-၆-၇-၈-၉) တို့၏ အကြားကွက်လပ်တို့ကို ရေတွက်ကြည့်ပါက (၄) ကွက်လပ်ပါလိမ့်မည်။ အဆိုပါ (၄) ကွက်လပ်သည်ပင်လျှင် နာရီဖြစ်၍ ကိုလံဘိုမြို့နှင့် တိုကျိုမြို့တို့ (၄) နာရီခြားနား၏။ အဆိုပါ (၄) နာရီကို မိနစ်ဖွဲ့သော် တစ်နာရီလျှင် မိနစ် (၆၀) ရှိ၍ (၄) ကို (၆၀) နှင့်မြှောက်မူ (၂၄၀) ရသဖြင့် ကိုလံဘိုမြို့နှင့် တိုကျိုမြို့တို့ (၂၄၀) မိနစ်ခြားနား၏။

အကျဉ်းမှာ....ကိုလံဘိုမြို့နှင့် တိုကျိုမြို့တို့ နာရီအားဖြင့် (၄) နာရီ၊ မိနစ်အားဖြင့် (၂၄၀) မိနစ် ခြားနား၏ဟု ဖြေရမည်။

**မှတ်ချက်** ဂဏန်းအကြားရှိ ကွက်လပ်တို့ကို ရေတွက်၍ နာရီမိနစ် ခြားနားပုံကို ပြခြင်းဖြစ်သည်။

တစ်နည်းမှာ.....(၅) နှင့် (၆) တစ်နာရီ၊ (၆) နှင့် (၇) တစ်နာရီ၊ (၇) နှင့် (၈) တစ်နာရီ၊ (၈) နှင့် (၉) တစ်နာရီ၊ ပေါင်း (၄) နာရီရသည်။ အဆိုပါ နာရီကိုမိနစ်ဖွဲ့သော် (၂၄၀) ရသည်ဖြစ်၍ ကိုလံဘိုမြို့နှင့်တိုကျိုမြို့တို့ (၄) နာရီခြားနား၏။ သို့မဟုတ် (၂၄၀) မိနစ်ခြားနား၏ဟု ဖြေရမည်။

ကိုလံဘိုမြို့၌ နံနက် (၅) နာရီအချိန်ရှိသည်ဆိုပါတော့ တိုကျိုမြို့၌ မည်မျှနာရီအချိန်ရှိမည်နည်းဟု မေးခဲ့မူ.....

မြေပုံထိပ်ဆုံး လက်ယာ (၅) ကစ၍ ရေတွက်သော် (၅) နာရီ (၆) နာရီ၊ (၇) နာရီ (၈) နာရီ (၉) နာရီဟု ရသဖြင့် တိုကျိုမြို့၌ နံနက် (၉) နာရီအချိန်ရှိသည်ဟု ဖြေရမည်။

အကျဉ်းမှာ.....ကိုလံဘိုမြို့၌ နံနက် (၅) နာရီအချိန်ရှိလျှင် တိုကျိုမြို့၌ နံနက် (၉) နာရီအချိန်ရှိသည်ဟု ဖြေရမည်။

တစ်နည်း.....တိုကျိုမြို့၌ နံနက် (၅) နာရီအချိန်ရှိသည်ဆိုပါတော့ ကိုလံဘို

မြို့၌ မည်မျှနာရီအချိန်ရှိမည်နည်းဟု မေးခဲ့မူ....ဆွဲပြထားသော မြေပုံထိပ်ဆုံး လက်ယာဘက် (၉) ဂဏန်းနေရာ၌ (၅) ဂဏန်းဟု စိတ်ကမှတ်သား၍ (၅–၄–၃–၂–၁) ဟု တစ်ခုစီနုတ်လိုက်မူ (၁) သာကျန်သဖြင့် ကိုလံဘိုမြို့၌ (၁) နာရီ အချိန်ရှိသည်ဟု ဖြေရမည်။

အကျဉ်းမှာ .....တိုကျိုမြို့၌ နံနက် (၅) နာရီအချိန်ရှိလျှင် ကိုလံဘိုမြို့၌ (၁) နာရီအချိန်ရှိသည်ဟု ဖြေရမည်။

တိုကျိုမြို့၌ နံနက် (၅) နာရီ အချိန်ရှိသည်။ ကိုလံဘိုမြို့၌ မည်မျှနာရီ အချိန်ရှိမည်နည်းဟူသော အမေးမျိုး၌ ရေတွက်နည်းမှာ–မြေပုံထိပ်ဆုံး၌ လက်ဝဲဘက်ကို ရေတွက်ရာဝယ် တစ်ခုစီတစ်ခုစီ လျှော့၍ ရေတွက်ရမည်။

**မှတ်ချက်** တိုကျိုမြို့သည် ကိုလံဘိုမြို့၏ အရှေ့ဘက်တွင် ရှိ၍ တိုကျိုမြို့၏ နာရီအချိန်က စောသောကြောင့် ဖြစ်သည်။ အရှေ့ဘက်ကျသော မြို့များသည် အနောက်ဘက်ကျသော မြို့များထက် နာရီပိုမို၍ စော၏။ အနောက်ဘက်ကျသော မြို့များသည် အရှေ့ဘက်ကျသောမြို့များအောက် နာရီ နောက်ကျလေသည်။

တစ်နည်း.....တိုကျိုမြို့တွင် (၅) နာရီအချိန်ရှိရာ၌ (၅) မှ လက်ဝဲဘက် ရေတွက်သော် (၁–၂–၃–၄) သာရသဖြင့် အဆိုပါရသော (၄) ဖြင့် (၅) ကိုနုတ်သော် (၁) သာကျန်သောကြောင့် တိုကျိုမြို့၌ နံနက် (၅) နာရီရှိလျှင် ကိုလံဘိုမြို့၌ (၁) နာရီရှိသည်ဟု ဖြေရမည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ နံနက် (၆) နာရီအချိန်ရှိသည်ဆိုပါတော့၊ ရန်ကုန်မြို့နှင့်လန်ဒန်မြို့တို့ နာရီ၊ မိနစ် ခြားနားပုံကို ရေးပြပါဟု မေးခဲ့မူ....

ရန်ကုန်မြို့သည်မြေပုံထိပ်ဆုံး လကျာဘက် (၆) ဂဏန်းအောက်မှာရှိ၍ လန်ဒန်မြို့သည် မြေပုံထိပ်ဆုံး လက်ဝဲဘက် မွန်းတည့်အောက်မှာရှိသောကြောင့် (၆–၅–၄–၃–၂–၁) မွန်းတည့်တို့၏အကြား ကွက်လပ်တို့ကို ရေတွက်ကြည့်ပါက (၆) ကွက်လပ်ရပါလိမ့်မည်။ အဆိုပါ (၆) ကွက်လပ်သည်ပင်လျှင် နာရီဖြစ်၍ ရန်ကုန်မြို့နှင့် လန်ဒန်မြို့တို့ (၆) နာရီခြားနား၏။ အဆိုပါ (၆) နာရီကို

မိနစ်ဖွဲ့သော် တစ်နာရီလျှင် မိနစ် (၆၀) ရှိ၍ (၆) ကို (၆၀) နှင့်မြှောက်ပါက (၃၆၀) မိနစ်ရသဖြင့် ရန်ကုန်မြို့နှင့်လန်ဒန်မြို့တို့ (၃၆၀) မိနစ်ခြားနား၏။

အကျဉ်းမှာ ရန်ကုန်မြို့နှင့်လန်ဒန်မြို့တို့ နာရီအားဖြင့် (၆) နာရီ၊ မိနစ် အားဖြင့် (၃၆၀) မိနစ်ခြားနား၏ဟု ဖြေရမည်။

**မှတ်ချက်** ဂဏန်းအကြားရှိ ကွက်လပ်တို့ကို ရေတွက်၍ နာရီ၊ မိနစ် ခြားနားပုံကို ပြခြင်းဖြစ်သည်။

တစ်နည်း.....(၆) နှင့် (၅) တစ်နာရီ၊ (၅) နှင့် (၄) တစ်နာရီ၊ (၄) နှင့် (၃) တစ်နာရီ၊ (၃) နှင့် (၂) တစ်နာရီ၊ (၂) နှင့် (၁) တစ်နာရီ (၁) နှင့်မွန်းတည့် အမှတ် တစ်နာရီပေါင်း (၆) နာရီရသည်။

(၆) နာရီကို မိနစ်ဖွဲ့သော် (၃၆၀) ရသည်ဖြစ်၍ ရန်ကုန်မြို့နှင့်လန်ဒန်မြို့ တို့ (၆) နာရီခြားနားပါ၏။ သို့မဟုတ် (၃၆၀) မိနစ်ခြားနားပါ၏ဟု ဖြေရမည်။

ရန်ကုန်မြို့၌ နံနက် (၆) နာရီအချိန်ရှိသည်ဆိုပါတော့ လန်ဒန်မြို့၌ မည်မျှ နာရီအချိန်ရှိမည်နည်းဟု မေးခဲ့မူ....

မြေပုံထိပ်ဆုံး လက်ယာဘက် (၆) ကစ၍ ရေတွက်သော် (၆) နာရီ၊ (၅) နာရီ (၄) နာရီ၊ (၃) နာရီ၊ (၂) နာရီ၊ (၁) နာရီ (၁၂) နာရီဟု ရသဖြင့် လန်ဒန် မြို့၌ (၁၂) နာရီအချိန်ရှိသည်ဟု ဖြေရမည်။

အကျဉ်းမှာ ရန်ကုန်မြို့၌ (၆) နာရီရှိလျှင် လန်ဒန်မြို့၌ (၁၂) နာရီအချိန် ရှိသည်ဟု ဖြေရမည်။

တစ်နည်း....လန်ဒန်မြို့၌ (၆) နာရီအချိန်ရှိသည်ဆိုပါတော့ ရန်ကုန်မြို့၌ မည်မျှနာရီအချိန်ရှိသည်ဟု မေးခဲ့မူ....

ပြထားသောမြေပုံထိပ်ဆုံး မွန်းတည့်နေရာ၌ (၆) ဟု စိတ်ကမှတ်သား၍ (၆-၇-၈-၉-၁၀-၁၁-၁၂) ဟု တစ်ခုစီတိုးလိုက်မူ အနောက် (၁၂) သာဖြစ်သဖြင့် ရန်ကုန်မြို့၌ (၁၂) နာရီအချိန်ရှိသည်ဟု ဖြေရမည်။

အကျဉ်းမှာ....လန်ဒန်မြို့၌ (၆) နာရီရှိလျှင် ရန်ကုန်မြို့၌ (၁၂) နာရီ အချိန်ရှိသည်ဟု ဖြေရမည်။

မြေပုံထိပ်ဆုံး၌ လက်ယာဘက်ဖြစ်မူ တစ်ခုစီ တစ်ခုစီ တိုး၍တိုး၍ ရေတွက်

ရမည်။

ရေးခဲ့ပြီးသည်တို့ကို နည်းမှီး၍ ကြွင်းသောမြို့များ၌ နာရီ၊ မိနစ်ခြားနားပုံ တစ်မြို့၌ မည်မျှနာရီရှိလျှင် တစ်မြို့၌ မည်မျှနာရီရှိပုံတို့ကို သိကြလေ။ ကြွင်းသော မြို့များအတွက် ရေး၍ မပြတော့ပေ။

## ငရဲကြီး (၈) ဘုံအကြောင်း

ရေးခဲ့ပြီးသည်တို့မှာ ကမ္ဘာမြေကြီးအပြားပေါ်၌ တည်နေသော လူ့ဘုံ၏အကြောင်းအခြင်းအရာတို့ဖြစ်သည်။ ကမ္ဘာမြေကြီး အပြားပေါ်၌ တည်နေကုန်သောဘုံတို့သည် အပါယ်လေးဘုံ၊ လူ့ဘုံ၊ စတုမဟာရာဇ်နတ်ဘုံ၊ တာဝတိံသာနတ်ဘုံတို့ဖြစ်ကုန်၏။ ထိုအပါယ်လေးဘုံ၊ လူ့ဘုံ၊ စတုမဟာရာဇ်နတ်ဘုံ၊ တာဝတိံသာနတ်ဘုံတို့တွင် ကမ္ဘာမြေကြီးအပြားပေါ်၌တည်နေသော အပါယ်လေးဘုံမှာ–ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံပင်ဖြစ်သည်။ အဆိုပါအပါယ်လေးဘုံသည် မကောင်းသော အကုသိုလ်အမှုကို ပြုကျင့်သော ပုဂ္ဂိုလ်တို့၏ လားရာဖြစ်ရာ ဘုံဖြစ်သည်။ ထိုအပါယ်လေးဘုံတွင် ငရဲကြီးမှာ–အကျဉ်းအားဖြင့် ရှစ်ဘုံရှိသည်။ ရှစ်ဘုံဆိုသည်မှာ–

(၁) သိဉ္ဇီးငရဲကြီး။
(၂) ကာဠသုတ် ငရဲကြီး။
(၃) သင်္ဃာတ ငရဲကြီး။
(၄) ရောရုဝ ငရဲကြီး။
(၅) မဟာရောရုဝ ငရဲကြီး။
(၆) တာပန ငရဲကြီး။
(၇) မဟာ တာပန ငရဲကြီး။
(၈) အဝီစိ ငရဲကြီး။

ပေါင်း ငရဲကြီး ဘုံ–ရှစ်ဘုံ ရှိလေသည်။

(၁) ငရဲကြီးရှစ်ဘုံတွင် ငရဲထိန်းတို့သည် မီးအလျှံပြောင်ပြောင်တောက်သော အထူးထူးအထွေထွေ လက်နက်တို့ကိုကိုင်လျက် အပိုင်းပိုင်း အမျှင်မျှင် အပြန်ခံရသော ငရဲသူ၊ ငရဲသားတို့သည် ဟစ်အော်မြည်တမ်းငိုကြွေးလျက် အဖန်ဖန် အလဲလဲ ဆင်းရဲဒုက္ခကြီးကို ခံရပြီး အသက်ရှည်စွာနေရာဖြစ်သော ဘုံသည် **သိဉ္စီးငရဲကြီးဘုံ** မည်၏။

(၂) မီးအလျှံပြောင်ပြောင်တောက်သော သံမြေပြင်၌ ဟစ်အော်မြည်တမ်း ငိုကြွေးလျက် ပြေးလွှားနေကုန်သော ငရဲသူ၊ ငရဲသားတို့ကို ငရဲထိန်းတို့သည် ဆဲရေးတိုင်းထွာ ဟစ်အော်ကာဖြင့် ညာသံပေးလျက်အမျိုးမျိုးနှိပ်စက်၍ ငရဲသူ၊ ငရဲသားတို့ လဲကုန်သော် လဲရာခန္ဓာကိုယ်တို့၌ မီးအလျှံပြောင်ပြောင်တောက်သော မည်းနက်သောမျဉ်းကြိုးတို့ဖြင့် အမြောင့် အမြောင့်ပစ်၍ မီးအလျှံပြောင်ပြောင် တောက်သော ကြီးစွာသောဓားတို့ဖြင့် လေးမြောင့်ရှစ်မြောင့်စသည်ဖြင့် အမြောင့် အမြောင့် အရွေခံရာဖြစ်သောဘုံသည် **ကာဠသုတ်ငရဲကြီးဘုံ** မည်၏။

(၃) ငရဲထိန်းတို့က မီးအလျှံပြောင်ပြောင်တောက်သော သံမြေ၌ ငရဲသူ၊ ငရဲသားတို့ကို မြှုပ်ထားပြီးသောအခါ မီးအလျှံပြောင်ပြောင်တောက်သော တောင်ကြီးတို့၏အကြိတ်ခံရာ ဖြစ်သောဘုံသည် **သင်္ဃာတငရဲကြီးဘုံ** မည်၏။

(၄) တစ်ကမ္ဘာပတ်လုံးတည်သော သံမီးအလျှံတို့သည် ငရဲသူ၊ ငရဲသားတို့၏ ဒွါရတို့သို့ ဝင်ကုန်၍ မခံနိုင်အောင် တောက်လောင်သဖြင့် ဟစ်အော်မြည်တမ်း ငိုကြွေးလျက် သွေးအလျှံပြည့်သော ခန္ဓာကိုယ်ဖြင့် ကြိမ်ဖန်များစွာ ဆင်းရဲဒုက္ခတို့ကို ခံရာဖြစ်သောဘုံသည် **ရောရုဝငရဲကြီးဘုံ** မည်၏။

(၅) တစ်ကမ္ဘာပတ်လုံးတည်သော အငန်အရသာပါသော ကြီးစွာသောမီးလျှံတို့သည် ငရဲသူ၊ ငရဲသားတို့၏ ဒွါရတို့သို့ ဝင်ကုန်၍ မခံနိုင်အောင် တောက်လောင်သဖြင့် ဟစ်အော်မြည်တမ်းငိုကြွေးလျက် ကြီးစွာသော သွေးအလျှံပြည့်သော ခန္ဓာကိုယ်ဖြင့် ကြိမ်ဖန်များစွာ ဆင်းရဲဒုက္ခတို့ကို ခံရာဖြစ်သော ဘုံသည်

**မဟာရောရုဝငရဲကြီးဘုံ** မည်၏။

(၆) သွက်ချာပါဒ၊ လေ နှိပ်စက်ခံရသော ပုဂ္ဂိုလ်တစ်ဦးသည် မတုန်မလှုပ်နိုင်အောင် နေရပြီး ရောဂါဝေဒနာ နှိပ်စက်ရာ ခန္ဓာကိုယ်မတုန်မလှုပ်နိုင်ဘဲ ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားလျက် ပူပင်သောက ဖြစ်ရသကဲ့သို့.....မီးအလျှံတောက်သောသံမြေပြင်၌ အကုသိုလ်ကံ အားလျော်စွာ မတုန်မလှုပ်နိုင်အောင်နေရပြီး ငရဲထိန်းတို့က ထန်းလုံးခန့်ရှိသော မီးအလျှံတောက်သော သံတံကျင်ဖြင့် အမျိုးမျိုး အဖုံဖုံ ထိုးရာ ခန္ဓာကိုယ်မတုန်မလှုပ်နိုင်ဘဲ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားလျက် ပူပင်သောက ဖြစ်ရာဖြစ်သော ဘုံသည် **တာပနငရဲကြီးဘုံ** မည်၏။

(၇) သွက်ချာပါဒ,လေ နှိပ်စက်ခံနေရသော ပုဂ္ဂိုလ်တစ်ဦးသည် ခန္ဓာကိုယ်မတုန်မလှုပ်နိုင်အောင် နေရပြီး ကြီးစွာသောရောဂါဝေဒနာ နှိပ်စက်ရာခန္ဓာကိုယ်မတုန်မလှုပ်နိုင်ဘဲ ကြီးစွာသောဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားလျက် ကြီးစွာသောပူပင်သောက ဖြစ်ရသကဲ့သို့.....မီးလျှံတောက်သော သံမြေပြင်၌ အကုသိုလ်ကံအားလျော်စွာ မတုန်မလှုပ်နိုင်အောင် နေရပြီး ငရဲထိန်းတို့က ထန်းလုံး (၂) လုံးခန့်ရှိသော မီးအလျှံတောက်သော သံတံကျင်ဖြင့် အမျိုးမျိုးအဖုံဖုံ ထိုးရာ၌ လည်းကောင်း၊ ငရဲထိန်းတို့က မီးအလျှံပြောင်ပြောင်တောက်သော လက်နက်အမျိုးမျိုးဖြင့် ပုတ်ခတ်ရိုက်နှက်၍ မီးအလျှံပြောင်ပြောင်တောက်သော သံတောင်ထိပ်သို့ အတက်ခိုင်းသဖြင့် သံတောင်ထိပ်သို့တက်ရပြီး သံတောင်ထိပ်မှ အကုသိုလ်ကံစွမ်းကြောင့် စောက်ထိုးကျ၍ မီးအလျှံပြောင်ပြောင်တောက်သော သံဆူးပေါ်ကျသဖြင့် တံစို့ထိုးထားသော ငါးအမဲကဲ့သို့ ဖြစ်ရာ၌လည်းကောင်း ခန္ဓာကိုယ် မတုန်မလှုပ်နိုင်ဘဲ ကြီးစွာသော ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားလျက် ကြီးစွာသော ပူပင်သောက ဖြစ်ရာဖြစ်သော ဘုံသည် **မဟာတာပန ငရဲကြီးဘုံ** မည်၏။

(၈) ငရဲမီးအလျှံအကြားအပေါက်မရှိ ပြည့်နေ၍ ငရဲသူ၊ ငရဲသားတို့အကြားအပေါက်မရှိစေ့ကျပ်၍နေပြီး ဆင်းရဲဒုက္ခအမျိုးမျိုးကို အကြားအပေါက်မရှိအောင် ခံစားရာဖြစ်သောဘုံသည် **အဝီစိငရဲကြီးဘုံ** မည်၏။

# ငရဲငယ်အကြောင်း

ရေးပြပြီးသော ငရဲဘုံတို့ကား ငရဲကြီးဘုံတို့ ဖြစ်ကုန်၏။ ငရဲငယ်ဘုံသည် လည်း ရှိသေး၏။

(၁) ဝေတ္တရဏီ ငရဲငယ်၊
(၂) အသိပတ္တ ငရဲငယ်၊
(၃) ကုက္ကုဠ ငရဲငယ်၊
(၄) မိဠှကူပ ငရဲငယ်၊

ပေါင်း ငရဲငယ်ဘုံ လေးဘုံရှိလေသည်။

(၁) ငရဲငယ် လေးဘုံတွင် မီးအလျှံတောက်သော သင်ဓုန်းသွားကဲ့သို့ ထက်သော အရွက်ရှိ၍ သင်တုန်းသွားကဲ့သို့ ထက်သော ဆူးရှိသော သံကြိမ်နွယ်ပင်တို့ဖြင့် ပြည့်နေသဖြင့် ကြီးစွာသောဆင်းရဲဒုက္ခခံစားရာဖြစ်သော ဘုံသည် **ဝေတ္တရဏီ ငရဲငယ်ဘုံ** မည်၏။

(၂) မီးအလျှံတောက်သော ထက်သောသန်လျက်သွားရှိသော အရွက်အခက်တို့ ပေါက်သော မီးအလျှံတောက်သော သံသစ်ပင်တို့ဖြင့် ပြည့်နေသဖြင့် ကြီးစွာသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားရာဖြစ်သော ဘုံသည် **အသိပတ္တငရဲငယ်ဘုံ** မည်၏။

(၃) မီးအလျှံတောက်သော မီးကျီးပြာတို့ဖြင့် ပြည့်နေသဖြင့် ကြီးစွာသော ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရာဖြစ်သော ဘုံသည် ကုက္ကုဠငရဲငယ်ဘုံ မည်၏။

(၄) လောက်ကောင်တို့ဖြင့် ပြည့်၍ အလွန့်အလွန် နံစော်သော မစင်ဘင်ပုပ်တို့ဖြင့် ပြည့်နေသဖြင့် ကြီးစွာသောဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားရာဖြစ်သော ဘုံသည် မိဠှကူပ ငရဲငယ်ဘုံ မည်၏။

## ငရဲသူ၊ ငရဲသားတို့ ဆင်းရဲဒုက္ခ အမျိုးမျိုးခံစားရပုံအကြောင်း

အဆိုပါ ငရဲကြီးလေးမျက်နှာတို့၌ ယမမင်း လေးယောက်ရှိကုန်၏။ ဤယမမင်းလေးယောက်တို့သည် ရံခါ နတ်စည်းစိမ်ကိုခံစား၍၊ ရံခါ အကုသိုလ်ကံ၏ အကျိုးကိုခံရသော ဝိနိပါတိက အသုရာနတ်မျိုးမှလာ၍ ငရဲသို့မကျအောင် ဤငရဲဖြစ်လာသော သူတို့ကို ကုသိုလ်အရာ၌ သတိပေးတတ်သော တရားစောင့်သော မင်းကောင်းမင်းမြတ်တို့တည်း။

ထိုစကားကို အကျယ်ပြဦးအံ့...ခိုးအပ်သော ဘဏ္ဍာနှင့်တကွ မိသောခိုးသူကို စစ်မေးဖွယ်မရှိ၊ ထောင်၌ထားသကဲ့သို့ ထို့အတူအကုသိုလ်အားကြီးသော သူတို့သည် ဤလူ့ဘဝမှ စုတေသည်ရှိသော် ငရဲသို့ကျရောက်ကုန်၏။ ယမမင်း၏ အစစ်အမေးကို မရပြီ၊ ဤလောက၌ ထောက်လှမ်းချက်ဖြင့် ဖမ်းအပ်သောသူကို စစ်မေး၍ အပြစ်မရှိလျှင် လွှတ်သကဲ့သို့၊ ရှိလျှင် ထောင်၌ထားသကဲ့သို့၊ ထို့အတူ အကုသိုလ်နည်းသော အချို့သောသူသည် လူ့ဘဝမှစုတေ၍ ငရဲ၌ဖြစ်သော် ငရဲမီးသံကို ကြား၍ ရှေ့ဘဝ၌ ပြုအပ်သောကုသိုလ်ကို အလိုအလျောက်ပင် သတိရ၍ ငရဲမှလွတ်၍ သုဂတိဘုံ၌ ဖြစ်၏။ အချို့သောသူတို့သည် ငရဲမီးကိုမြင်သော်လည်း သတိမရ၊ ယမမင်းခေါ်၍ မည်သည့်အခါ သင့်ပြုအပ်သော ကုသိုလ်အဖို့ကို ငါ့အား အမျှဝေ၍ ငါပင်သာဓုခေါ်ရသည်။ ထိုကုသိုလ်ကို သတိရ၍ ငရဲမှလွတ်၍ သုဂတိဘုံ၌ဖြစ်၏။ အချို့သော အကုသိုလ်ကြီးသောသူသည် ယမမင်း နတ်တမန်မည်သော သူငယ်၊ သူအို၊ သူနာ၊ မင်းအာဏာအရ ကြိမ်နှင့် ရိုက်ခြင်းစသော သုံးဆယ့်နှစ်ပါးသော ကမ္မကရဏ တို့ဖြင့် နှိပ်စက်တတ်သောသူ၊ သေသောသူတည်းဟူသော ငါးယောက်တို့ကို ပြ၍မေးစစ်သော်လည်း သတိမရနိုင်ချေ။

ထိုအခါ ယမမင်းသည် ဆိတ်ဆိတ်သာနေ၏။ တရားစောင့်သော မင်းဖြစ်၍ ဤသူကို စီရင်လော့ဟု ငရဲထိန်းတို့ကို မစေခိုင်းပေ၊ ယမမင်းဆိတ်နေသည်ကို မြင်လျှင် ငရဲထိန်းတို့သည် ထိုရှေ့ဘဝက မကောင်းမှုအားကြီးသော လူမိုက်ယောက်ျား ငရဲသားကို ခေါ်၍ မီးအလျှံပြောင်ပြောင်တောက်သော သံမြေ၌ အိပ်စေ၍ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ရင်အရပ်၊ အဆိုပါ ငါးဌာနတို့၌ ပြောင်ပြောင်တောက်သော ထန်းလုံးခန့်ရှိသော သံတံကျင်တို့ကို နှက်၍ နှိပ်စက်သည်ကို ခံရရှာ

၏။ ဤသို့နှိပ်စက်သည်ကိုခံ၍ အကုသိုလ်ကံ ကုန်က သေ၍လွတ်၏။

အကုသိုလ်ကံမကုန်ပြန်လျှင် မီးအလျှံတောက်သော သံမြေထက်၌ ပက်လက်အိပ်စေလျက် အိမ်မိုးတစ်ဖက် ပမာဏရှိသော ဓားမဖြင့် သစ်တုံးကို ရွှေကဲ့သို့ လေးမြှောင့်၊ ရှစ်မြှောင့်၊ တစ်ဆယ့်ခြောက်မြှောင့် ရွေ၏ဖျဉ်၏။ ဤသို့ခံရသော ငရဲသား၏ကိုယ်ကား အချို့ဂါဝုတ်ခွဲပမာဏရှိ၏။ အချို့ကား တစ်ဂါဝုတ်ပမာဏ စသည်ရှိ၏။ ထိုငရဲသားကို စီရင်သော ငရဲထိန်းတို့လည်း ဂါဝုတ်ခွဲပမာဏ တစ်ဂါဝုတ်ပမာဏ စသည်ရှိ၏။

ဤ၌ တစ်ဂါဝုတ်မှာ တစ်တိုင် ခြောက်ရာတွင်းရှိ၏။ ဂါဝုတ်ခွဲမှာ ထို၏ထက်ဝက် ရှစ်ရာအတွင်း ရှိ၏။ ဤမျှလောက်ကိုယ်ရှိသော ငရဲသားမှာ (၁) ကြီးသောကိုယ်ရှိခြင်း၊ (၂) မီးအလျှံတောက်သော သံမြေ၌ အိပ်ရခြင်း၊ (၃) မီးအလျှံတောက်သော ကြီးစွာသော သံတံကျင်ဖြင့် နှက်သည်ကို ခံရခြင်း၊ (၄) ကြီးစွာသော ငရဲထိန်း၏ ကြီးစွာသော ဓားမဖြင့် ရွေသည်ခုတ်သည်ကို ခံရခြင်း၊ ထို့ကြောင့် ဤလောက၌ ဓားခုတ်ခံရသော ဒုက္ခထက် သိန်း၊ သန်း၊ ကုဋေ၊ အသင်္ချေမက ပြင်းပြလှသော ဆင်းရဲကြီးကို ခံရရှာ၏။ အကုသိုလ်ကံကုန်လျှင် ထိုဓားရွေခြင်းဖြင့် သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် ရှေးအတိုင်း ဖြစ်လာသော ငရဲသားကို ဓားမငရဲမှ လွတ်၍ ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်ထား၍ ဓားမဖြင့် ရွေသကဲ့သို့ အိမ်မိုးတစ်ဖက် ပမာဏရှိသော ပဲခွပ်ဖြင့် ရွေပြန်၏။ ဤရွေရာ၌လည်း ကြီးစွာသော ဆင်းရဲကို ခံရရှာ၏။ အကုသိုလ်ကံကုန်လျှင် ထိုပဲခွပ်ရွေခြင်းဖြင့် သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် ရှေ့အတိုင်းဖြစ်လာသော ငရဲသားကို ပဲခွပ်ငရဲမှ လွတ်၍ မီးအလျှံတောက်သော သံကြိုးဖြင့် ခြေ၌ဖွဲ့၍ ထိုသံကြိုးကို သံရထား နောက်စွန်းကိုဖွဲ့၍ မီးအလျှံတောက်သော သံချောင့်တို့ဖြင့် စိုက်အပ်သော သံမြေ၌ ငရဲထိန်းတို့သည် အရှေ့မှအနောက်သို့၊ အနောက်မှအရှေ့သို့ ရထားကို မောင်းနှင်ကုန်၏။ သံချောင့်တို့သည် အရှေ့သို့ မောင်းနှင်သောအခါ အနောက်သို့ လှည့်၍ ရပ်တည်ကုန်၏။ အနောက်သို့ မောင်းနှင်သောအခါ အရှေ့သို့လှည့်၍ ရပ်တည်ကုန်၏။ ငရဲသားမှာ မီးအလျှံ သံချောင့်တို့သည် စူးရှပ္ပလောင်ခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခကို ရပ်တည်မရ ပြင်းပြစွာခံရရှာ၏။ အကုသိုလ်ကံ ကုန်လျှင်

မီးအလျှံသံငြောင့်စူးရှပူလောင်ခြင်းဖြင့် သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် ထိုငရဲသားကို သံရထားမှလွတ်၍ မီးအလျှံတောက်သောသံငြောင့်တို့ဖြင့် စိုက်အပ်သော မီးကျီးစုမည်သော သံတောင်သို့ ငရဲထိန်းတို့သည် တက်စေကုန်၏။ တက်သောအခါ အောက်သို့ လှည့်၍တည်သော သံငြောင့်တို့သည် စူးကုန်သည်ဖြစ်၍ မတက်လိုသောငရဲသားကို မီးအလျှံတောက်သော သံတုတ်ဖြင့် ရိုက်နှက်၍တက်စေကုန်၏။ တောင်ထိပ်သို့ရောက်သောအခါ အောက်သို့ ဆင်းစေကုန်၏။ ဆင်းသောအခါ အထက်သို့ လှည့်၍တည်သော သံငြောင့် စူးရှကုန်သည်ဖြစ်၍ မဆင်းလိုသောငရဲသားကို မီးအလျှံတောက်သော သံတုတ်ဖြင့် ရိုက်နှက်စေ၍ ဆင်းစေကုန်၏။ ဤသို့ သံတောင်သို့တက်စေရာ၌လည်း မီးအလျှံ သံငြောင့်တို့သည် စူးရှပူလောင်ခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခဖြစ်ခြင်းကို ပြင်းပြစွာ ခံရရှာ၏။ အကုသိုလ်ကံကုန်လျှင် ထိုစူးရှပူလောင်ခြင်းဖြင့် သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် ငရဲသားကို ငရဲထိန်းတို့သည် ဦးခေါင်းစောက်ထိုးခြေမိုးမျှော်ကိုင်၍ မီးအလျှံတောက်သော သံရည်ဖြင့် ပြည့်သော သံဒယ်အိုးကြီး၌ ထည့်ကုန်၏။ ငုပ်ချည်ပေါ်ချည် သံရည်လောင်းခံရ၍ အကုသိုလ်ကံကုန်လျှင် သေ၍ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် ငရဲထိန်းတို့သည် ဦးခေါင်းစောက်ထိုးခြေမိုးမျှော်ကိုင်၍ အဝီစိငရဲကြီးထောင်မအတွင်းသို့ ပစ်လိုက်၍ အကုသိုလ်ကံကုန်လျှင် အရေ၊ အသား၊ အကြော မကျန် တံတိုင်းလေးဖက် အထက်၊ အောက်မှထသော မီးလောင်ခြင်းဖြင့် ပြင်းပြစွာဆင်းရဲဒုက္ခကို ခံလျက် အသက်သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် အနည်းငယ်မျှသော အရိုးကိုချန်၍ ကျန်သမျှ မီးလောင်ခြင်းဖြင့် ပြင်းပြစွာ ဆင်းရဲဒုက္ခကိုခံ၍ တစ်ဖန် ရှေးနည်းအတိုင်း ဖြစ်လာပြန်၏။ ရံခါ အရှေ့တံခါးပွင့်လေလျှင် ပြင်ပသို့ ထွက်ခြင်းငှာ ကြာမြင့်စွာ မီးလောင်လျက်သွား၍ တံခါးသို့ရောက်လျှင် အရှေ့တံခါး ပိတ်ပြန်၍ ရံခါအနောက်တံခါးပွင့်ပြန်လေ၏။ တစ်ဖန် ပြင်ပသို့ ထွက်ခြင်းငှာကြာမြင့်စွာ မီးလောင်ခံလျက်သွား၍ တံခါးသို့ရောက်လျှင် အနောက်တံခါး ပိတ်ပြန်၏။ ရံခါ မြောက်တံခါးပွင့်ပြန်လေ၏။ တစ်ဖန် ပြင်ပသို့ ထွက်ခြင်းငှာ ကြာမြင့်စွာ မီးလောင်ခံလျက်သွား၍ တံခါးသို့

ရောက်လျှင် မြောက်တံခါးပိတ်ပြန်၏။ ရုံခါတောင်တံခါး ပွင့်ပြန်၏။ တစ်ဖန် ပြင်ပသို့ ထွက်ခြင်းငှာကြာမြင့်စွာ မီးလောင်ခံလျက် သွား၍ တံခါးသို့ရောက်လျှင် တောင်တံခါးပိတ်ပြန်လေ၏။ ဤသို့လူးလာတုံ့ပြန် ဆင်းရဲဒုက္ခခံရာတွင် အကုသိုလ်ကံကုန်လျှင် အရေ၊ အသား၊ အကြော၊ အရိုးမကြွင်း မီးလောင်ခြင်းဖြင့် ပြင်းပြသော ဆင်းရဲဒုက္ခဖြစ်ခြင်းကိုခံလျက် အသက်သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် အရိုးအနည်းငယ်ချန်၍ အကုသိုလ်ကံမကုန်သမျှ မီးလောင်ခြင်းဖြင့် ပြင်းပြစွာသော ဆင်းရဲကိုခံ၍ ရှေးနည်းအတိုင်းဖြစ်လာပြန်၏။ ဤသို့ နှစ်ရှည်သိန်းသန်းမက ငရဲမ–ယောင်ကြီး၌ အကုသိုလ်ကံမကုန်သေးသော ငရဲသားလူယုတ်မာသည် ရုံခါ အရှေ့တံခါးပွင့်သည်ကို မြင်လျှင် ထွက်ချင်၍ လျင်မြန်စွာပြေးသွားသဖြင့် တံခါးသို့ရောက်ပါက မပိတ်ဘဲပင် တည်၍ထွက်ပါသော် ခြေတစ်ဖက်ငရဲမ–၌တည်လျက် တစ်ဖက်လောဟကုမ္ဘီငရဲသို့ ကျသဖြင့် မထနိုင် ဖောက်ထိုးနစ်၍ အနှစ်သုံးသောင်းရှိမှ အိုးခြေ၌ ပြင်းပြစွာ ဦးခေါင်းဖြင့် တိုက်၍ တစ်ဖန်အထက်သို့ အနှစ်သုံးသောင်းရှိမှ တစ်ကြိမ်သာပေါ်လာ၏။ ဆင်ပေါက်လည်ပင်းပမာဏရှိသော ပိုးတို့၏ ကိုက်ခဲစားသောက်သည်ကို ခံရခြင်းဖြင့် ပြင်းပြစွာ ဆင်းရဲရှာ၏။ ဤငရဲ၌လည်း အကုသိုလ်ကံကုန်လျှင် အရေအသား၊ အကြော၊ မကြွင်း ပိုးစားခြင်းဖြင့် ပြင်းပြစွာ ဆင်းရဲကို ခံလျက် အသက်သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်သေးလျှင် ရှေးနည်းအတိုင်း တစ်ဖန်ဖြစ်၍ နစ်မြဲပင် မိလ္လာခေါ် မစင်ရေ၌ နစ်ပြန်လေ၏။ ဤသို့ သိန်းသန်းမက နှစ်လရှည်ကြာစွာခံ၍ လောဟကုမ္ဘီငရဲမှ ထွက်ခဲ့ပြန်လျှင် တစ်ဖန်ငရဲမကို ရုံ၍ တည်သောမီးလျှံ ပြောင်ပြောင်တောက်သော ပြာပူငရဲသို့ ဆင်းမိလျှင် အိုးကင်း၌ နှမ်းကိုလှော်၍ ပစ်သကဲ့သို့ တဖျစ်ဖျစ်မြည်လျက် ပက်လက်၊ မှောက်ခုံ၊ ကတုန်၊ ကယင် ပြာပူလောင်ထိပါးခြင်း ဖြင့် ဆင်းရဲခြင်းကြီးစွာ ခံရရှာ၏။

အကုသိုလ်ကံကုန်လျှင် ပြာပူလောင်ခြင်းဖြင့် ဆင်းရဲခြင်းကြီးစွာ ခံလျက် အသက်သေ၍ ငရဲမှ ထွက်၏။ အကုသိုလ်ကံ မကုန်လျှင် သိန်း၊ သန်းမကနှစ်လရှည်စွာ ပြာပူငရဲ၌ ခံကာ တစ်ဖန်ပြာပူငရဲမှ ထွက်၍ တစ်ယူဇနာမြင့်သော မီးအလျှံတောက်သော တစ်ဆယ့်ခြောက်သစ်ခန့် ဆူးရှိသော လက်ပံပင် အရုံငရဲသို့ ရောက်

လေသော် သစ်တပ်ကိုစီး၍ စိုက်အပ်သကဲ့သို့ တစ်စပ်တည်းတည်သော လက်ပံပင်ကို မြင်လျှင် ထွက်ဝင်ရန် အပေါက်မရှိလျှင်း၍ တက်ခြင်းငှာ အားထုတ်၏။ မီးအလျှံ တောက်သော လက်ပံဆူးတို့သည် အောက်သို့လှည့်၍ တည်ခြင်းဖြင့် အတင်း မတက်ဝံ့သော ငရဲသားကို နောက်ပါးက ငရဲ ခွေး၊ ကျီး လင်းတတို့သည် ထိုးဆွ ကိုက်ခဲခြင်းဖြင့် အတင်းပင်တက်ရလေ၏။ ထိုအခါ ပြင်းပြစွာစူးရှ ပူလောင်ခြင်းကို ခံရ၍ အကုသိုလ်ကံကုန်လျှင် သေ၍ငရဲမှထွက်၏။ အကုသိုလ်ကံ မကုန်လျှင် ရာထောင်မက ကာလရှည်ကြာ ပြင်းပြစွာ စူးရှပူလောင်ခြင်းကိုခံလျက် တက်၍ အထက်သို့ရောက်လျှင် အောက်သို့ဆင်းခြင်းငှာ အားထုတ်၏။ ထိုအခါ လက်ပံဆူး လက်နက်တို့သည် အထက်သို့ လှည့်၍ တည်ခြင်းဖြင့် မဆင်းဝံ့သော ငရဲသားတို့ကို ထိုထို ခွန်ရဲ၊ ကျီး၊ လင်းတတို့သည် ထိုးဆွ၊ ကိုက်ခဲခြင်းဖြင့် အတင်းဆင်းရလျှင် စူးရှပူလောင်ခြင်းကို ပြင်းပြစွာခံ ၍ အကုသိုလ်ကံကုန်လျှင် သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်သေးလျှင် ရှေးကနည်းအတိုင်း ကြာမြင့်စွာ စူးရှပူလောင် ခြင်းဆင်းရဲဒုက္ခကိုခံ၍ ဆင်းရဲခြင်းဖြင့် ပင်ရင်းသို့ ရောက်ပြီးမှ ထိုလက်ပံတော အရံက ထွက်လျှင် သန်လျက်၊ ဓား၊ လှံ အရွက်ရောက်သော သစ်ပင်တော ငရဲသို့ ဝင်လေ၏။ ထိုအခါ အကုသိုလ်ကံကြောင့်ဖြစ်သော လေသည် တိုက်ဖျက်၍ သန်လျက်၊ ဓား၊ လှံ အတိပြီးသော သစ်ရွက်စသည်တို့ ကိုယ်ထက်သို့ကျသဖြင့် စူးရှ ခုတ်ဖြတ် လက်ကိုင်၍ သတ်ဖြတ်သည်နှင့်မခြား ကြီးမားပြင်းပြစွာ ဆင်းရဲ ဒုက္ခကိုခံရ၍ ပြန်လည်ဆုတ်နစ်သော ငရဲသားကို နောက်ပါးက သံတံတိုင်းသင်တုန်း သွား မြေမှထ၍ ရံခြင်း၊ ကျီး၊ လင်းတတို့သည် ထိုးဆွ ကိုက်ခဲခြင်းဖြင့် အတင်းပင် ဝင်ရပြန်လျှင် ယခင်နည်းအတိုင်း ဆင်းရဲဒုက္ခကိုခံ၍ အကုသိုလ်ကံကုန်က သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်သေးလျှင် ရှေးကနည်းအတိုင်း ကြာမြင့်စွာခံပြီးမှ ထို သစ်တောငရဲမှ ထွက်သော်ကြိမ်တော ငရဲ၊ သမန်းမြက်တော ငရဲသို့ ရောက်ပြန် လေ၏။ ထိုအခါ မီးအလျှံတောက်သော သမန်းမြက်၊ သံချောင်း၊ ကြိမ်ဆူး ကြိမ် နွယ် ငြိတွယ်စူးရှ ပြင်းပြစွာ ဆင်းရဲဒုက္ခကိုခံ၍ အကုသိုလ်ကံကုန်လျှင် သေ၍ ငရဲမှလွတ်၏။ အကုသိုလ်ကံမကုန်ပါလျှင် ကြာမြင့်စွာ ကြိမ်တောသမန်း မြက် တော သံချောင်း၊ စူးရှပြင်းပြစွာ ခံပြီးမှ ကြိမ်တောငရဲ၊ သမန်းမြက်တောငရဲမှ

ထွက်လျှင် ထို့ထက်မက ပူပြင်းလှသော ငန်သော အရသာရှိသော ကြေးနီရည်တို့ဖြင့် ပြည့်သော ဝတ္တရဏီမည်သော ကြိမ်ပိုက်ချောင်းငရဲတွင်းသို့ ဆင်းမိပြန်သော် ငုပ်ချည် ပေါ်ချည်မျောချည်ဆင်းရဲခြင်း မီးအလျှံတောက်သော သံရိုး၊ သံချွန်၊ သံဆူးရောက်သော ကြာတောစူးရှခြင်း၊ သင်တုန်းသွားအရံဆူးရှိသော သံသဲပြင် ထိခိုက်စူးရှသည်ကို ခံရခြင်းတို့ဖြင့် ပြင်းပြစွာ ဆင်းရဲခြင်းတွေ့ရရှာလေ၏။ အကုသိုလ်ကံကုန်လျှင် ရေးနည်းအတိုင်း သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်ပါလျှင် တာရှည်စွာ ခံပြီးမှ ထိုငရဲမှထွက်လျှင် ဤမှာဘက် သမန်းမြက်၊ သံငြောင့်၊ ကြိမ်တော ငရဲတွင်းသို့ ဆင်းမိ၍ ပြင်းပြစွာ ဆင်းရဲခြင်းကို ခံလျက် တက်လိုသော ငရဲသူသတ္တဝါကို ဤမှာဘက်ဆိပ်ကမ်း၌ ငရဲထိန်းတို့သည် ရံခါ ဓား၊ လှံ၊ ခက်ရင်း၊ သံချောင်း ထိုးပစ်ခုတ်ဖြတ်ခြင်း ချောင်းတွင်းကြေးရည်အပြင်သို့ ကျစေကုန်၏။ ရံခါ မီးအလျှံတောက်သော သံမျှားချိတ်ဖြင့် ဆွဲတင်၍ အဘယ်ကို အလိုရှိသနည်းဟု မေးကုန်၏။ ငရဲသားလည်း ကြီးမားစွာ မီးလောင်ခြင်းစသည် နှိပ်စက်အပ်သည်ဖြစ်၍ ငတ်မွတ်ဆာလောင်ခြင်း ပြင်းစွာ နှိပ်စက်အပ်ရကား၊ အရှင်တို့–ထမင်းအလိုရှိပါသည်ဟု ဆို၏။ ထိုအခါ ငရဲထိန်းတို့သည် မီးအလျှံတောက်သော သံခဲတွေဖြင့်ပြည့်သော သံတောင်းကိုယူ၍ သံခဲတွေကို ပါးစပ်ထဲသို့ ထည့်ကုန်၏။ သံတွေခဲမှန်းသိ၍ ပါးစပ်ကိုမဟဘဲ နေသည်ရှိ သော် ငရဲထိန်းတို့သည် မီးအလျှံတောက်သော တစ်ခုသော သံမျှားချိတ်ဖြင့် အောက်နှုတ်ခမ်းကို ချိတ်၍ တစ်ခုသော သံမျှားချိတ်ဖြင့် အထက်နှုတ်ခမ်းကို ချိတ်ကာ တစ်ဆိတ်မျှ သနားခြင်းမရှိ၊ အထက်အောက် ကိုင်ဖိပြီး အားရှိတိုင်းဆွဲ၍ ပါးစပ်ကို ဖွင့်စေပြီးလျှင် ယခင်သံတွေခဲတွေကို ပါးစပ်တွင်းသို့ထည့်ကုန်၏။ ထိုသံတွေခဲသည် နှုတ်ခမ်း၊ လျှာ၊ နှလုံး၊ အသည်း စသည်မကြွင်း ဝမ်းတွင်း၌ ရှိသမျှကို ယူလျက် အောက်ဒွါရဖြင့် ထွက်လေ၏။ ငရဲသားလည်း ကြီးမားသော ဆင်းရဲဒုက္ခကို ခံ၍ အကုသိုလ်ကံကုန်လျှင် သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်သေးလျှင် ငရဲထိန်းတို့သည် အဘယ်ကို အလိုရှိသနည်းဟု မေးပြန်သော် ရေပေးပါဟု ဆိုပြန်၏။ မီးအလျှံတောက်သော သံဖျဉ်းအိုးဖြင့် ကြေးရည်လောင်းမည်ကိုသိ၍ ပါးစပ်မဟဘဲနေပြန်လျှင် ယခင်ရေးနည်းအတိုင်း သံချိတ်ဖြင့် ဖွင့်လတ်၍ ပါးစပ်၌ ကြေးရည်လောင်းကုန်၏။ ကြေးရည်သည် ရေး

နည်းအတိုင်း နှုတ်ခမ်းစသည်တို့ကို လောင်လျက် အောက်ဒွါရသို့ ထွက်လေ၏။ ငရဲသား လည်း ရှေးနည်းအတိုင်း အကုသိုလ်ကံကုန်လျှင်သေ၍ ငရဲမှလွတ်၏။

အကုသိုလ်ကံမကုန်လျှင် ငရဲထိန်းတို့သည် ပဥ္စ ဝိဓ ဗန္ဓန ငရဲအစ၊ သံဒယ်အိုးငရဲတိုင်အောင် စီရင်ပြီးလတ်သော် နောက်ထပ် အဝီစိငရဲကြီးအတွင်းသို့ ခြေချင်းဝတ်နှစ်ဖက်တို့၌ ကိုင်လျက် ခွေး၊ ဝက် ကိုပစ်သကဲ့သို့ ပစ်လိုက်ပြန်ကုန်၏။ ဤအတူ ပြန်၍ ပြန်၍ အကုသိုလ်ကံမကုန်သေးသမျှ ငရဲကြီးသို့ကျသဖြင့် ကြွင်းသမျှတံခါးတို့ကလည်း ထွက်၍ အသက်မသေဘဲ တလဲလဲ ခံရရှာ၏။ အချို့က အရှေ့တံခါးကစ၍ ခံရ၏။ အချို့က မြောက်တံခါးကစ၍ ခံရ၏။ အချို့ကတောင်တံခါးကစ၍ ခံရ၏။

## ငရဲထိန်း စသည်တို့ ဆင်းရဲဒုက္ခခံစားရပုံအကြောင်း

ဤအရာ၌ ငရဲထိန်း၊ ငရဲခွေး၊ ကျီး၊ လင်းတ၊ စွန်ရဲတို့အား ဆင်းရဲခြင်းမဖြစ်ပါလောဟု မေးအံ့.....မဇ္ဈလိင်္ဂါသာလ၊ ပုရာဏာကဿပ စသော မိစ္ဆာဒိဋ္ဌိ၊ ဆရာတို့နှင့် မိစ္ဆာဒိဋ္ဌိတို့ကို ကိုးကွယ်ကုန်သော ဒါယိကာတို့သည် သေလွန်ကုန်သည်ရှိသော် မိမိတို့၏ မိစ္ဆာဒိဋ္ဌိမကောင်းမှုအကုသိုလ်ကံကြောင့် အချို့ဆရာငရဲသားဖြစ်၍ ဒါယကာကငရဲထိန်းဖြစ်ကုန်၏။ အချို့မှာ ဒါယကာကငရဲသားဖြစ်၍ ဆရာက ငရဲထိန်းဖြစ်ကုန်၏ဟု... သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူအပ်သည်ကိုထောက်လျှင် အကုသိုလ်ကံကြောင့်ပင် ငရဲထိန်းဖြစ်သောကြောင့် ငရဲထိန်း၊ ငရဲခွေး၊ ကျီး၊ လင်းတ၊ စွန်ရဲတို့သည်လည်း ဆင်းရဲခြင်းရှိကုန်၏။ ယမမင်းတို့မှာ အကုသိုလ်ကံကြောင့် ဖြစ်သည်မဟုတ် ဝိနိပါတိက အသုရာနတ်မျိုးမှ လာ၍ သတ္တဝါအများငရဲသားတို့ကို သနားး၍သာ ငရဲဘုံသို့လာကြောင်းကို ဆိုသောကြောင့် ဆင်းရဲခြင်းမရှိဟု မှတ်သားရမည်။

# ငရဲကြီး (၈) ဘုံနှင့် ငရဲငယ်ဘုံတို့ကို ပုံဆွဲ၍ ပြပုံအကြောင်း

ဤ သိဉ္ဇိုးငရဲကြီး၌....

ဒုဂ္ဂတိ အပါယ် ပုထုဇ္ဇန် ပုဂ္ဂိုလ်

တယောက် ရှိ၏။

ဝေတ္တရဏီ ကြိမ်ပိုက် ငရဲငယ် တခု၊


အသိပတ္တ သန်လျက် ငရဲငယ် တခု၊

ကုက္ကုဠ ပြာပူ ငရဲငယ် တခု၊

မီဠှကူပ အင်ပုပ် ငရဲငယ် တခု၊

ပေါင်း.... တမျက်နှာ, တမျက်နှာ၌

ဥဿဒ ငရဲငယ် (၄)ခုစီ ရှိ၏။




စတုမဟာရာဇ်နတ်ပြည်၌...

နတ်သက်နှစ်ပေါင်း (၅၀၀) ငါးရာ၊

လူတို့အရေအတွက် နှစ်ပေါင်း

(၉၀၀၀၀၀၀) ကိုးသန်းသည်

သိဉ္ဇိုးငရဲကြီး၌-

တနေ့နှင့် တညဉ့်သာ ဖြစ်၏။

ထိုနေ့ညဉ့်(၃၀) သုံးဆယ်သည် တလ ဖြစ်၏။ ထိုလဖြင့် (၁၂) လသည်... တနှစ် ဖြစ်၏၊ ထို နှစ်ဖြင့် နှစ်ပေါင်း (၅၀၀) ငါးရာ သည် သိဉ္ဇိုးငရဲကြီး ၌ အသက် အပိုင်းအခြားကို သိအပ်၏။

မှုရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ ကာလသုတ် ငရဲကြီး၌....

ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ်

တယောက် ရှိ၏။

ဝေဠုရကီ ကြိမ်ပိုက် ငရဲငယ် တခု၊

အသိပတ္တ သန်လျက် ငရဲငယ် တခု၊

ကုက္ကုဠ ပြာပူ ငရဲငယ် တခု၊

မိဠှကူပ ဘင်ပုပ် ငရဲငယ် တခု၊

ပေါင်း.... တမျက်နှာ, တမျက်နှာ၌

ဥဿဒ ငရဲငယ် (၄)ခုစီ ရှိ၏။




တာဝတိံသာနတ်ပြည်၌...

နတ်သက် နှစ်ပေါင်း (၁၀၀၀)

တထောင်, လူတို့ အရေအတွက်-

နှစ်ပေါင်း(၃၆၀၀၀၀၀၀)သုံးကုဋေ

ခြောက်သန်းသည် ကာလသုတ် ငရဲ

ကြီး၌ တနေ့နှင့် တညဉ့်သာဖြစ်၏။

ထိုနေ့ ညဉ့် (၃၀) သည်တလ

ဖြစ်၏၊ ထိုလဖြင့် (၁၂) လသည်

တနှစ် ဖြစ်၏၊ ထိုနှစ်ဖြင့် နှစ်ပေါင်း

(၁၀၀၀) တထောင် သည်

ကာလသုတ် ငရဲကြီး၌...

အသက်အပိုင်းအခြားကိုသိအပ်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ယာမာ နတ်ပြည်၌...

နတ်သက် နှစ်ပေါင်း (၂၀၀၀) နှစ်ထောင်, လူတို့ အရေ အတွက် နှစ်ပေါင်း (၁၄၄၀၀၀၀၀) တဆဲ့ လေးကုဋေ, လေးသန်းသည် သင်္ချာတ ငရဲကြီး၌ တနေ့နှင့် တညသာ ဖြစ်၏။

ထို ညဥ့် နေ့ (၃၀)သည် တလ ဖြစ်၏၊ ထိုလဖြင့်(၁၂)လ သည်... တနှစ် ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်း (၂၀၀၀)နှစ်ထောင်သည် သင်္ချာတ ငရဲကြီး၌ အသက် အပိုင်းအခြားကို သိအပ်၏။

| | | | | | |
|---|---|---|---|---|---|
| | ငရဲ | ငရဲ | ငရဲ | ငရဲ | |
| ငရဲ | သင်္ချာတ ငရဲကြီး အသက်-၂၀၀၀ | | | | ငရဲ |
| ငရဲ | | | | | ငရဲ |
| ငရဲ | | | | | ငရဲ |
| ငရဲ | | | | | ငရဲ |
| | ငရဲ | ငရဲ | ငရဲ | ငရဲ | |

ဤ သင်္ချာတ ငရဲကြီး၌...

ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ် တယောက် ရှိ၏။

ဝေတ္တာရဏီ ကြိမ်ပိုက် ငရဲငယ် တခု၊

အသိပတ္တ သန်လျက် ငရဲငယ် တခု၊

ကုက္ကုဠ ပြာပူ ငရဲငယ် တခု၊

မိဠှကူပ အင်ပုပ် ငရဲငယ် တခု၊

ပေါင်း... တမျက်နှာ, တမျက်နှာ၌ ဥဿဒ ငရဲငယ် (၄)ခုစီ ရှိ၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ ရောရုဝ ရေကြီး၌...

ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ် တယောက် ရ၏။

ဝေတ္တရဏီ ကြိမ်ပိုက် ငရဲငယ် တခု၊ အသိပတ္တ သန်လျက် ငရဲငယ် တခု၊ ကုက္ကုဠ ပြာပူ ငရဲငယ် တခု၊ မိဠှကူပ ဘင်ပုပ် ငရဲငယ် တခု၊ ပေါင်း.... တမျက်နှာ, တမျက်နှာ၌ ဥဿဒ ငရဲငယ် (၄)ခုစီ ရှိ၏။




တုသိတာ နတ်ပြည်၌...

နတ်သက် နှစ်ပေါင်း (၄၀၀၀) လေးထောင်, လူတို့ အရေ အတွက် နှစ်ပေါင်း (၅၇၆၀၀၀၀၀၀) ငါးဆဲ့ ခုနစ် ကုဋေ, ခြောက်သန်းသည် .... ရောရုဝ ငရဲကြီး၌ တနေ့နှင့် တညဉ့် ဖြစ်၏။

ထို ညဉ့် နေ့ (၃၀) သည် တလ ဖြစ်၏၊ ထိုလဖြင့် (၁၂) လ သည် တနှစ် ဖြစ်၏၊ ထို နှစ်ဖြင့် နှစ်ပေါင်း (၄၀၀၀) လေးထောင်သည် ရောရုဝ ငရဲကြီး၌ အသက် အပိုင်းအခြားကို သိအပ်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

**နိမ္မာနရတိ နတ်ပြည်၌...**

နတ်သက် နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင်, လူတို့ အရေ အတွက် နှစ်ပေါင်း(၂၃၀၄၀၀၀၀၀၀) နှစ်ရှ သုံးဆယ် ကုဋေ, လေးသန်း သည် မဟာရောရုဝ ငရဲကြီး၌ တနေ့ နှင့် တညဉ့်သာ ဖြစ်၏။

ထို ညဉ့် နေ့ (၃၀) သည် တလ ဖြစ်၏၊ ထို လ ဖြင့် (၁၂)လသည် တနှစ် ဖြစ်၏၊ ထို နှစ်ဖြင့် နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင်သည် **မဟာ ရောရုဝ** ငရဲကြီး၌ အသက် အပိုင်း အခြားကို သိအပ်၏။




**ဤ မဟာ ရောရုဝ ငရဲကြီး၌...**

ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ် တယောက် ရှိ၏။

ဝေတ္တရဏီ ကြိမ်ပိုက် ငရဲငယ် တခု၊

အသိပတ္တ သန်လျက် ငရဲငယ် တခု၊

ကုက္ကုဠ ပြာပူ ငရဲငယ် တခု၊

မိဠှကူပ ဘင်ပုပ် ငရဲငယ် တခု၊

ပေါင်း.... တမျက်နှာ, တမျက်နှာ၌ ဉဿဒ ငရဲငယ် (၄)ခုစီ ရှိ၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ တာပန္န ရဲကြီး၌...
ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန်ပုဂ္ဂိုလ်
တယောက် ရှိ၏။

ဝေဿရဏီ ကြိမ်ပိုက် ငရဲငယ် တခု၊
အသိပတ္တ သန်လျက် ငရဲငယ် တခု၊
ကုက္ကုဠ ပြာပူ ငရဲငယ် တခု၊
မိဠှကူပ ဘင်ပုပ် ငရဲငယ် တခု၊
ပေါင်း... တမျက်နှာ, တမျက်နှာ၌
ဥဿဒ ငရဲငယ်(၄)ခုစီ ရှိ၏။




ပရိနိဗ္ဗာန သေဝတ္တိ နတ်ပြည်၌
နတ်သက် နှစ်ပေါင်း (၁၆၀၀၀)
တသောင်း ခြောက်ထောင်, လူတို့
အရေအတွက် နှစ်ပေါင်း
(၉၂၁၆၀၀၀၀၀၀) ကိုးရာ နှစ်ဆယ်
ဘာကုဋေ့ ခြောက်သန်းသည်တာပန္န
ငရဲကြီး၌ တနေ့ နှင့် တညဉ့်သာ
ဖြစ်၏။

ထိုနေ့ညဉ့် (၃၀) သုံးဆယ်သည်
တလဖြစ်၏၊ ထိုလဖြင့် (၁၂) လသည်
တနှစ် ဖြစ်၏၊ ထိုနှစ်ဖြင့် နှစ်ပေါင်း
(၁၆၀၀၀) တ သောင်း ခြောက်
ထောင်သည် တာပန္န ငရဲကြီး၌....
အသက်အပိုင်းအခြားကိုသိအပ်၏။

မှုရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

အသက် ဆယ်နှစ် တမ်းက တက်၍ အသက် နှစ်ဆယ် နေရ၏၊ အသက်နှစ်ဆယ် တမ်းက တက်၍ အသက်လေးဆယ် နေရ၏၊ အသက်လေးဆယ်တမ်းက တက်၍ အသက် ရှစ်ဆယ် နေရ၏၊ ယခုလို တဆ တဆ တိုး၍ တိုး၍ တက်သွားသည်မှာ....လူတယောက်၏ အသက် မရေမတွက်နိုင်အောင်နေရပြီးလျှင် အဆိုပါ အသက် မရေမတွက် နိုင်သည်က တပြည်းပြည်း အသက် ဆယ်နှစ်တမ်း အထိ ဆုတ်လာသည့် တိုင်အောင် အန္တရကပ် တကပ်ဟု ခေါ်သည်။

မှတ်ချက် လိုရင်း အစီပွါယ်မှာ .... ....အသက်ဆယ်နှစ်တမ်းက တက်၍ သွားသည်မှအသက်မရေမတွက်နိုင်အောင် တက်သွားပြီး အဆိုပါ အသက် မရေမတွက်နိုင်အောင် နေရသည်မှ အသက် ဆယ်နှစ်တမ်း တိုင်အောင် အန္တရ ကပ်ဟု ခေါ်သည်၊ အဆိုပါ အန္တရကပ် တကပ်၏ ထက်ဝက်သည် မဟာတာပန ငရဲကြီး၌...အသက် အပိုင်း အခြား ဖြစ်၏။




ဤ မဟာတာပန ငရဲကြီး၌....

ဒုဋ္ဌိ အဟိတ် ပုထုဇွန် ပုဂ္ဂိုလ် တယောက် ရှိ၏။

ဝေဠုရာဇ် ကြိမ်ပိုက် ငရဲငယ် တခု၊

အသိပတ္တ သန်လျက် ငရဲငယ် တခု၊

ကုက္ကုဠ ပြာပူ ငရဲငယ် တခု၊

မိဠှကူပ ဘင်ပုပ် ငရဲငယ် တခု၊

ပေါင်း.... တမျက်နှာ, တမျက်နှာ၌ ဥဿဒ ငရဲငယ်(၄)ခုစီ ရှိ၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ အဝိစိ ငရဲကြီး၌....

ဒုဂ္ဂတိ အပါယ် ပုထုဇ္ဇန် ပုဂ္ဂိုလ်

တယောက် ရှိ၏။

ဝေဿရဏ္ဏ ကြိမ်ပိုက် ငရဲငယ် တခု၊

အသိပတ္တ သန်လျက် ငရဲငယ် တခု၊

ကုဋ္ဌာနုန ပြာပူ ငရဲငယ် တခု၊

မိဠှကူပ ဘင်ပုပ် ငရဲငယ် တခု၊

ပေါင်း.... တမျက်နှာ, တမျက်နှာ၌

ဥဿဒ ငရဲငယ် (၄) ခုစီ ရှိ၏။




အသက် ဆယ်နှစ် တမ်းက တက်၍ အသက် နှစ်ဆယ် နေရ၏၊ အသက် နှစ်ဆယ် တမ်းက တက်၍ အသက် လေးဆယ်နေရ၏၊ အသက် လေးဆယ်တမ်းက တက်၍ အသက် ရှစ်ဆယ် နေရ၏၊ ယခုလို တဆ တဆ တိုး၍ တိုး၍ တက်သွားသည်မှာ....လူတယောက်၏ အသက်မရေမတွက်နိုင်အောင် နေရပြီးလျှင် အဆိုပါ အသက် မရေ မတွက်နိုင် နေရသည်မှ တဖြည်းဖြည်း အသက် ဆယ်နှစ် တမ်းအထိ ဆုတ်လာသည့် တိုင်အောင် အန္တရကပ် တကပ်ဟု ခေါ်သည်။

မှတ်ချက် လိုရင်း အဓိပ္ပါယ်မှာ........ အသက် ဆယ်နှစ် တမ်းက တက်၍ သွားသည်မှ အသက်မရေမတွက်နိုင်အောင် တက်သွားပြီး အဆိုပါ အသက် မရေမတွက်နိုင်အောင် နေရသည်မှ ဆုတ်လာ၍ အသက် ဆယ်နှစ်တမ်း တိုင်အောင် အန္တရကပ်ဟု ခေါ်သည်။အဆိုပါ အန္တရကပ် တကပ်သည် အဝိစိ ငရဲကြီး၌...အသက် အပိုင်း အခြား ဖြစ်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

## ရေးခဲ့ပြီးသောရေယဉ်ဘုံမှ တစ်ပါးသောရေယဉ်ဘုံတွေ ရှိပုံအကြောင်း

(၁) မီးအလျှံတောက်ပြောင်သော သံရည်ဖြင့် ပြည့်သော သံအိုး ရေယဉ်ဘုံ
(၂) မီးအလျှံတောက်ပြောင်သော အိမ်မိုးတစ်ဖက်ခန့်ရှိသော ပဲခွပ်ဖြင့် ဦးခေါင်းဖောက်ထိုးခြေမိုးမျှော်ကိုင်၍ သစ်သားကို ရွေသကဲ့သို့ အရွေခံရာဖြစ်သော ပဲခွပ်ရေယဉ် စသည်ဖြင့် များစွာသော ရေယဉ်တို့ရှိကုန်၏။ ရေးခဲ့ပြီးသော ဆင်းရဲဒုက္ခတို့ကို နှလုံးသွင်း၍ အကုသိုလ်အမှုကို မပြုမကျင့်ရန် အထူးသတိပြုသင့်ကြလေသည်။

## တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတို့အကြောင်း

တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ ဤသုံးဘုံတို့သည် မိမိတို့၏ ဘုံဟူ၍ အသီးအခြားတည်နေရာမရှိကုန်၊ မိမိတို့၏နေရာ၊ တောတောင်စသော အရပ်သည်ပင် ဘုံဖြစ်ကုန်၏။ တိရစ္ဆာန်ဘုံလည်း ဆင်းရဲ၏။ ပြိတ္တာဘုံလည်း အလွန်ဆင်းရဲ၏။ အသုရကာယ်ဘုံလည်း ဆင်းရဲ၏။

**မှတ်ချက်** အသုရကာယ်ဘုံ ဆင်းရဲပုံမှာ.....နေ့–နတ်သား၊ နတ်သမီးလို ခံစား၍ ညဥ့်ခွေးစားခံရခြင်းအစရှိသော ဆင်းရဲဒုက္ခကို ခံရ၏။

## လူ့ဘုံအကြောင်း

လူ့ဘုံသည် နောက်ပိုင်းက ရေးခဲ့ပြီးသော တောင်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်းသည်ပင်လျှင် လူ့ဘုံဖြစ်လေသည်။ အဆိုပါ လေးကျွန်းသူ၊ လေးကျွန်းသားတို့၏မျက်နှာ အနေအထားအပြင်၊ အသက်တမ်း မြဲမှု၊ မမြဲမှုများကိုပါ စာရှုသူတို့ လွယ်လွယ်ကူကူကြည့်ရှုလေ့လာမှတ်သားနိုင်ကြစေရန် သရုပ်ဖော်မျက်နှာရုပ်ပုံများနှင့်တကွ အသက်တမ်းများကို အောက်ပါအတိုင်း ရေးသားဖော်ပြထားခြင်း ဖြစ်သည်။



မျက်နှာခပ်ချွန်းချွန်းရှိသော ဤသရုပ်ဖော်ပုံမှာ–ကျမ်းပြု ဆရာတော်အပါအဝင် စာရှုသူတို့ နေထိုင်သွားလာရာဌာနဖြစ်သော တောင်ကျွန်းသူ တောင်ကျွန်းသားတို့၏ မျက်နှာပုံပင်ဖြစ်သည်။

တောင်ကျွန်းသူ၊ တောင်ကျွန်းသားတို့၏ အသက်တမ်းမှာ– ဆယ်နှစ်တမ်း၊ နှစ်ဆယ်တမ်း၊ လေးဆယ်တမ်း၊ ရှစ်ဆယ်တမ်း၊ တစ်ရာတမ်း စသည်ဖြင့် ဖြစ်သောကြောင့် အသက်တမ်းအမြဲမရှိ ဟု မှတ်ရမည်။



နဖူးလေးထောင့်(ဒေါင့်) ရောင်ရောင်ရှိသော ဤသရုပ်ဖော် မျက်နှာပုံမှာ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့၏ မျက်နှာပုံ ပင်ဖြစ်သည်။

မြောက်ကျွန်းသူမြောက်ကျွန်းသားတို့၏ အသက်တမ်းမှာ နှစ် ပေါင်း(၁၀၀၀) တစ်ထောင်တမ်းသာဖြစ်သောကြောင့် အသက် တမ်းမြဲသည်ဟု မှတ်ရမည်။



နဖူးခပ်ကုပ်ကုပ် ဖြစ်သည့်အပြင် မျက်နှာမဝိုင်း တစ်ဝိုင်းရှိ သော ဤသရုပ်ဖော် မျက်နှာပုံမှာ အရှေ့ကျွန်းသူ အရှေ့ကျွန်း သားတို့၏ မျက်နှာပုံပင် ဖြစ်သည်။

အရှေ့ကျွန်းသူအရှေ့ကျွန်းသားတို့၏အသက်တမ်းမှာ နှစ် ပေါင်း (၅၀၀) ငါးရာတမ်းသာဖြစ်သောကြောင့် အသက်တမ်းမြဲ သည်ဟု မှတ်ရမည်။



မျက်နှာခပ်ဝိုင်းဝိုင်းရှိသော ဤသရုပ်ဖော်ပုံမှာ အနောက်ကျွန်း သူ၊ အနောက်ကျွန်းသားတို့၏ မျက်နှာပုံပင် ဖြစ်သည်။

အနောက်ကျွန်းသူ၊ အနောက်ကျွန်းသားတို့၏ အသက်တမ်းမှာ အရှေ့ကျွန်းသူ အရှေ့ကျွန်းသားတို့၏ အသက်တမ်းနည်းတူ နှစ်ပေါင်း (၅၀၀) ငါးရာတမ်းသာ

ဖြစ်သောကြောင့် အသက်တမ်း မြဲသည်ဟု မှတ်ရမည်။

**မှတ်သားဖွယ်**

အသက်ရှည်ရှည်နေမှု၊ အသက်တိုတိုနေမှုတို့မှာ–ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကို အကြောင်းခံ၍ ဖြစ်ကုန်၏။

လှပြည့်၌ ချမ်းသာမှု၊ ဆင်းရဲမှုတို့မှာ... ကံ၊ ဉာဏ်၊ ဝီရိယကို အကြောင်းခံ၍ ဖြစ်ကုန်၏။ ကောင်းမှုကံကြောင့်လည်း ချမ်းသာ၏။ မကောင်းမှုကံကြောင့်လည်း ဆင်းရဲ၏။ ကောင်းသော သမ္မာဉာဏ်ကြောင့်လည်း ချမ်းသာ၏။ မကောင်းသော မိစ္ဆာမောဟဉာဏ်ကြောင့်လည်း ဆင်းရဲ၏။ (မိစ္ဆာဉာဏ်သည် အကုသိုလ်မောဟပင်ဟု သမ္မောအဋ္ဌကထာ မိန့်၏။) ကောင်းသောဝီရိယကြောင့်လည်း ချမ်းသာ၏။ မကောင်းသော ဝီရိယကြောင့်လည်း ဆင်းရဲ၏။ ကောင်းသောကံ၊ ကောင်းသော ဉာဏ်၊ ကောင်းသော ဝီရိယကြောင့်လည်း ချမ်းသာ၏။ မကောင်းသောကံ၊ မကောင်းသော မိစ္ဆာမောဟဉာဏ်ကြောင့်လည်း ဆင်းရဲ၏။ မကောင်းသောကံ၊ မကောင်းသောဝီရိယကြောင့်လည်းဆင်းရဲ၏။ မကောင်းသောကံ၊ မကောင်းသော မိစ္ဆာမောဟဉာဏ်၊ မကောင်းသောသော ဝီရိယကြောင့်လည်း ဆင်းရဲ၏။ စသည်များကို မိမိဉာဏ်ဖြင့် ချင့်ချိန်၍ လှပြည့်၌ ချမ်းသာမှု၊ ဆင်းရဲမှုဖြစ်ပုံတို့ကို မှတ်ယူကြစေလိုပါသည်။

## စတုမဟာရာဇ်၊ တာဝတိံသာ၊ နတ်ဘုံတို့အကြောင်း

စတုမဟာရာဇ်နတ်ဘုံသည် မြင်းမိုရ်တောင်ကြီးထက်ဝက်၌ တည်၏။ တာဝတိံသာနတ်ပြည်သည် မြင်းမိုရ်တောင်ကြီး၏ အထက်ထိပ်၌ တည်၏။

**မှတ်ချက်** မြင်းမိုရ်တောင်ကြီး ပုံနှင့်တကွ မြင်းမိုရ်တောင်ကြီးထက်ဝက်၌ စတုမဟာရာဇ်နတ်ဘုံတည်ပုံ မြင်းမိုရ်တောင်ကြီး၏ အထက် ထိပ်၌ တာဝတိံသာနတ်ဘုံတည်ပုံ၊ ရေးပြခဲ့ပြီ ပြန်ကြည့်ပါ။

စတုမဟာရာဇ်ဘုံ၌ နတ်တို့၏ အရေအတွက် နှစ်ပေါင်း (၅၀၀) အသက်ရှည်၏။ လူတို့အရေအတွက် နှစ်ပေါင်း (၉၀၀၀၀၀၀) ကိုးသန်းအသက်ရှည်၏။

သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် (၁)၊ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် (၁)၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် (၁)၊ အရိယာပုဂ္ဂိုလ် (၈)၊ ပေါင်း (၁၁) ယောက်ရှ၏။

တာဝတိံသာနတ်ဘုံ၌ နတ်တို့၏အရေအတွက် နှစ်ပေါင်း (၁၀၀၀) တစ်ထောင် အသက်ရှည်၏။ လူတို့အရေအတွက် နှစ်ပေါင်း (၃၆၀၀၀၀၀၀) သုံးကုဋေ ခြောက်သန်း အသက်ရှည်၏။

ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် (၁)၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် (၁)၊ အရိယာပုဂ္ဂိုလ် (၈) ပေါင်း (၁၀) ယောက်ရှ၏။

စတုမဟာရာဇ်နတ်တို့၏ စည်းစိမ်ချမ်းသာ သုခတို့မှာ လူ့ပြည်လေးကျွန်းကို အစိုးရသော စကြာမင်း၏ စည်းစိမ်ချမ်းသာသုခထက် အဆအရာ၊ အထောင်မက ဖြစ်ကုန်၏။ လူ စကြာမင်း၏ ချမ်းသာသုခထက် စတုမဟာရာဇ်နတ်ချမ်းသာ သုခက လွန်ကဲ၍ချမ်းသာသည်ဟု ဆိုလိုသည်။ စတုမဟာရာဇ်နတ်ချမ်းသာ သုခထက် တာဝတိံသာနတ်ချမ်းသာသုခက အဆအရာ၊ အဆအထောင်မက ချမ်းသာလေသည်။ အထက်–အထက် နတ်၊ ဗြဟ္မာတို့ ဆထက်–ဆထက်၊ တိုး၍ တိုး၍ အလွန့်အလွန် ချမ်းသာကြကုန်၏။

ရေးသားဖော်ပြခဲ့ပြီးသော ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ၊ လူ့ဘုံနတ်ဘုံ နှစ်ဘုံတို့မှာ ကမ္ဘာမြေကြီးအပြားပေါ်၌ တည်ရှိကုန်သော ဘုံဌာနတို့ပင်ဖြစ်ကုန်သည်ဟု မှတ်သားကြစေလိုပါသည်။

## ကောင်းကင်၌ တည်ရှိကုန်သော ဘုံဌာနတို့အကြောင်း

တိရစ္ဆာန်မျှသာဖြစ်ကုန်သော အမျိုးမျိုးသော အချို့ကုန်သော ငှက်တို့သည် မိမိတို့၏ အစွမ်းသတ္တိရှိသလောက် ကောင်းကင်၌ ပျံသန်းရပ်တည်နိုင်သေးသည်ကို ထောက်ဆသောအားဖြင့် ဘုန်းကံအလွန်ကြီးမားကုန်သော နတ်၊ ဗြဟ္မာတို့၏ ဘုန်းကံအစွမ်းသတ္တိရှိသလောက် နတ်၊ ဗြဟ္မာဘုံတို့ ကောင်းကင်၌မှချရပ် တည်နိုင်မည်သာ။

မတည်နိုင် မဖြစ်နိုင်ဟု ပြောဆိုနေကြသော ဗုဒ္ဓစာပေနှင့် ဝေးသူများ၏ စကားများကို လွယ်လွယ်နှင့်ယုံကြည်သော သူများသည် အသိဉာဏ်အလွန် ခေါင်းပါးသူ၊ နိုင်ငံခြားသားများပြောစကားကို ယုံကြည်နိုင်မှ ခေတ်မီသည်ဟု အထင်ရှိပြီး **"အမေကျော်ဒွေးတော်လွမ်း"** နေသူ ဗုဒ္ဓရှင်တော်ဘုရား၏ လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ခဲရာခဲဆစ်ပါရမီဖြည့်ဆည်းပူးပြီးမှ ပေါ်ပေါက်လာသော အလွန်မွန်မြတ်သော အယူဝါဒ ယဉ်ကျေးမှုတို့နှင့် မထိုက်တန်သူ ဟုသာ မှတ်ချက်ချဖို့ကောင်းတော့သည်။


ဤ ယာမာဘုံ၌

ဒွိဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ် တယောက်၊

တိဟိတ်ပုထုဇ္ဇန် ပုဂ္ဂိုလ် တယောက်၊

အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်

ပေါင်း (၁၀)ယောက် ရ၏။




ယာမာ နတ်ပြည်၌

ရှိသော ယာမာနတ် တို့၏

အရေအတွက် နှစ်ပေါင်း (၂၀၀၀)

နှစ်ထောင် အသက် ရှည်၏။

လူတို့၏ အရေအတွက် နှစ်ပေါင်း

(၁၄၄၀၀၀၀၀၀)တဆဲ့လေး ကုဋေ၊

လေးသန်း အသက် ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။


ဤ တုသိတာဘုံ၌

ဒွိဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ် တယောက်၊

တိဟိတ် ပုထုဇ္ဇန်ပုဂ္ဂိုလ် တယောက်၊

အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်၊

ပေါင်း (၁၀)ယောက် ရ၏။




တုသိတာ နတ်ပြည်၌

ရှိသော တုသိတာနတ် တို့၏

အရေအတွက် နှစ်ပေါင်း (၄၀၀၀)

လေးထောင် အသက် ရှည်၏။

လူတို့ အရေအတွက် နှစ်ပေါင်း

(၅၇၆၀၀၀၀၀)ငါးဆဲ့ခုနစ် ကုဋေ

ခြောက်သန်း အသက်ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။


ဤ နိမ္မာနရတိဘုံ၌

ဒွိဟိတ် ပဋိသန္ဓေ ပုဂ္ဂိုလ် တယောက်၊

တိဟိတ် ပဋိသန္ဓေပုဂ္ဂိုလ် တယောက်၊

အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်၊

ပေါင်း (၁၀)ယောက် ရှိ၏။




နိမ္မာနရတိ နတ်ပြည်၌

ရှိသော နိမ္မာနရတိနတ် တို့၏

အရေအတွက် နှစ်ပေါင်း (၈၀၀၀)

ရှမ်းထောင် အသက် ရှည်၏။

လူ့ပြည် အရေအတွက် နှစ်ပေါင်း

(၂၃၀၄၀၀၀၀၀) နှစ်ရှ သုံးဆယ်


ကုဋေ လေးသန်း အသက် ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်၌

ဤသော ပရနိမ္မိတ ဝသဝတ္တီနတ်တို့၏ အရေအတွက် နှစ်ပေါင်း(၁၆၀၀၀) တသောင်းခြောက်ထောင် အသက်ရှည်၏။

လူတို့ အရေအတွက် နှစ်ပေါင်း (၉၂၁၆၀၀၀၀၀၀) ကိုးရာ နှစ်ဆယ်တကုဋေ ခြောက်သန်း အသက်ရှည်၏။




ဤ ပရနိမ္မိတ ဝသဝတ္တီဘုံ၌

ဒွိဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ် တယောက်၊ တိဟိတ် ပုထုဇ္ဇန်ပုဂ္ဂိုလ် တယောက်၊ အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်၊ ပေါင်း (၁၀)ယောက် ရ၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤပဌမဈာန် (၃) ဘုံ၌...

တိဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ်

တယောက်၊

အရိယာပုဂ္ဂိုလ်


ရှစ်ယောက်၊

ပေါင်း (၉) ယောက်ရှိ၏။

ပဌမဈာန် (၃) ဘုံ

တပြိုင်တည်း

တည်နေ၏။




ဗြဟ္မပါရိ သဇ္ဇာဘုံ၌...

ဗြဟ္မာတို့အသက်

အသင်္ချေယျကပ် (၃) ၏

တစု ရှည်၏။

ဗြဟ္မပုရောဟိတာ ဘုံ၌...

ဗြဟ္မာတို့အသက်

အသင်္ချေယျကပ်

ထက်ဝက်

ရှည်၏။

မဟာဗြဟ္မာဘုံ၌...


ဗြဟ္မာတို့ အသက်

အသင်္ချေယျ တကပ်

ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။


ဤ ဒုတိယဈာန်
(၃)ဘုံတို့၌...
တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်
တမျိုးတက်၊
အရိယာ ပုဂ္ဂိုလ်
ရှစ်ယောက်၊
ပေါင်း(၉)ယောက်ရှိ၏။
ဒုတိယဈာန်(၃)ဘုံ
တပြင်တည်း
တည်နေ၏။




ပရိတ္တာဘာဘုံ၌...
မြဟ္မာတို့ အသက်
နှစ်ကမ္ဘာရှည်၏။
အပ္ပမာဏာဘာဘုံ၌...
မြဟ္မာတို့ အသက်
လေးကမ္ဘာ ရှည်၏။
အာဘဿရာ ဘုံ၌...
မြဟ္မာတို့အသက်
ရှစ်ကမ္ဘာ ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။


ဤ တတိယဈာန်
(၃)ဘုံ၌...
တိဟိတ် ပုထုဇ္ဇန ပုဂ္ဂိုလ်
တယောက်၊
အရိယာ ပုဂ္ဂိုလ်
ရှစ်ယောက်၊
ပေါင်း(၉)ယောက်ရှိ၏။
တတိယဈာန်(၃)ဘုံ
တပြင်တည်း
တည်နေ၏၊၊




ပရိတ္တာသုဘာဘုံ၌...
ဗြဟ္မာတို့အသက်
(၁၆)ကမ္ဘာ ရှည်၏။
အပ္ပမာဏာသုဘာဘုံ၌
ဗြဟ္မာတို့ အသက်
(၃၂) ကမ္ဘာ ရှည်၏။
သုဘကိဏှာဘုံ၌
ဗြဟ္မာတို့အသက်
(၆၄)ကမ္ဘာ ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ ဝေဟပ္ဖိုလ်ဘုံ၌....
တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်
တယောက်၊
အရိယာ ပုဂ္ဂိုလ်
ရှစ်ယောက်၊
ပေါင်း(၉)ယောက် ရ၏၊
ဗြဟ္မာတို့ ကမ္ဘာ (၅၀၀)
ငါးရာ အသက်ရှည်၏။
စတုတ္ထဈာန် (၂)ဘုံ
တပြင်တည်း
တည် နေ ၏။




ဤ အသညသတ် ဘုံ၌
သုဂတိ အဟိတ် ပုထုဇဉ်
ပုဂ္ဂိုလ် တယောက်သာ
ရှိ၏။
ဗြဟ္မာတို့ အသက်
ကမ္ဘာ(၅၀၀)ငါးရာ
ရှည်၏။

မှုရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ အဝိဟာဗြဟ္မာဘုံ၌...

အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊


အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

ပေါင်း (၃)ယောက် ရှိ၏။




အဝိဟာဗြဟ္မာဘုံ၌...

ဗြဟ္မာတို့ အသက်

ကမ္ဘာ (၁၀၀၀)

တထောင် မျှသာ၏။


မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

အတပ္ပါ ပြဟ္မာဘုံ၌...

ပြဟ္မာတို့ အသက်

ကမ္ဘာ(၂၀၀၀)

နှစ်ထောင် ရှည်၏။




ဤ အတပ္ပါ ပြဟ္မာဘုံ၌...

အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

ပေါင်း (၃)ယောက် ရှိ၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

။ငြိမ်လျော့ဂုဏ်ထောက်ရှုစေ ။ဒွိပ်ဆက်ပွားဒွိမ်ဂီ

။မြစ် ယုဂကော(၄) ဒွိဂုဏ

ငြေယုဂကေသ

ရှလပ္ပိုက် နှင့်ဒီလာဂ ထိတ်ဇစေ


ငြေယုဂကေသ

ရှလပ္ပိုက် နှင့်ဒီပိဂ ထိတ်ဇစေ

ငြေယုဂကေသ

ရှလပ္ပိုက် နှင့်ဒီလာဂ ရှုပ်ငြစေ

....ဦးငြိမ်းကျော် တောင်းလေ ပြီ




။မြှုင်ဘိ ဒွဂေလား:လာ

(၁၀၀၁)ငစိယ

ယုဂကေ ငြိမ်းကျော်

....ဦးငြိမ်းကျော် တောင်းလေ

ဤ သုဒဿီ ဗြဟ္မာဘုံ၌....

အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊


အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

ပေါင်း(၃)ယောက် ရှိ၏။




သုဒဿီ ဗြဟ္မာဘုံ၌....

ဗြဟ္မာတို့ အသက်

ကမ္ဘာ(၈၀၀၀)

ရှစ်ထောင် ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ အကနိဋ္ဌာ ဗြဟ္မာဘုံ၌....

အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊


အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်

တယောက်၊

ပေါင်း (၃)ယောက် ရှိ၏။





အကနိဋ္ဌာ ဗြဟ္မာဘုံ၌....

ဗြဟ္မာတို့အသက် ကမ္ဘာ (၁၆၀၀၀) တသောင်းခြောက်ထောင် ရှည်၏။

ရေးပြ ခဲ့ပြီးသော အဝိဟာဘုံ- အတပ္ပါဘုံ-သုဒဿာဘုံ- သုဒဿီဘုံ- အကနိဋ္ဌာဘုံဤငါးဘုံသည်သန့်ရှင်း စင်ကြယ်သော အထက် အရိယာ ပုဂ္ဂိုလ် (၃)ယောက်တို့သာ နေရာ ဖြစ်သောကြောင့်သုဒ္ဓါဝါသ(၅)ဘုံ မည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။


ဤ အာကာသာနဉ္စာယတန
ဘုံ၌....
တိဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ်
တယောက်၊
သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်
ကြဉ်သော
အရိယာ ပုဂ္ဂိုလ် (၇)ယောက်
ပေါင်း (၈) ယောက် ရ၏။




အာကာသာနဉ္စာယတန
ဘုံ၌....
ဗြဟ္မာတို့ အသက်
ကမ္ဘာ(၂၀၀၀၀)
နှစ်သောင်း
ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။


ဤ ဝိညာနဥ္စာယတန
ဘုံ၌...
တိဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ်
တယောက်၊
သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်
ကြဉ်သော
အရိယာ ပုဂ္ဂိုလ် (၇)ယောက်၊
ပေါင်း (၈)ယောက် ရှိ၏။




ဝိညာနဥ္စာယတနဘုံ၌...
ဗြဟ္မာတို့ အသက်
ကမ္ဘာ (၄၀၀၀၀)
လေးသောင်း
ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ဤ အာကိဉ္စညာယတန
ဘုံ၌...
တိဟိတ် ပုထုဇ္ဇန် ပုဂ္ဂိုလ်
တယောက်၊
သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်
ကြဉ်သော
အရိယာပုဂ္ဂိုလ် (၇)ယောက်၊
ပေါင်း (၈)ယောက် ရှိ၏။





အာကိဉ္စညာယတနဘုံ၌...
ဗြဟ္မာတို့ အသက်
ကမ္ဘာ (၆၀၀၀၀)
ခြောက် သောင်း
ရှည်၏။

မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

။ငွီလြေးထေကြိုင်မုစ ႏဒွံ့ဆဝ်ဍုလေႏဒွစ်ႏ

။ပြေငွ်ုဟ်
ဍုထေးလေ ႏငွလေငွ်ုဟ်
(၀၁၀၄၀) ငီယ
ငွယဆေ ငွ်ုငဂိဂြ
...ဒြိုုင
နီထကေလဲလင်နီလဲလဝနီခ



။ပြေစ ငွယကော(၀) ႏဍုဂ
ငွယကော(၆) ဍုဟ်ဂ် ငကာငွဆ
ငထေငွီယြ
ဍုဟ်ဂ် နှငဒိဂ် ငွီဂငဧငလေ
ငွယကောငေ
ဍုဟ်ဂ် နှမိထေဂ် ငွပွငွ
...ဒြိုုင
နီဧကေလဲလင်နီလဲလဝနီခ ပြြ

# မဂ္ဂင်ရှစ်သွယ် မှတ်သားဖွယ်

## ဆင်းရဲသော ဘုံဘဝသို့ရောက်စေနိုင်သော မိစ္ဆာမဂ္ဂင်၊ ချမ်းသာသောဘုံဘဝသို့ရောက်စေနိုင်သော သမ္မာမဂ္ဂင် အဓိပ္ပာယ်များ

မဂ္ဂင်သည် ဘုရားမနှစ်သက်သော မိစ္ဆာမဂ္ဂင် (၈) ပါး၊ ဘုရားနှစ်သက်သော သမ္မာမဂ္ဂင် (၈) ပါး ဟု နှစ်မျိုးရှိ၏။

### ဘုရားမနှစ်သက်သော မိစ္ဆာမဂ္ဂင် (၈) ပါး အကျဉ်းအဓိပ္ပာယ်

(၁) ဘုရားမနှစ်သက်သော အယူကို စွဲယူခြင်း မိစ္ဆာဒိဋ္ဌိမဂ္ဂင်။

(၂) ဘုရားမနှစ်သက်သော အကြံအစည်မျိုးကို ကြံစည်ခြင်း မိစ္ဆာသင်္ကပ္ပမဂ္ဂင်။

(၃) ဘုရားမနှစ်သက်သော အပြောအဆိုမျိုးကို ပြောဆိုခြင်း မိစ္ဆာဝါစာ မဂ္ဂင်။

(၄) ဘုရားမနှစ်သက်သော အမှုကိစ္စကို ပြုလုပ်ခြင်း မိစ္ဆာကမ္မန္တမဂ္ဂင်။

(၅) ဘုရားမနှစ်သက်သော အသက်မွေးဝမ်းကျောင်းဖြင့် မိမိအသက်ကို မွေးမြူခြင်း မိစ္ဆာအာဇီဝမဂ္ဂင်။

(၆) ဘုရားမနှစ်သက်သော လုံ့လပန်းစရာကို လုံ့လပန်းကြိုးကုတ်အားထုတ်ခြင်း မိစ္ဆာဝါယာမမဂ္ဂင်။

(၇) ဘုရားမနှစ်သက်သော အောက်မေ့စရာကို အောက်မေ့နေခြင်း မိစ္ဆာသတိမဂ္ဂင်။

(၈) ဘုရားမနှစ်သက်သော တည်ကြည်စရာ အာရုံ၌ မိမိစိတ်ကိုမပျံ့လွင့်အောင်ထား၍ စိတ်၏တည်ကြည်နေခြင်း မိစ္ဆာသမာဓိမဂ္ဂင်။

### ဘုရားနှစ်သက်သော သမ္မာမဂ္ဂင် (၈) ပါး အကျဉ်းအဓိပ္ပာယ်

(၁) ဘုရားနှစ်သက်သော အယူကို စွဲယူခြင်း သမ္မာဒိဋ္ဌိမဂ္ဂင်။

(၂) ဘုရားနှစ်သက်သော အကြံအစည်မျိုးကို ကြံစည်ခြင်း သမ္မာသင်္ကပ္ပမဂ္ဂင်။

(၃) ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်၍ နေခြင်းဟူသော ဘုရားနှစ်သက်သော သမ္မာဝါစာမဂ္ဂင်။

တစ်နည်း....ဘုရားနှစ်သက်သော အပြောမျိုးကို ပြောဆိုခြင်းသမ္မာဝါစာ

မဂ္ဂင်။

(၄) ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်၍ နေခြင်းတည်းဟူသော ဘုရားနှစ်သက်သော သမ္မာကမ္မန္တမဂ္ဂင်။
တစ်နည်း.....ဘုရားနှစ်သက်သော အမှုကိစ္စကို ပြုလုပ်ခြင်း သမ္မာကမ္မန္တမဂ္ဂင်။

(၅) ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး ပေါင်း (၇) ပါးမှ ရှောင်ကြဉ်၍ နေခြင်းတည်းဟူသော ဘုရားနှစ်သက်သော သမ္မာအာဇီဝ မဂ္ဂင်။
တစ်နည်း.....ဘုရားနှစ်သက်သော အသက်မွေးဝမ်းကျောင်းဖြင့် မိမိအသက်ကိုမွေးမြူခြင်း သမ္မာအာဇီဝမဂ္ဂင်။

(၆) ဘုရားနှစ်သက်သော လုံ့ပန်းစရာကို လုံ့ပန်းကြိုးကုတ်ခြင်း သမ္မာဝါယာမမဂ္ဂင်။

(၇) ဘုရားနှစ်သက်သော အောက်မေ့စရာကို အောက်မေ့နေခြင်း သမ္မာသတိမဂ္ဂင်။

(၈) ဘုရားနှစ်သက်သော တည်ကြည်စရာအာရုံ၌ မိမိစိတ်ကို မပျံ့လွင့်အောင်ထား၍ စိတ်၏တည်ကြည်နေခြင်း သမ္မာသမာဓိမဂ္ဂင်။

**မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ သမ္မာဒိဋ္ဌိမဂ္ဂင် အကျယ်အဓိပ္ပာယ်**

ကုသိုလ်ကံမရှိဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင် မည်၏။

ကုသိုလ်ကံ ရှိသည်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာ ဒိဋ္ဌိမဂ္ဂင်မည်၏။

အကုသိုလ်ကံမရှိဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

အကုသိုလ်ကံရှိသည်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ကုသိုလ်ကံ၏ ကောင်းကျိုးမရှိဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင် မည်၏။

ကုသိုလ်ကံ၏ ကောင်းကျိုးရှိသည်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော

သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

အကုသိုလ်ကံ၏ မကောင်းကျိုးမရှိဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင် မည်၏။

အကုသိုလ်ကံ၏မကောင်းကျိုးရှိသည်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက် သော သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ရုပ်နာမ်မရှိဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင် မည်၏။

ရုပ်နာမ်ရှိသည်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

မှန်ကန်သောအားဖြင့် ဧကန်ရှိသော ရုပ်နာမ်တရားသည် မှန်ကန်သော ပရမတ္ထသစ္စာမည်၏၊ (ဝါ) ပရမတ္ထအမှန်ဖြစ်၏။

**မှတ်ချက်** ဤသို့ ပရမတ္ထသစ္စာကို ရေးပြရခြင်းသည် ဤတရားသည် ပရမတ္ထသစ္စာမည်၏ဟု စွဲယူလျှင် သမ္မာဒိဋ္ဌိဖြစ်သည်ကို သိစေလိုသောကြောင့်တည်း။

ငါ၊ သူ၊ ငါ့ပစ္စည်း၊ သူ့ပစ္စည်း အမိ၊ အဘ စသည်တို့ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ပညတ်ထားသော ပညတ်တရားသည် လူတို့ ခေါ်ဝေါ်ပညတ်ထား၍ မှန်ကန်သော သမ္မုတိသစ္စာမည်၏ (ဝါ) သမ္မုတိပညတ် အမှန်ဖြစ်၏။

**မှတ်ချက်** ဤသို့ သမ္မုတိသစ္စာကို ရေးပြရခြင်းသည် ဤတရားသည် သမ္မုတိသစ္စာ မည်၏ဟု စွဲယူလျှင် သမ္မာဒိဋ္ဌိဖြစ်သည်ကို သိစေလိုသောကြောင့်တည်း။

ရုပ်သည် မှန်ကန်သော ပရမတ်၊ နာမ်သည် မှန်ကန်သော ပရမတ်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ငါ၊ သူ၊ ငါ့ပစ္စည်း၊ သူ့ ပစ္စည်း၊ အမိ၊ အဘ စသည်တို့သည် မှန်ကန်သော သမ္မုတိပညတ်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ရုပ်နာမ်သည် ပရမတ္ထအားဖြင့် ထင်ထင်ရှားရှား မရှိဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

ငါ၊ သူ၊ အမိ၊ အဘ စသည်သည် ပရမတ်အားဖြင့် ထင်ရှားရှိ၏ဟု စွဲယူခြင်း

သည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

**မှတ်ချက်** တစ်ဦးနှင့်တစ်ဦး စကားပြောသောအခါ ငါ၊ သူ၊ ငါ့ပစ္စည်း၊ ငါ့မိဘ၊ သူ့မိဘ စသည်ဖြင့် ပြောဆိုခြင်းသည် တစ်ဦးနှင့်တစ်ဦး နားလည်အောင် ပြောဆိုခြင်းကြောင့် မိစ္ဆာဒိဋ္ဌိမဂ္ဂင် မဖြစ်နိုင်ဟု မှတ်ရမည်။

ရုပ်၊ နာမ်သည် ငါအမှန်ဖြစ်သည်၊ ငါသည် ရုပ်၊ နာမ်အမှန်ဖြစ်သည်ဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

ရုပ်၊ နာမ်သည် သူအမှန်ဖြစ်သည်၊ သူသည် ရုပ်၊ နာမ် အမှန်ဖြစ်သည်ဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

ဤပစ္စည်းသည် ငါ့ပစ္စည်း အမှန်ဖြစ်သည်၊ ဤပစ္စည်းသည် သူ့ပစ္စည်းအမှန် ဖြစ်သည်ဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

ရုပ်၊ နာမ်သည် ငါ့ပစ္စည်းဖြစ်သည်၊ ရုပ်၊ နာမ်သည် သူ့ပစ္စည်းဖြစ်သည်ဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

ရုပ်၊ နာမ်သည် ငါမဟုတ်၊ ငါသည် ရုပ်၊ နာမ်မဟုတ်၊ ရုပ်၊ နာမ်သည် သူ မဟုတ်၊ သူသည် ရုပ်၊ နာမ်မဟုတ်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ရုပ်၊ နာမ်သည် ငါ့ပစ္စည်းမဟုတ်၊ ရုပ်၊ နာမ်သည် သူ့ပစ္စည်းမဟုတ်ဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ပုဂ္ဂိုလ်သတ္တဝါသည် ထင်ထင်ရှားရှားရှိသည်ဟု စွဲယူခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။

ပုဂ္ဂိုလ်သတ္တဝါသည် ထင်ရှားမရှိဟု စွဲယူခြင်းသည် ဘုရားနှစ်သက်သော သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

**မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊ သမ္မာသင်္ကပ္ပမဂ္ဂင် အကျယ်အဓိပ္ပာယ်**

ဤပုဂ္ဂိုလ်၊ ဤသတ္တဝါကို ဘယ်လိုသတ်ရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသင်္ကပ္ပမဂ္ဂင်မည်၏။

ဤပုဂ္ဂိုလ်၊ ဤသတ္တဝါကို ဆင်းရဲဒုက္ခရောက်သွားအောင် ဘယ်လိုညှဉ်းပန်းနှိပ်စက်ရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသက်ပွမဂ္ဂင်မည်၏။

ထိုသူ၏ပစ္စည်းကိုရအောင် ငါဘယ်လိုခိုးရပါမည်နည်း၊ တိုက်ယူရပါမည်နည်းစသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသက်ပွမဂ္ဂင်မည်၏။

ထိုအမျိုးသမီးနှင့် ပျော်ပါးရအောင် ငါဘယ်လိုပြုလုပ်ရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသက်ပွမဂ္ဂင်မည်၏။

ထိုအမျိုးသားနှင့် ပျော်ပါးရအောင် ငါဘယ်လိုပြုလုပ်ရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသက်ပွမဂ္ဂင်မည်၏။

ငါဘယ်လို လိမ်ညာရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသက်ပွမဂ္ဂင်မည်၏။

ဤပုဂ္ဂိုလ်၊ ဤသတ္တဝါ ချမ်းသာကြွယ်ဝ သူဌေးဖြစ်အောင် ငါဘယ်လိုပြုလုပ်စောင်မကြည့်ရှုပေးရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသက်ပွမဂ္ဂင်မည်၏။

ရောဂါတစ်ခုခု စွဲကပ်နေ၍ ဆင်းရဲဒုက္ခရောက်နေသော ဤပုဂ္ဂိုလ်၊ ဤသတ္တဝါကို စွဲကပ်နေသော ရောဂါ ကင်းစင်ပပျောက်သွားအောင် ငါဘယ်လို ပြုလုပ်ပေးရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသက်ပွမဂ္ဂင်မည်၏။

ငါကုသိုလ်ထူးရအောင် ဒါနကိုဘယ်လို ပြုလုပ်ရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသက်ပွမဂ္ဂင်မည်၏။

ငါကုသိုလ်ထူးရအောင် သီလကိုဘယ်လို ဆောက်တည်ရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသက်ပွမဂ္ဂင်မည်၏။

ငါကုသိုလ်ထူးရအောင် ကမ္မဋ္ဌာန်းဘာဝနာကို ဘယ်လိုအားထုတ်ရပါမည်နည်း စသည်ဖြင့် ကြံစည်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသက်ပွမဂ္ဂင် မည်၏။

**အသက်မွေးဝမ်းကျောင်းအတွက် ပြောဆိုပြုလုပ်ပုံ အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ ပြောဆိုပြုလုပ်ပုံတို့ကို မှတ်သားရန်အဓိပ္ပာယ်**

ရှေ့နေသည် အခကြေးငွေယူ၍ ရှေ့နေပြုလုပ်သဖြင့် အချို့အမှု၌ မမှန်မကန် လိမ်ညာ၍ ရှေ့နေလဲရ၏။ ဤသို့ အခကြေးငွေယူပြီး လိမ်ညာ၍ ရှေ့နေလဲရခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် ရှေ့နေလဲရခြင်းဖြစ်သည်။

**မှတ်ချက်** ဆိုလိုရင်းအဓိပ္ပာယ်မှာ လိမ်ညာကောက်ကျစ်သော အပြောအဆိုမျိုးဖြင့် မိမိအသက်ကို မွေးမြူခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် လိမ်ညာ၍ပြောဆိုပုံဟု ဆိုလိုသည်။

လိမ်ညာရန်အတွက် ငွေကြေးကို မယူဘဲ မိမိလိမ်ညာနိုင်ပုံ အစွမ်းသတ္တိကို ပြလို၍ လိမ်ညာပြောဆိုခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် လိမ်ညာပြောဆိုခြင်းမဟုတ်ဟု မှတ်ရမည်။

**မှတ်ချက်** အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ လိမ်ညာပြောဆိုခြင်းဖြစ်သည်ဟု ဆိုလိုသည်။

သူတစ်ပါးကို ချစ်လို့ဖြစ်စေ၊ မုန်းလို့ဖြစ်စေ၊ အမြင်ကတ်လို့ဖြစ်စေ ငွေကြေးမယူဘဲ လိမ်ညာပြောဆိုခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် လိမ်ညာပြောဆိုခြင်းမဟုတ်ဟု မှတ်ရမည်။

**မှတ်ချက်** အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ လိမ်ညာပြောဆိုခြင်းဖြစ်သည်ဟုဆိုလိုသည်။

ရောင်းရန် နွား၊ ဝက်၊ ကြက် စသော သတ္တဝါတို့ကို သတ်ဖြတ်ခြင်းအမှုပြုလုပ်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် သတ်ဖြတ်ခြင်းအမှုကို ပြုလုပ်ခြင်းဖြစ်သည်ဟု မှတ်ရမည်။

**မှတ်ချက်** ရောင်းလိုသဖြင့် သတ္တဝါတို့ကို သတ်ဖြတ်၍ အသက်မွေးခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် သတ်ဖြတ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။

ရောင်းရန်မဟုတ်ဘဲ မိမိသတ်နိုင်ပုံ အစွမ်းသတ္တိကို ပြလိုသဖြင့် သတ္တဝါကိုသတ်ဖြတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် သတ်ဖြတ်ခြင်းမဟုတ်ဟုမှတ်ရမည်။

**မှတ်ချက်** အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ သတ်ဖြတ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။

ယခုခေတ်ငယ်ရွယ်သူအမျိုးသား၊ အမျိုးသမီးတို့သည် တစ်ဦးနှင့်တစ်ဦး အချစ်ကြီးချစ်ကြ၍ အချစ်အတွက်နှင့်သတ်ဖြတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် သတ်ဖြတ်ခြင်းမဟုတ်ဟု မှတ်ရမည်။

**မှတ်ချက်** အမျိုးသားအမျိုးသမီး အချစ်ကြီးကြ၍ အချစ်အတွက်နှင့် သတ်ဖြတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ သတ်ဖြတ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။

အချို့သောပုဂ္ဂိုလ်သည် မိမိဘာသာတရားအရ ချစ်လှစွာသော နွား၊ ဆိတ်၊ သိုး၊ တို့ကို ဘာသာပွဲ၌ စားဖို့ သတ်ဖြတ်သည်။ ဤသို့သတ်ဖြတ်ခြင်းသည် ရောင်း၍ အသက်မွေးဝမ်းကျောင်းအတွက် သတ်ဖြတ်ခြင်း မဟုတ်ဟုမှတ်ရမည်။

**မှတ်ချက်** ချစ်လှစွာသော နွား၊ ဆိတ်၊ သိုးတို့ကို ဘာသာပွဲ၌ သတ်ဖြတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်သော သတ်ဖြတ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။

သူတစ်ပါးကို မုန်းလို့ဖြစ်စေ၊ အမြင်ကတ်လို့ဖြစ်စေ၊ သတ်ဖြတ်ခြင်းသည် ရောင်းရန်သတ်ဖြတ်ခြင်းမဟုတ်သောကြောင့် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်သော သတ်ဖြတ်ခြင်းဖြစ်သည်။ သတ်ဖြတ်ပြီး အသက်မွေးခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် ဖြစ်သည်။

**မှတ်ချက်** စားလိုလို့ဖြစ်စေ၊ ချစ်လို့ဖြစ်စေ၊ မိမိအစွမ်းသတ္တိကို ပြလိုလို့ဖြစ်စေ သတ်ဖြတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဟု ဆိုလိုရင်း ဖြစ်သည်။

သူခိုးအဖြစ်၊ ဓားပြအဖြစ်၊ ခိုးစားတိုက်စားခြင်းသည် အသက်မွေးဝမ်းကျောင်း အတွက် ဖြစ်သည်။

**မှတ်ချက်** မိမိခိုးနိုင်ပုံ၊ တိုက်နိုင်ပုံ၊ အစွမ်းသတ္တိကို ပြနိုင်ပုံတို့အပြင် သူတစ်ပါးကို မုန်းလို့ဖြစ်စေ၊ အမြင်ကတ်လို့ဖြစ်စေ၊ ခိုးခြင်းတိုက်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဟု ဆိုလိုသည်။

ယခုခေတ်ကိုယ်နှင့်ရင်းပြီး မကောင်းသောအလုပ်ကို ပြုလုပ်နေသော အပြာမယ်သည် ကောင်းရာကောင်းကြောင်းအလုပ်ကိုမလုပ်ဘဲ ငွေကြေးယူ၍ ယောကျ်ားများနှင့် ပျော်ပါးခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် ဖြစ်သည်ဟု မှတ်ရမည်။

ငွေကြေးမယူဘဲ သက်သက်ကာမဂုဏ်စည်းစိမ်ကို ခံစားလို၍ မိမိလင်ယောကျ်ား မဟုတ်၊ အခြားသော ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဟု မှတ်ရမည်။

**မှတ်ချက်** ဤကားလင်ယောကျ်ားရှိသော အမျိုးသမီးအတွက်ရည်ညွှန်းသည်။

လင်ယောကျ်ားမရှိသော အမျိုးသမီးသည် ငွေကြေးမယူဘဲ သက်သက်ကာမဂုဏ်စည်းစိမ်ကို ခံစားလို၍ မိမိအလိုရှိသော ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဟု မှတ်ရမည်။

ယောကျ်ားတစ်ဦးဦးနှင့်ပျော်ပါးသော အမျိုးသမီးသည် လင်ယောကျ်ားရှိသောအမျိုးသမီး၊ လင်ယောကျ်ားမရှိသော အမျိုးသမီးဟု (၂) မျိုးရှိသည်။ လင်ယောကျ်ားရှိသောအမျိုးသမီးသည် မိမိလင်ယောကျ်ားနှင့်ပျော်ပါးမှု ကာမေသုမိစ္ဆာစာရကံမထိုက်၊ မိမိလင်ယောကျ်ားမှတစ်ပါး အခြားသောယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးလျှင် ကာမေသုမိစ္ဆာစာရကံထိုက်သည်ဟု မှတ်ရမည်။

လင်ယောကျ်ားမရှိသော အမျိုးသမီးသည် ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးလျှင် ကာမေသုမိစ္ဆာစာရကံ မထိုက်ဟု လောကုတ္တရာကျမ်းဂန် အလိုအားဖြင့် မှတ်ရမည်။

လင်ယောကျ်ားမရှိသော အမျိုးသမီးသည် ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်သည်ဟု လောကီကျမ်းဂန် အလိုအားဖြင့် မှတ်ရမည်။

**လောကုတ္တရာကျမ်းဂန်နှင့် လောကီကျမ်းဂန် ညီညွတ်အောင်ယူနည်း**

လင်ယောကျ်ားရှိသော အမျိုးသမီးသည် မိမိလင်မဟုတ်သော ယောကျ်ား တစ်ဦးဦးနှင့် ပျော်ပါးလျှင် ကာမေသုမိစ္ဆာစာရကံ အစစ်ဖြစ်၏။

လင်ယောကျ်ားမရှိသော အမျိုးသမီးသည် ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးလျှင် ကာမေသုမိစ္ဆာစာရကံ အတုဖြစ်၏ဟု ယူလိုက်လျှင် လောကုတ္တရာ ကျမ်းဂန်နှင့် လောကီကျမ်းဂန်ညီညွတ်သွားမည်။

လောကုတ္တရာ ကျမ်းဂန်အလို– လင်မရှိသော အမျိုးသမီးသည် ယောကျ်ား တစ်ဦးဦးနှင့် ပျော်ပါးရာ၌ ကာမေသုမိစ္ဆာစာရကံ မထိုက်ဟုဆိုခြင်းသည် အစစ် ကာမေသုမိစ္ဆာစာရကံ မထိုက်၊ အတု ကာမေသုမိစ္ဆာစာရကံတော့ ထိုက်သည်ဟု အဓိပ္ပာယ်ယူရမည်။

မိစ္ဆာကမ္မန္တမဂ္ဂင်၊ မိစ္ဆာအာဇီဝမဂ္ဂင် နေရာ၌ ကာမေသုမိစ္ဆာစာရကံ အတု၊ အစစ် (၂) မျိုးယူရမည်။

ယောကျ်ားများ မိမိကာမပိုင်မိန်းမနှင့် ပျော်ပါးရာ၌ ကာမေသုမိစ္ဆာစာရကံ မထိုက်၊ မိမိရဲ့ကာမပိုင်၊ မိန်းမမဟုတ်သော အခြားသောမိန်းမနှင့် ပျော်ပါးလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏။

သားမျိုးသန့်သန့်ကို အလိုရှိသော မြင်းမပိုင်ရှင်သည် သားမျိုးသန့်သန့် ပေးနိုင်သော မြင်းထီးပိုင်ရှင်အား ငွေကြေးပေးရသကဲ့သို့ သားမျိုးသန့်သန့်ကို အလိုရှိသော အမျိုးသမီးများသည် သားမျိုးသန့်သန့်ပေးနိုင်သော ယောကျ်ားအား ငွေကြေးပေး၍ သားမျိုးကောင်းရအောင် အချို့အရပ်ဒေသ၌ ပြုလုပ်ကြသည်။ သားမျိုးသန့်သန့် ပေးနိုင်သော မြင်းထီးပိုင်ရှင်သည် ငွေကြေးယူ၍ သားမျိုး ပေးခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းအတွက် ပြုလုပ်သကဲ့သို့၊ သားမျိုး သန့်သန့်ပေးနိုင်သော ယောကျ်ားသည် ငွေကြေးယူ၍ သားမျိုးပေးခြင်း အလုပ် ဖြင့် အသက်မွေးဝမ်းကျောင်းအတွက် ပြုလုပ်သည်။ ထိုသို့အမျိုးသမီးက သား မျိုးသန့်သန့်ရအောင် ငွေကြေးပေး၍ သားမျိုးသန့်သန့်ပေးနိုင်သော ယောကျ်ား သည် ငွေကြေးကိုယူ၍ သားမျိုးပေးခြင်းအလုပ်ဖြင့် အသက်မွေးမြူခြင်းအလုပ် ကို ပြုလုပ်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် ပြုလုပ်ခြင်းဖြစ်သည်ဟု မှတ်ရမည်။

တစ်နည်း.....အမျိုးသမီးသည် မိမိအလိုရှိသော ယောက်ျားအား ငွေကြေးပေး၍ ပျော်ပါး၏။ အမျိုးသမီးအလိုရှိသော ယောက်ျားသည် အမျိုးသမီးပေးသော ငွေကြေးကို ယူ၍ အမျိုးသမီး အလိုရှိတိုင်း အမျိုးသမီး၏ အလိုအာသာကို ဖြည့်၍ပေး၏။ ထိုသို့ငွေကြေးကို ယူ၍ အမျိုးသမီး၏ အလိုအာသာကို ဖြည့်၍ပေးသော ယောက်ျားသည် အသက်မွေးဝမ်းကျောင်းအတွက် ပြုလုပ်သော ယောက်ျားဖြစ်သည်ဟု မှတ်ရမည်။

ငွေကြေးမယူဘဲ သက်သက်ကာမဂုဏ်စည်းစိမ်ကို ခံစားလို၍ မိမိကာမပိုင် အမျိုးသမီးမှတပါး အခြားသော အမျိုးသမီးနှင့် ပျော်ပါးခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် ပျော်ပါးခြင်းမဟုတ်ဟု မှတ်ရမည်။

ရေးပြခဲ့ပြီးသော အမိပ္ပာယ်တို့တွင် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ လိမ်ညာပြောဆိုခြင်းကို မိစ္ဆာဝါစာမဂ္ဂင်ထဲသွင်းယူ၍ အသက်မွေးဝမ်းကျောင်း အတွက် လိမ်ညာပြောဆိုခြင်းကို မိစ္ဆာအာဇီဝမဂ္ဂင်ထဲ သွင်း၍ယူရမည်။

သတ်၊ ဖြတ်၊ ခိုး၊ တိုက်ခြင်းတို့သည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်လျှင် မိစ္ဆာကမ္မန္တမဂ္ဂင်ထဲ သွင်းယူ၍ သတ်၊ ဖြတ်၊ ခိုး၊ တိုက်ခြင်းသည် အသက်မွေးဝမ်းကျောင်းအတွက် ဖြစ်လျှင် မိစ္ဆာအာဇီဝမဂ္ဂင်ထဲ သွင်း၍ယူရမည်။

အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ မိမိကာမပိုင် လင်ယောက်ျား မဟုတ်သော ယောက်ျားတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာကမ္မန္တမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ မိမိကာမပိုင်လင်ယောက်ျား မဟုတ်သော ယောက်ျားတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှ ရှောင်ကြဉ်၍နေခြင်းသည် ဘုရားနှစ်သက်သော သမ္မာကမ္မန္တမဂ္ဂင်မည်၏။

**မှတ်ချက်** ဤကား ကာမပိုင်လင်ယောက်ျားရှိသော အမျိုးသမီးများအတွက် ရည်ညွှန်း၍ ရေးခြင်းဖြစ်သည်။

မိမိကာမပိုင်လင်ယောက်ျားမရှိသော အမျိုးသမီးသည် အသက်မွေးဝမ်းကျောင်း အတွက် မဟုတ်ဘဲ ယောက်ျားတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် ဘုရား မနှစ်သက်သော မိစ္ဆာကမ္မန္တမဂ္ဂင်မည်၏။

မိမိကာမပိုင်လင်ယောကျ်ားမရှိသော အမျိုးသမီးသည် အသက်မွေးဝမ်းကျောင်း အတွက် မဟုတ်ဘဲ ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာကမ္မန္တမဂ္ဂင်မည်၏။

**မှတ်ချက်** ဤကား ကာမပိုင်လင်ယောကျ်ားမရှိသော အမျိုးသမီးများ အတွက် ရည်ညွှန်း၍ ရေးခြင်းဖြစ်သည်။

အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ မိမိကာမပိုင် မယားမဟုတ်သော အမျိုးသမီးတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာကမ္မန္တ မဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ မိမိကာမပိုင်မယားမဟုတ်သော အမျိုးသမီးတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာကမ္မန္တမဂ္ဂင်မည်၏။

**မှတ်ချက်** ဤကား ကာမပိုင်မယားရှိသော လင်ယောကျ်ားများအတွက် ရည်ညွှန်း၍ရေးခြင်းဖြစ်သည်။

မိမိကာမပိုင်မယားမရှိသော ယောကျ်ားသည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ အမျိုးသမီးတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာကမ္မန္တမဂ္ဂင်မည်၏။

မိမိကာမပိုင်မယားမရှိသော ယောကျ်ားသည် အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ အမျိုးသမီးတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာကမ္မန္တမဂ္ဂင် မည်၏။

**မှတ်ချက်** ဤကား ကာမပိုင်မယားမရှိသော ယောကျ်ားများအတွက် ရည်ညွှန်း၍ ရေးခြင်းဖြစ်သည်။

အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ စိတ်ယုတ်မာဖြင့် ဘုရား၊ ပုထိုး၊ စေတီတော်၊ ရုပ်ပွားတော်၊ ဓာတ်တော်၊ ပိဋကတ၊ စာပေကျမ်းဂန်တို့ကို ဖျက်ဆီးခြင်းသည် ဘုရားမနှစ်သက်သော ပရိယာယ်မိစ္ဆာကမ္မန္တမဂ္ဂင် မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ စိတ်ယုတ်မာဖြင့် ဘုရား၊ ပုထိုး၊ စေတီတော်၊ ရုပ်ပွားတော်၊ ဓာတ်တော်၊ ပိဋက၊ စာပေကျမ်းဂန်တို့ကိုဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ်သမ္မာကမ္မန္တမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ ဘုရားတပည့်သား သံဃာတော်တို့ကို ရိုက်ပုတ်ညှဉ်းဆဲခြင်းသည် ဘုရားမနှစ်သက်သော ပရိယာယ်မိစ္ဆာကမ္မန္တမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ ဘုရားတပည့်သား သံဃာတော်တို့ကို ရိုက်ပုတ်ညှဉ်းဆဲခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ်သမ္မာကမ္မန္တမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ မိမိထက် အသက်အရွယ်ကြီး သော ပုဂ္ဂိုလ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိသော ပုဂ္ဂိုလ်တို့ကို ကိုယ်စောင်းတိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသည်တို့ကို ပြုခြင်းသည် ဘုရားမနှစ်သက်သော ပရိယာယ်မိစ္ဆာကမ္မန္တ မဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ မိမိထက် အသက်အရွယ်ကြီးသော ပုဂ္ဂိုလ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိသော ပုဂ္ဂိုလ်တို့ကို ကိုယ်စောင်းတိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ်သမ္မာကမ္မန္တမဂ္ဂင်မည်၏။

ဘုရား၊ တရား၊ သံဃာ ဆိုအပ်သော ရတနာသုံးပါးတို့နှင့် မိမိထက်အသက်အရွယ်ကြီးသောပုဂ္ဂိုလ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိသော ပုဂ္ဂိုလ်တို့ကို အရိုအသေပြုခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ်သမ္မာကမ္မန္တမဂ္ဂင် မည်၏။

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ် စသည်တို့ကို လှူဒါန်းခြင်း အစရှိသော ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ်သမ္မာကမ္မန္တမဂ္ဂင်မည်၏။

**မိစ္ဆာအာဇီဝမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင် အကျယ်အဓိပ္ပာယ်**

အသက်မွေးဝမ်းကျောင်းအတွက် သတ္တဝါကိုသတ်ဖြတ်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် သတ္တဝါကိုသတ်ဖြတ်ခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် သူတစ်ပါးပစ္စည်းကိုခိုးယူ၊ တိုက်ခိုက်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် သူတစ်ပါးပစ္စည်းကိုခိုးယူ၊ တိုက်ခိုက်ခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် မိမိကာမပိုင်လင်ယောကျ်ားမဟုတ်သော ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် မိမိကာမပိုင်လင်ယောကျ်ားမဟုတ်သော ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝ မဂ္ဂင်မည်၏။

မိမိကာမပိုင်လင်ယောကျ်ားမရှိသော အမျိုးသမီးသည် အသက်မွေးဝမ်းကျောင်းအတွက်ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

မိမိကာမပိုင်လင်ယောကျ်ားမရှိသော အမျိုးသမီးသည် အသက်မွေးဝမ်းကျောင်းအတွက်ယောကျ်ားတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် မိမိကာမပိုင်မယားမဟုတ်သော အမျိုးသမီးတစ်ဦးဦးနှင့် ပျော်ပါးခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် မိမိကာမပိုင်မယားမဟုတ်သော အမျိုးသမီးတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

မိမိကာမပိုင်မယားမရှိသော ယောကျ်ားသည် အသက်မွေးဝမ်းကျောင်းအတွက် အမျိုးသမီးတစ်ဦးဦးနှင့်ပျော်ပါးခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

ကာမပိုင်မယားမရှိသော ယောကျ်ားသည် အသက်မွေးဝမ်းကျောင်းအတွက်

အမျိုးသမီးတစ်ဦးဦးနှင့် ပျော်ပါးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက် သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် စိတ်ယုတ်မာဖြင့် ဘုရား၊ ပုထိုး၊ စေတီတော်၊ ရုပ်ပွားတော်၊ ဓာတ်တော်တို့ကို ဖျက်ဆီးခြင်းသည် ဘုရားမနှစ်သက်သော ပရိယာယ် မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် စိတ်ယုတ်မာဖြင့် ဘုရား၊ ပုထိုး၊ စေတီ တော်၊ ရုပ်ပွားတော်၊ ဓာတ်တော်တို့ကို ဖျက်ဆီးခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ် သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် စိတ်ယုတ်မာဖြင့် ဘုရားဟောတော်မူသော ပိဋကစာပေကျမ်းဂန်တို့ကို ဖျက်ဆီးခြင်းသည် ဘုရားမနှစ်သက်သော ပရိယာယ် မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် စိတ်ယုတ်မာဖြင့် ဘုရားဟောတော်မူသော ပိဋကစာပေကျမ်းဂန်တို့ကို ဖျက်ဆီးခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက် သော ပရိယာယ် သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် ဘုရားရှင်၏ တပည့်သားသံဃာတော်တို့ကို ရိုက်ပုတ်ညှဉ်းဆဲခြင်းသည် ဘုရားမနှစ်သက်သော ပရိယာယ် မိစ္ဆာအာဇီဝ မဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် ဘုရားရှင်၏ တပည့်သားသံဃာတော်တို့ကို ရိုက်ပုတ်ညှဉ်းဆဲခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ် သမ္မာအာဇီဝ မဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ မိမိထက် အသက်အရွယ်ကြီး သော ပုဂ္ဂိုလ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိသော ပုဂ္ဂိုလ်တို့ကို ကိုယ် စောင်းတိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသည်တို့ကို ပြုခြင်းသည် ဘုရားမနှစ် သက်သော ပရိယာယ်မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲ မိမိထက် အသက်အရွယ်ကြီး သော ပုဂ္ဂိုလ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိသော ပုဂ္ဂိုလ်တို့ကို ကိုယ်စောင်း တိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော

ပရိယာယ်သမ္မာအာဇီဝမဂ္ဂင်မည်၏။

(၁) သတ္တဝါတို့ကို သတ်ဖြတ်ရန် ပြုလုပ်ထားသော လက်နက်ဟူသမျှကို အသက်မွေးဝမ်းကျောင်းအတွက်ရောင်းဝယ်ခြင်းအမှု ပြုခြင်း။

(၂) အသက်မွေးဝမ်းကျောင်းအတွက် လူကိုကျွန်ဖြစ်စေရန် ရောင်းဝယ်ခြင်း အမှုပြုခြင်း။

(၃) ဝက်၊ ကြက်စသောသတ္တဝါတို့ကို အသက်မွေးဝမ်းကျောင်းအတွက် မွေးမြူ၍ သတ်ဖြတ်သောသူအား ရောင်းခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် ဝက်၊ ကြက်စသော သတ္တဝါတို့ကို ဝယ်ခြင်း၊ သတ်ဖြတ်၍ အသားကို ရောင်းခြင်းအမှုကိုပြုခြင်း။

(၄) ယစ်မူးခြင်းဖြင့် မကောင်းမှုဒုစရိုက်တို့ကို လွယ်လွယ်နှင့် လွန်ကျူးစေတတ်သော ဘိန်း၊ ထန်းခါးရည်၊ အရက်အမျိုးမျိုး စသည်တို့ကို အသက်မွေးဝမ်းကျောင်းအတွက် အရောင်းအဝယ်ပြုခြင်း။

(၅) သတ္တဝါတို့ကို သေတတ်၊ ပျက်စီးတတ်၊ ဆင်းရဲဒုက္ခ ရောက်တတ်သော အဆိပ်ကို အသက်မွေးဝမ်းကျောင်းအတွက် အရောင်းအဝယ်ပြုခြင်း။

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော အမှတ် ၁-၂-၃-၄-၅ပါ စကားရပ်များအတိုင်း အသက်မွေးဝမ်းကျောင်းအတွက် အရောင်းအဝယ်ပြုခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော အမှတ် ၁-၂-၃-၄-၅ပါ စကားရပ်များအတိုင်း မပြုမလုပ်ဘဲရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

**အထူးမှတ်သားဖွယ်**

အမှတ်(၁) အသတ်အဖြတ်ခံရမည့် သတ္တဝါတွေ အသတ်အဖြတ်မခံရရေးအတွက် သတ်ဖြတ်ရာတွင် အသုံးပြုမည့် လက်နက်တို့ကို ဖျောက်ဖျက်ပစ်ရန် ရည်ရွယ်ချက်ဖြင့်ဝယ်ခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ်သမ္မာအာဇီဝမဂ္ဂင် ဖြစ်သည်။

အမှတ်(၂) လူတစ်ယောက်ကို ကျေးကျွန်အဖြစ် အရောင်းအဝယ်ပြုရန် လူနှစ်

ယောက် တစ်ဦးနှင့်တစ်ဦး စကားကမ်းလှမ်းပြောဆိုနေကြသည်ကို တွေ့မြင်ရ၍ ကျေးကျွန်အဖြစ်မရောက်စေရန်နှင့် စိတ်ချမ်းချမ်းသာ သာနေထိုင်သွားစေရန် ရည်ရွယ်ချက်ဖြင့် ဝယ်လိုက်ခြင်းသည် ဘုရား နှစ်သက်သော ပရိယာယ်သမ္မာအာဇီဝမဂ္ဂင် ဖြစ်သည်။

အမှတ်(၃) ဝက်၊ ကြက်၊ ဆိတ် စသော သတ္တဝါများကို သတ်ဖြတ်ရန်အတွက် အရောင်းအဝယ်သဘောဖြင့် တစ်ဦးနှင့်တစ်ဦး စကားကမ်းလှမ်း ပြော ဆိုနေကြသည်ကို တွေ့မြင်ရ၍ အသတ်အဖြတ်ခံရမည့်သေဘေးမှ လွတ်ကင်းပြီး စိတ်ချမ်းချမ်းသာသာနေနိုင်စေရန် ဝက်၊ ကြက်၊ ဆိတ် စသောသတ္တဝါများကို ဝယ်လိုက်ခြင်းသည် ဇီဝိတဒါန သဘောရောက် သဖြင့် ဘုရားနှစ်သက်သော ပရိယာယ်သမ္မာအာဇီဝမဂ္ဂင် ဖြစ်သည်။

အမှတ်(၄) လူပုဂ္ဂိုလ်များ ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ဘဲ ပြုလုပ်နိုင်ရန် နှင့် မူးယစ်ခြင်းဖြင့် ဒုစရိုက်တို့ကို မလွန်ကျူးနိုင်ရန်အတွက် ဘိန်း၊ ထန်းရည်ခါး၊ အရက်အမျိုးမျိုးစသည်တို့ကို ဖျောက်ဖျက်ပစ်မည်ဟူ သော စိတ်ကောင်းသဘောရှိးဖြင့် ထိုက်သင့်သောအဖိုးအခကို ပေး၍ ဘိန်း စသည်တို့ကို ဝယ်လိုက်ခြင်းသည် ဘုရားနှစ်သက်သော ပရိ ယာယ်သမ္မာအာဇီဝမဂ္ဂင် ဖြစ်သည်။

အမှတ်(၅) လူစသော သတ္တဝါများ သေကျေပျက်စီး ဆင်းရဲဒုက္ခရောက်စေတတ် သော အဆိပ်ကို ဖျောက်ဖျက်ပစ်မည်ဟူသော စိတ်ကောင်းသဘောရှိး ဖြင့် ထိုက်သင့်သော အဖိုးအခကိုပေး၍ အဆိပ်ကို ဝယ်လိုက်ခြင်း သည် ဘုရားနှစ်သက်သောပရိယာယ်သမ္မာအာဇီဝမဂ္ဂင်ဖြစ်သည်။

မှတ်ချက် ဤကျမ်းပြုဆရာအလိုအားဖြင့် ကောင်းမွန်သောအရောင်းအဝယ် ဖြင့် လုပ်ကိုင်စားသောက်၍ အသက်ရှင်နေရခြင်းသည် ဘုရား နှစ်သက်သောပရိယာယ်သမ္မာအာဇီဝမဂ္ဂင်ဖြစ်သည်ဟု ယူ၏။

အသက်မွေးဝမ်းကျောင်းအတွက် လိမ်ညာပြောဆိုခြင်းသည် ဘုရားမနှစ်သက် သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် လိမ်ညာပြောဆိုခြင်းမှရှောင်ကြဉ်ခြင်းသည်

ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် ပုဂ္ဂိုလ်နှစ်ဦးတို့၏ ချစ်ကြည်ရေးကိုပျက်စီးစေလိုသဖြင့် ယုံကြည်အောင် ကြံဖန်ပြောဆိုခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် တိုင်းပြည် နှစ်ပြည်တို့၏ ချစ်ကြည်ရေးကို ပျက်စီးစေလိုသဖြင့် ယုံကြည်အောင် ကြံဖန်ပြောဆိုခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် ပုဂ္ဂိုလ်နှစ်ယောက်တို့၏ ချစ်ကြည်ရေး၊ တိုင်းပြည် နှစ်ပြည်တို့၏ချစ်ကြည်ရေးတို့ကို ပျက်စီးစေလိုသဖြင့် ယုံကြည်အောင် ကြံဖန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် ဒေါသစိတ်ဖြင့် ကြမ်းကြမ်းတမ်းတမ်းဆဲဆိုခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်မည်၏။

အသက်မွေးဝမ်းကျောင်းအတွက် ဒေါသစိတ်ဖြင့် ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုခြင်းမှရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

ယုံတမ်းစကားဆိုတတ်သော လူတစ်ယောက်က ငါ့အိမ်တောင်ဘက် စိုက်ထားသောဖရုံပင်တစ်ပင်ရဲ့ တောင်ဘက်ထွက်သွားသော ဖရုံနွယ်က သီးတဲ့ ဖရုံသီးဟာ တစ်ခါဆွတ်လျှင် အလုံးပေါင်း တစ်ထောင်ရရှိရုံမျှမက ဖရုံသီးအ စေ့ပုံမှာလည်း ဖရုံသီးကို ရေနှင့်အတူ အိုးတစ်လုံးတွင်ထည့် မီးဖိုပေါ်တင် ပြုတ်ပြီးလို့ ဓားနဲ့ခွဲစိတ်ထားတဲ့အခါ ကြောင်ကလေးတစ်ကောင်က အမဲသားထင်မှတ်ပြီး ပါးစပ်နှင့်ကိုက်လိုက်သည့်တစ်ပြိုင်နက် ကြောင်ကလေးပါးစပ်မှာ ဖရုံသီးပြုတ်ကပ်နေသဖြင့် ကြောင်ကလေးလက်နှစ်ဖက်ဖြင့် ဖရုံသီးစိတ်ကို ခွာချတဲ့အခါ ကြောင်ကလေးရဲ့ လက်ပါကပ်နေပြန်သဖြင့် တစ်ဖန်ခြေထောက်ဖြင့် တွန်းခွာချတဲ့အခါ ခြေထောက်ပါကပ်နေသည်။ ကြောင်ကလေးရဲ့ပါးစပ်၊ လက်၊ ခြေထောက်ကပ် နေတဲ့ဖရုံသီးစိတ်ကိုပင် ခွေးလေးတစ်ကောင်က အမဲသားအထင်ရှိပြီး ပါးစပ်နှင့် ကိုက်လိုက်သည့် တစ်ပြိုင်နက် ခွေးကလေးရဲ့ပါးစပ်မှာ ဖရုံသီးစိတ်ကပ်နေသဖြင့် ဖရုံသီးစိတ်ကို လက်ခြေတို့ဖြင့် ခွာချပြန်ရာ လက်ခြေတို့ပါကပ်နေသည်။ ကြောင်ကလေး၊ ခွေး

ကလေးများကပ်နေတဲ့ ဖရုံသီးစိတ်ကိုပင် တောကျီးကန်းကြီးတစ်ကောင်က အမဲသားထင်မှတ်ကာ နှုတ်သီးနှင့်ထိုးဆိတ်လိုက်သည်နှင့်တစ်ပြိုင်နက် နှုတ်သီးနှင့် ဖရုံသီးစိတ်ကပ်နေဗိုက် တောကျီးကန်းကြီးသည် ကောင်းကင်သို့ပျံသွားရာ ညောင် ညောင်၊ အိုင် အိုင် အ,ကလောက် အ,ကလောက် ဟူသောအသံတို့ဖြင့် ဆူညံသွားသည် စသည်ဖြင့် ဝတ္ထုထင်ရှားမရှိဘဲ အသက်မွေးဝမ်းကျောင်းအတွက် ကြံဖန်ပြောဆိုခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝ မဂ္ဂင်မည်၏။

ဝတ္ထုထင်ရှားမရှိဘဲ အသက်မွေးဝမ်းကျောင်းအတွက် ကြံဖန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝမဂ္ဂင်မည်၏။

ယခုခေတ် ဝတ္ထုထင်ရှားမရှိဘဲ စာဖတ်ပရိသတ်များယုံကြည်အောင် လှည့်စားပြီး ကိလေသာ၊ တဏှာ တိုးပွားရေးကို အသားပေးရေးထားသော ခေတ်ပေါ်စိတ်ကူးယဉ် အချစ်ဝတ္ထုစာအုပ်စသည်များကို ထုတ်ဝေရောင်းချကြ၏။ ထိုသို့ ထုတ်ဝေရောင်းချကြ၍ ကိလေသာ၊ တဏှာတိုးပွားရုံမျှမက ငယ်ရွယ်သူအမျိုးသား၊ အမျိုးသမီးများ စိတ်ဓာတ်အများဆုံး ပျက်စီးစေနိုင်သော ခေတ်ပေါ်စိတ်ကူးယဉ် အချစ်ဝတ္ထုကို အချို့ကနားထောင်လို၍ ဝတ္ထုဖတ်ကောင်းသူ အမျိုးသား အမျိုးသမီးတို့ကို ငွေကြေးပေး၍ အဖတ်ခိုင်း၏။ အမျိုးသား အမျိုးသမီးများကလည်း ပေးသော ငွေကြေးတို့ကို ယူ၍ အသက်မွေးဝမ်းကျောင်းအတွက် ခေတ်ပေါ်စိတ်ကူးယဉ် အချစ်ဝတ္ထုကို ဖတ်ပြကြ၏။ ဤသို့ဖတ်ပြခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာအာဇီဝမဂ္ဂင်ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းအတွက် ကိလေသာ၊ တဏှာတိုးပွားရေးကို အားပေးသော ခေတ်ပေါ်စိတ်ကူးယဉ်အချစ်ဝတ္ထုကို ဖတ်ပြခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာအာဇီဝ မဂ္ဂင်မည်၏။

သံဝေဂတရားရနိုင်ရန် ဘုရား၊ တရား၊ သံဃာဟု ဆိုအပ်သော ရတနာသုံးပါးကို ကြည်ညိုလေးစားတတ်နိုင်ရန် ဗုဒ္ဓရှင်တော်ဘုရား အလိုတော်အတိုင်း နေထိုင်ပြောဆိုနိုင်ရန်အတွက် တရားပေစာ နာယူလိုသော သူသည် တရားဟောပုဂ္ဂိုလ်အားငွေကြေးပေး၍ ဖိတ်ကြားသောအခါ ငွေကြေးကိုယူ၍ အသက်မွေးဝမ်းကျောင်းအတွက် တရားဟောပြောခြင်းသည် ဘုရားနှစ်သက်သော ပရိယာယ် သမ္မာအာဇီဝမဂ္ဂင်ဖြစ်သည်။

**မိစ္ဆာဝါယာမမဂ္ဂင်၊ သမ္မာဝါယာမမဂ္ဂင် အကျယ်အဝိဂြာယ်**

မိမိခန္ဓာကိုယ်၌ မဖြစ်ဖူးသေးသော အကုသိုလ်တွေကို ဖြစ်လာနိုင်ရန် အားထုတ်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဝါယာမ မဂ္ဂင်မည်၏။

မိမိခန္ဓာကိုယ်၌ မဖြစ်ဖူးသေးသော အကုသိုလ်တွေကို မဖြစ်လာနိုင်ရန် အားထုတ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာဝါယာမ မဂ္ဂင်မည်၏။

မိမိခန္ဓာကိုယ်ဝယ် လူငယ်၊ လူလတ်၊ လူကြီး အရွယ်သုံးပါးတို့၌ ပြုလုပ်ခဲ့ဖူးသော အကုသိုလ်တွေကို ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာနိုင်ရန် အားထုတ်ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာဝါယာမ မဂ္ဂင်မည်၏။

မိမိခန္ဓာကိုယ်ဝယ် လူငယ်၊ လူလတ်၊ လူကြီး အရွယ်သုံးပါးတို့၌ ပြုလုပ်ခဲ့ဖူးသော အကုသိုလ်တွေကို ထပ်ကာ ထပ်ကာ မဖြစ်ပေါ်လာနိုင်ရန် အားထုတ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာဝါယာမ မဂ္ဂင်မည်၏။

မိမိခန္ဓာကိုယ်၌ မဖြစ်ဖူးသေးသော ကုသိုလ်တွေကို ဖြစ်လာနိုင်ရန် အားထုတ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာဝါယာမ မဂ္ဂင်မည်၏။

မိမိခန္ဓာကိုယ်ဝယ် လူငယ်၊ လူလတ်၊ လူကြီး အရွယ်သုံးပါးတို့၌ ပြုလုပ်ခဲ့ဖူးသော ကုသိုလ်တွေကို ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာနိုင်ရန် အားထုတ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာဝါယာမ မဂ္ဂင်မည်၏။

**မိစ္ဆာသတိမဂ္ဂင်၊ သမ္မာသတိမဂ္ဂင် အကျယ်အဝိဂြာယ်**

မိမိခန္ဓာကိုယ်၌ မဖြစ်ဖူးသေးသော အကုသိုလ်တွေကို ဖြစ်ပေါ်နိုင်ရန် အောက်မေ့ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသတိ မဂ္ဂင်မည်၏။

**မှတ်ချက်** လူတစ်ယောက်သည် ညအိပ်ရာတွင် နောက်တစ်နေ့မနက် စီးပွားရှာဖွေရေးအတွက် စဉ်းစားရာ၌– ဝက်၊ ကြက်၊ နွား စသော သတ္တဝါများကို သတ်ပုံ၊ သတ်နည်းနှင့်တကွ သေပြီးလို့ ခုတ်ထစ်ရောင်းချပုံ ရောင်းချနည်း စသည်ဖြင့် ကြံစည်အောက်မေ့ခြင်းသည် မိမိခန္ဓာကိုယ်၌ မဖြစ်ဖူးသေးသော အကုသိုလ်တွေကို ဖြစ်ပေါ်လာရန် အောက်မေ့ခြင်းမည်၏။

မိမိခန္ဓာကိုယ်၌ မဖြစ်ဖူးသေးသော အကုသိုလ်တွေကို မဖြစ်ပေါ်နိုင်ရန် အောက်မေ့ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသတိ မဂ္ဂင်မည်၏။

**မှတ်ချက်** မဖြစ်သေးသော အကုသိုလ်တွေ ဖြစ်ပေါ်လာလျှင် မကောင်း၊ မဖြစ်သေးသော အကုသိုလ်တွေ မဖြစ်ပေါ်နိုင်ရန် ကုသိုလ်ရရာ ရကြောင်း ကောင်းသောအပြောအဆိုများကို ပြောဆိုနေခြင်းနှင့် ကောင်းသောအမှုကိစ္စများကိုလည်း လုပ်နေမပဲ စသည်ဖြင့် ကြံစည်အောက်မေ့နေခြင်းသည် မိမိခန္ဓာကိုယ်၌ မဖြစ်သေးသော အကုသိုလ်တွေကို မဖြစ်ပေါ်လာနိုင်ရန် အောက်မေ့ခြင်းမည်၏။

မိမိခန္ဓာကိုယ်ဝယ် လူငယ်၊ လူလတ်၊ လူကြီး အရွယ်သုံးပါးတို့၌ ပြုလုပ်ခဲ့ဖူးသော အကုသိုလ်တွေကို ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာနိုင်ရန် အောက်မေ့ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသတိ မဂ္ဂင်မည်၏။

**မှတ်ချက်** လွန်ခဲ့ပြီးသော နှစ် လ ရက်တို့က ဝက် ကြက် နွား ဆိတ် ယုန် စသော သတ္တဝါများကို သတ်ဖြတ်ပုံ သတ်ဖြတ်နည်းနှင့်တကွ သတ်ဖြတ်ပြီးလို့ ရောင်းချပုံ ရောင်းချနည်းစသည်ဖြင့် အတိတ်က မိမိပြုခဲ့ဖူးသော အကုသိုလ်တွေကို အသစ်တဖန် ထပ်ကာထပ်ကာ ဖြစ်ပေါ်လာစေရန် အောက်မေ့ခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသတိမဂ္ဂင်မည်၏။

ယခုဘဝ၌ လွန်ခဲ့ပြီးသော နှစ် လ ရက် အချိန်ပိုင်းတို့က မိမိပြုလုပ်ခဲ့ဖူးသော အကုသိုလ်တွေကို ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာရန် အောက်မေ့ခြင်းမည်၏။

မိမိခန္ဓာကိုယ်ဝယ် လူငယ်၊ လူလတ်၊ လူကြီး အရွယ်သုံးပါးတို့၌ ပြုလုပ်ခဲ့ဖူးသော အကုသိုလ်တွေကို ထပ်ကာထပ်ကာ မဖြစ်ပေါ်လာနိုင်ရန် အောက်မေ့ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသတိ မဂ္ဂင်မည်၏။

**မှတ်ချက်** ပြုလုပ်ခဲ့ပြီးသော အကုသိုလ်တွေဖြစ်လာလျှင် မကောင်း၊ ပြုလုပ်ခဲ့ပြီးသော အကုသိုလ်တွေ မဖြစ်ပေါ်လာနိုင်ရန်အတွက် ကုသိုလ်

ရရာရကြောင်းဖြစ်သော ကောင်းသောအပြောအဆိုများကို ပြော ဆိုနေခြင်းနှင့် ကောင်းသောအမှုကိုလည်း ပြုလုပ်နေမှပဲ စသည် ဖြင့် ကြံစည်အောက်မေ့နေခြင်းသည် မိမိပြုလုပ်ခဲ့ဖူးသော အကုသိုလ်တွေ ထပ်ကာထပ်ကာ မဖြစ်ပေါ်လာရန် အောက်မေ့ ခြင်း မည်၏။

မိမိခန္ဓာကိုယ်၌ ယခုဘဝမဖြစ်ဖူးသေးသော (ဝါ) ယခုဘဝ မပြုဖူးသေးသော ကုသိုလ်တွေ ဖြစ်ပေါ်လာနိုင်ရန် အောက်မေ့ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသတိမဂ္ဂင်မည်၏။

မှတ်ချက် ကျွန်ုပ်သည် အသက်ရှိနေသော ယခုအချိန်ထိ ဒါနပြုလုပ်ခြင်း၊ သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ခြင်းများ ကို ပြုလုပ်ဖို့ဝေးစွ စိတ်ကူးပင်မထည့်မိခဲ့ပေ၊ ကျွန်ုပ်နောက် နောက်က မပြုလုပ်ခဲ့ရသေးသော ဒါန၊ သီလ၊ ကမ္မဋ္ဌာန်းဘာဝနာ များကို ပြုလုပ်ဖို့အချိန်တန်ပြီ စသည်ဖြင့် ကြံစည်အောက်မေ့ ခြင်းသည် ယခုဘဝမပြုလုပ်ရသေးသော ကုသိုလ်တွေ ဖြစ်ပေါ် လာရန် အောက်မေ့ခြင်းမည်၏။

ကျွန်ုပ်သည် မည်သည့်ဒါန၊ မည်သည့်သီလ၊ မည်သည့်ဘာဝနာ ကုသိုလ် တွေကို ယနေ့တိုင်အားထုတ်ဖူးပြီ၊ ဒါနကို ပြုခဲ့ပုံ ပြုခဲ့နည်း၊ သီလကို ဆောက်တည် ခဲ့ပုံ ဆောက်တည်ခဲ့နည်း၊ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ခဲ့ပုံ အားထုတ်ခဲ့နည်း စသည်ဖြင့် အတိတ်ကာလက ပြုခဲ့ဖူးသော ကုသိုလ်တွေကို အကြိမ်ကြိမ် ဖြစ်ပေါ် လာနိုင်ရန် အောက်မေ့ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသတိမဂ္ဂင် မည်၏။

တစ်နည်း....ကာယာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း စိတ္တာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းတို့ကို "သတိ" နှင့် ကမ္မဋ္ဌာန်း ထိုင်နေခြင်းသည် ဘုရားနှစ် သက်သော သမ္မာသတိမဂ္ဂင်မည်၏။

"သတိ" နှင့် ဒါနကို ပြုလုပ်၍နေခြင်း၊ "သတိ" နှင့် သီလကို ဆောက်တည်၍

နေခြင်းသည် ဘုရားနှစ်သက်သော သမ္မာသတိမဂ္ဂင် မည်၏။

**မှတ်ချက်** ဆိုလိုရင်းမှာ "သတိ" နှင့် ကုသိုလ်တွေကို ပြုလုပ်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသတိမဂ္ဂင် မည်၏။

**မိစ္ဆာသမာဓိမဂ္ဂင်၊ သမ္မာသမာဓိမဂ္ဂင် အကျယ်အဓိပ္ပာယ်**

နက်ဖြန်ခါတွင် နွား၊ ဝက်၊ ကြက်၊ ဆိတ် စသော သတ္တဝါများကို သတ်ဖြတ်ပုံသတ်ဖြတ်နည်းနှင့်တကွ သတ်ဖြတ်ပြီးပါက အရသာရှိအောင် ဘယ်လိုချက်စားမည် စသည်ဖြင့် ကြံစည်၍ရသော အကုသိုလ်အာရုံ တစ်မျိုးထဲ၌ စိတ်တည်ကြည်မှုဖြစ်စေရန် ကြံစည်၍ရသော အကုသိုလ်အာရုံမှတပါး အခြားအာရုံ၌ စိတ်မသွားနိုင်ရန် မိမိကြံစည်၍ရသော အကုသိုလ်အာရုံထဲ၌ စိတ်စူးစိုက် ငြိမ်သက်စေရန်အတွက် ထားခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသမာဓိမဂ္ဂင်မည်၏။

လွန်ခဲ့သော တစ်ချိန်က ပြုခဲ့ဖူးသော အကုသိုလ်တွေကို တစ်ဖန်ထပ်၍ အောက်မေ့ကြံစည်ရာဝယ် မိမိအောက်မေ့ကြံစည်၍ရသော အကုသိုလ်အာရုံ တစ်မျိုးထဲ၌ စိတ်ကို စူးစိုက်ထားခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသမာဓိမဂ္ဂင်မည်၏။

**မှတ်ချက်** ဆိုလိုရင်းမှာ– အကုသိုလ်ဖြစ်မည့် အာရုံတစ်မျိုးမျိုးထဲ၌ စူးစူးစိုက်စိုက် စိတ်ငြိမ်သက် တည်ကြည်နေခြင်းသည် ဘုရားမနှစ်သက်သော မိစ္ဆာသမာဓိမဂ္ဂင်မည်၏။

ကုသိုလ်ဖြစ်မည့် အာရုံတစ်မျိုးမျိုးထဲ၌ စူးစူးစိုက်စိုက် စိတ်ငြိမ်သက်တည်ကြည်နေခြင်းသည် ဘုရားနှစ်သက်သော သမ္မာသမာဓိမဂ္ဂင်မည်၏။

မိမိပြုလုပ်သော ဒါန၊ မိမိဆောက်တည်သော သီလ၊ မိမိအားထုတ်သော ကမ္မဋ္ဌာန်းတို့၌ စိတ်ငြိမ်သက်တည်ကြည်ခြင်းသည် ဘုရားနှစ်သက်သော သမ္မာသမာဓိမဂ္ဂင်မည်၏။

ယခုဘဝ၌ ဖြစ်ပြီးအာရုံ၊ ဖြစ်ဆဲအာရုံ၊ ဖြစ်လတ္တံ့အာရုံတွေကို ကြံစည်ရာ၌ စိတ်ငြိမ်သက်တည်ကြည်ခြင်းသည် သမာဓိမဂ္ဂင်မည်၏။

အကုသိုလ်ဖြစ်မည့် အာရုံ၌ စိတ်ငြိမ်သက်တည်ကြည်နေလျှင် မိစ္ဆာသမာဓိ

မဂ္ဂင်ခေါ်၏။

ကုသိုလ်ဖြစ်မည့် အာရုံ၌ စိတ်ငြိမ်သက်တည်ကြည်နေလျှင် သမ္မာသမာဓိမဂ္ဂင်ခေါ်၏။

လွန်ခဲ့ပြီးသော တစ်ချိန်က မိမိပြုလုပ်ခဲ့ဖူးသော ကုသိုလ်၊ အကုသိုလ်ကို ကြံစည်၍ရသော အာရုံသည် ဖြစ်ပြီးအာရုံမည်၏။

မိမိ ယခုပြုလုပ်ဆဲ ကုသိုလ်၊ အကုသိုလ်ကို ကြံစည်၍ရသော အာရုံသည် ဖြစ်ဆဲအာရုံမည်၏။

နက်ဖြန်၊ သန်ဘက် စသည်ဖြင့် နောက်တစ်ချိန် ပြုလတ္တံ့ ကုသိုလ်၊ အကုသိုလ်ကို ကြံစည်၍ရသော အာရုံသည် ဖြစ်လတ္တံ့အာရုံမည်၏။

မဂ္ဂင်ရှစ်သွယ် မှတ်သားဖွယ်ပြီး၏။

❖

# နိဂုံးနှင့် ပဏ္ဏနာ

ပျော်ဘွယ်မြို့ ကန်မြင့်တောရကျောင်းတိုက်၌ သီတင်းသုံးနေထိုင်လျက်ရှိသော ကျမ်းပြုဆရာတော်သည် သိက္ခာ (၄၃) ဝါ ရပြီးသည့်အချိန်တွင် ကမ္ဘာသူ၊ ကမ္ဘာသားတို့ ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော် ပထဝီပညာတစ်ရပ်အနေဖြင့် အလွယ်တကူ သဘောပေါက်နားလည်မှတ်သားပြောဆိုနိုင်ရန် စေတနာဖြစ်ပေါ်လာသည့် အလျောက် စာမူကြမ်း ရေးသားစီရင်သော ဤ **"ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီမြေပုံကျမ်း"** သည် ကောဇာသက္ကရာဇ် ၁၃၂၂-ခုနှစ် ဝါဆိုလအတွင်း စာမူချော ပြန်လည်ပြုပြင် ရေးသားခြင်းနှင့်အတူ သရုပ်ဖော်ရုပ်ပုံပေါင်း မြောက်မြားစွာကိုပါ ရေးဆွဲ၍ ခပ်သိမ်းအန္တရာယ်မငြိတွယ်ဘဲ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ခဲ့လေပြီ။

ဤ **"ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီ မြေပုံကျမ်း"** ကို ရေးသားစီရင်ရသော ကုသိုလ်ကောင်းမှုကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့ သဘောပိုင်ပိုင် သိလွယ်နိုင်ရန် ဗုဒ္ဓရှင်တော်ဘုရားအလိုတော် ပထဝီပညာရပ်များကို ခေတ်နှင့်အညီ ရေးစီရင်၍ ထားသော "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီ မြေပုံကျမ်း" ထက်သာလွန်ကောင်းမြတ်သော ဗုဒ္ဓရှင်တော်ဘုရားအလိုတော် ပထဝီဆိုင်ရာ ကျမ်းစာအုပ်များ ထွက်ပေါ်လာပါက "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီ မြေပုံကျမ်း" သည် အလိုအလျောက် ကွယ်ပျောက်ပါစေသတည်း။

ဤသို့ မျှော်တိုင်းမထွက်ပေါ်နိုင်က စေတနာရှေ့ရှုရေးကာပြုသည့် "ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီ မြေပုံကျမ်း" သည် ကျောက်တိုင်အလား ခိုင်ခံ့ငြားသို့ သာသနာငါးထောင် ရှည်မြင့်ကြာအောင် တည်တံ့ခိုင်မြဲနေသည်နှင့်အမျှ ဗုဒ္ဓရှင်တော် ဟောဖော်မိန့်မှာ ပထဝီပညာကို လက်ခံမှတ်သားနိုင်သည့် အသိဉာဏ်ပွားသူ တိုးတက်ပေါ်များပါစေသတည်း။

ကမ္ဘာသူ၊ ကမ္ဘာသား ဖြစ်ကြကုန်သော နတ်ရော၊ လူပါ၊ သတ္တဝါအပေါင်းတို့သည် ထာဝစဉ် ကိုယ်စိတ်နှစ်ဖြာ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ ရှိကြကုန်၍ မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သည့် ကောင်းမြတ်သော လောကီစည်းစိမ်ဥစ္စာ ရတနာ၊ လောကုတ္တရာ စည်းစိမ် ဥစ္စာရတနာတို့သည် တစ်နေ့တခြား ဒီရေအလားသို့ တိုးပွားကြပါစေကုန်သတည်း။

ဗုဒ္ဓဝါဒီ ကမ္ဘာ့ပထဝီမြေပုံကျမ်း ပြီးပြီ။

❖